ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**မကောင်းမှုကို ရှောင်ကြဉ်**

အဖော်နည်းသော များသောဥစ္စာရှိသော ကုန်သည်ကြီးသည် ဘေးအန္တရာယ်များသောခရီးကို ရှောင်ကြဉ်သကဲ့သို့လည်းကောင်း၊ အသက်ရှင်လိုသောသူသည် လတ်တလောသေစေတတ်သောအဆိပ်ကို ရှောင်ကြဉ်သကဲ့သို့လည်းကောင်း ပညာရှိသည် မကောင်းမှုကို ရှောင်ကြဉ်ရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၃)

၁၃၇၈ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်၊ တနင်္လာနေ့။ Monday , 17 October 2016 (၈၇၁၇)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် BIMSTEC Retreat အစည်းအဝေးနှင့် BRICS and BIMSTEC Leader´s Outreach Summit သို့ တက်ရောက်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာနာရန်ဒရာမိုဒီက ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

**ဂိုအာ အောက်တိုဘာ ၁၆**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် Hotel Leela ၌ ကျင်းပသည့် ဘင်းမ်စတက်သီးသန့်အစည်းအဝေး BIMSTEC Retreatသို့ တက်ရောက်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဘင်းမ်စတက်သီးသန့်အစည်းအဝေးသို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့အကြီးအကဲများနှင့် အစိုးရအဖွဲ့အကြီးအကဲများအား အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာနာရန်ဒရာမိုဒီက ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်နှင့် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် အစည်းအဝေးကို ကျင်းပသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် Hotel Leela Lawns ၌ ကျင်းပသည့်

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ◆

# ကမ္ဘာ့မြေပေါ်တွင် ငတ်မွတ်ခေါင်းပါးမှုလုံးဝပပျောက်ပြီး စားနပ်ရိက္ခာဖူလုံရေးဖော်ဆောင်ရန် အားလုံးတွင်တာဝန်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၆**

၂၀၁၆ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ရေဆင်းတက္ကသိုလ်များနယ်မြေရှိ စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

အခမ်းအနားတွင် ဒုတိယသမ္မတက လူသားတစ်ယောက်၏ အခြေခံအကျဆုံး လူ့အခွင့်အရေးမှာ အစာရေစာရရှိခံစားခွင့်ဖြစ်ပါကြောင်း၊ အဆိုပါအခြေခံအကျဆုံး လူ့အခွင့်အရေးကို လျစ်လျူရှုခဲ့ပါက လူသားမျိုးနွယ်အတွက် ကြီးမားသော ပေးဆပ်မှုများ ဖြစ်လာနိုင်ပါကြောင်း၊ ထို့ကြောင့် မိမိတို့လက်ထက်တွင် ငတ်မွတ်ခေါင်းပါးမှုကို လုံးဝတိုက်ဖျက်ပစ်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၊ အဖွဲ့အစည်းတစ်ရပ်၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အနေဖြင့် ကမ္ဘာ့မြေပေါ်တွင် ငတ်မွတ်ခေါင်းပါးမှု လုံးဝပပျောက်ပြီး ပစ္စုပ္ပန်နှင့် အနာဂတ်လူသားမျိုးဆက်များ ရေရှည်တည်တံ့သည့် စားနပ်ရိက္ခာဖူလုံမှုကို ရရှိပိုင်ဆိုင်နိုင်ရေးအတွက် ထိန်းသိမ်းဖော်ဆောင်ပေးရန် အားလုံးတွင် တာဝန်ရှိပါကြောင်း။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❐



ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ်အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)



ကြေးမုံ

## အေးချမ်းသာယာသည့် အနာဂတ်ဆီသို့

ကျွန်ုပ်တို့နိုင်ငံသည် ရာစုနှစ်တစ်ဝက်ကျော် မငြိမ်းချမ်းခဲ့။ လက်နက်ကိုင်ပဋိပက္ခများ၊ ဘေးဒုက္ခများကို တိုင်းရင်းသားပြည်သူများ ခံစားခဲ့ကြရသည်။ ခံစားနေကြရသည်။ ထို့ကြောင့် အောင်မြင်သောငြိမ်းချမ်းရေးဆီ တက်လှမ်းကြပြီး တူညီမျှတမှုများကို ပေါင်းစပ်ကာ ဒုက္ခအပေါင်းမှကင်းဝေးအောင် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ကိုယ့်ကြမ္မာကို ကိုယ်ဖန်တီးနိုင်ခွင့် ကိုယ့်ထံတွင်သာရှိသည်။ ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ငြိမ်းချမ်းရေးအကောင်အထည်ဖော်သူတို့၏ အကျိုးအတွက် မဟုတ်၊ တိုင်းရင်းသားပြည်သူအားလုံး၏ အကျိုးဖြစ်သည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသားပြည်သူအားလုံး စုပေါင်းဖွဲ့စည်းနေထိုင်သောနိုင်ငံဖြစ်၍ တိုင်းရင်းသား ပြည်သူအားလုံး ချစ်ကြည်ရင်းနှီးစွာ အတူတကွလက်တွဲရပ်တည်နေထိုင်နိုင်မှသာ စစ်မှန်သော ပြည်ထောင်စုကြီးအဖြစ် ထာဝရရပ်တည်နေထိုင်နိုင်မည်ဖြစ်သည်။

ပဋိပက္ခအရင်းအမြစ်များကိုဖယ်ရှားရန်မှာ ရိုးသားမှု၊ ယုံကြည်မှု၊ ချစ်ကြည်မှု၊ နားလည်မှုတို့ကို ပိုမိုတိုးတက်ကောင်းမွန်လာအောင် စဉ်ဆက်မပြတ် ဆောင်ရွက်ကြရမည်။ တိုင်းရင်းသားများ အချင်းချင်း ကူညီရိုင်းပင်းမှု၊ ဝိုင်းဝန်းကူညီမှု၊ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ပေးရမည်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံသည် ပြည်ထောင်စုမြန်မာနိုင်ငံကြီး ထာဝရငြိမ်းချမ်းရေးရရှိစေရန် အစိုးရနှင့် တိုင်းရင်းသားအဖွဲ့အစည်းများအားလုံး အဖြေရှာဆောင်ရွက်သည့် ကနဦးခြေလှမ်းသာဖြစ်သည်။ လက်တွေ့ အကောင်အထည်ဖော်ရန်မှာ တိုင်းရင်းသားပြည်သူအားလုံးတွင် ကိုယ်စီတာဝန်ရှိသည်။

မငြိမ်းချမ်းသော ရလဒ်များမှာ စိတ်မချမ်းမြေ့ဖွယ်ပင်ဖြစ်သည်။ မငြိမ်းချမ်းသော ဘေးဒုက္ခများကို ခံစားနေရသော တိုင်းရင်းသားပြည်သူများမှာ မိမိတို့၏ အသွေးအသားအရင်း ညီအစ်ကိုမောင်နှမများဖြစ်သည်ဟု ခံယူထားကြမည်ဆိုလျှင် ငြိမ်းချမ်းသောခရီးကို ခဏချင်းပင် ရရှိနိုင်မည်ဖြစ်သည်။ နိုင်ငံသူ နိုင်ငံသားများ အတွက် ကောင်းမွန်သောအနာဂတ်ကို ပုံဖော်ဖန်တီးနိုင်မည့်အရာမှာ ငြိမ်းချမ်းရေးပင်ဖြစ်သည်။ လွတ်လပ်ရေးရရှိပြီးသည်မှာ ၆၈ နှစ်ပင်ကျော်ပြီဖြစ်၍ လူ့သက်တမ်းတစ်ခု တိုင်ခဲ့ပြီဖြစ်သည်။ ထိုသက်တမ်းတစ်ခုအတွင်းတွင် တည်ငြိမ်အေးချမ်းမှုကို တည်ဆောက်နိုင်မှု မရှိသေးခြင်း၊ စည်းလုံးညီညွတ်မှုကိုအပြည့်အဝ မတည်ဆောက်နိုင်သေးခြင်းတို့ကို နိဂုံးတံအဆုံးသတ်ဖို့လိုပြီဖြစ်သည်။

ငြိမ်းချမ်းမှုကိုရရှိစေရန် ဘက်နှစ်ဖက်လုံးက တူညီသောဆန္ဒဖြင့် တစ်သားတည်းဆောင်ရွက်ဖို့ လိုအပ်မည်ဖြစ်သည်။ လက်တွေ့ဖြေရှင်းကြရာတွင် ဆန္ဒနှင့် ဘဝတစ်ထပ်တည်းမကျသည်များလည်းရှိမည်။ ထိုအခါ မှန်မှန်ကန်ကန်သုံးသပ်အဖြေရှာပြီး ဖြစ်ခဲ့ပြီးသည့်ဆိုးမွေများ၊ အတိတ်သမိုင်းကြောင်းများကို ဖော်ထုတ်သင်ခန်းစာယူကာ ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ကျဉ်းမြောင်းသော လူမျိုးရေး အမြင်များ၊ အာဃာတများ၊ ကိုယ်ကျိုးစီးပွားတို့ကို လျှော့ချကြရမည်ဖြစ်သည်။ လူမျိုးစွဲ၊ ဘာသာစွဲ၊ ဒေသစွဲ၊ အယူဝါဒစွဲတို့ကို လျှော့ချကြရမည်ဖြစ်သည်။ တိုင်းပြည်အင်အားသည် ပြည်တွင်းမှာသာရှိသည်။ မတူကွဲပြားမှုများအား ပြည်ထောင်စုစိတ်ဓာတ်အပေါ်တွင် အခြေခံတည်ဆောက်ကာ ညီညီညွတ်ညွတ် ပူးပေါင်းလက်တွဲ ဆောင်ရွက်သွားကြမည်ဆိုလျှင် အောင်မြင်မှုကို မလွဲမသွေရရှိနိုင်မည်ဖြစ်သည်။

အခွင့်အရေးဟူသည် တစ်ကြိမ်တစ်ခါမျှသာ ပေါ်ပေါက်နိုင်သဖြင့် ရရှိလာသော အခွင့်အရေးကို အမိအရ ဆုပ်ကိုင်၍ အောင်မြင်အောင် မဆောင်ရွက်နိုင်လျှင် နောင်ယခုကဲ့သို့ အခွင့်အရေးမျိုး ရရှိနိုင်လိမ့်မည် မဟုတ်သည်ကို သတိပြုရမည်ဖြစ်သည်။

ယခုအခါ ပြည်တွင်းငြိမ်းချမ်းရေးအတွက် အလားအလာကောင်းများကို အစပြုထားပြီဖြစ်သည်။ ရှေ့ဆက်၍ အစိုးရနှင့်တိုင်းရင်းသားအဖွဲ့အစည်းများ ညှိနှိုင်းပေါင်းစပ်အဖြေရှာခြင်းဖြင့် တိုင်းရင်းသားပြည်သူအားလုံး မျှော်လင့်တောင့်တနေသော ခရီးလမ်းသို့ရောက်ရှိနိုင်မည်ဖြစ်သည်။ ဒီမိုကရေစီ၏ အခြေခံသည် bottom up ဖြစ်၍ အခြေခံတည်ဆောက်နိုင်မှုများမှသည် ပြည်ထောင်စုကြီးတစ်ခုလုံးတည်ဆောက်နိုင်မှုဆီသို့ တက်လှမ်းကြရမည်ဖြစ်သည်။ မေတ္တာကို အခြေခံသည့် ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်များ အဆင့်ဆင့်တက်လှမ်း၍ ပြည်သူလူထုတစ်ရပ်လုံး မျှော်လင့်တောင့်တသော ခရီးလမ်းကို ဆက်လက်လျှောက်လှမ်းကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် မတူကွဲပြားသည့် သမိုင်းကြောင်းအခြေခံများမှ ဖြစ်တည်လာကြသည်ဖြစ်၍ စိတ်ရှည်သည်းခံမှု၊ ယုံကြည်မှု၊ နားလည်မှုများကို မဖြစ်မနေတည်ဆောက်ပေးကြရမည်ဖြစ်သည်။ အားလုံးတန်းတူရည်တူအခြေခံမှုအောက်တွင် ညှိနှိုင်းဖြေရှင်းအဖြေရှာခြင်းဖြင့် လိုလားသောပန်းတိုင်သို့ ရောက်ရှိနိုင်မည်ဖြစ်သည်။ ယခု ထိုလမ်းကြောင်းပေါ်တွင် ညီညီညွတ်ညွတ်လျှောက်လှမ်းကြဖို့ပင်ဖြစ်သည်။

ပဋိပက္ခများကိုရှောင်ရှားပြီး အေးငြိမ်းချမ်းသာသောနည်းဖြင့် အဖြေရှာကြဖို့ပင်ဖြစ်သည်။ မကြာသေးသော ကာလကကျင်းပခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ပင်လုံသည် မြန်မာ့သမိုင်းတွင် ထူးခြားလေးနက်မှုအသွင်ဆောင်ပြီး လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ မကြုံစဖူးထူးကဲစွာ တက်ရောက်ဆွေးနွေးညှိနှိုင်း အဖြေရှာသော ညီလာခံကြီးအဖြစ် မြင်တွေ့ခဲ့ကြရပြီဖြစ်သည်။ ကွဲပြားခြားနားမှုအမျိုးမျိုး ထွက်ပေါ်လာခဲ့သော်လည်း တိုင်းရင်းသားပြည်သူအားလုံး၏ ဦးတည်မျှော်မှန်းထားသော အေးချမ်းသာယာသည့် အနာဂတ်ကို အပျောက်မခံဘဲ ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

# (၂၁)ကြိမ်မြောက် အာဆီယံနှလုံးဆေးပညာရှင်များ ညီလာခံဖွင့်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၆**

(၂၁)ကြိမ်မြောက် အာဆီယံနှလုံးဆေးပညာရှင်များညီလာခံ (21st ASEAN Federation of Cardiology Congress) ဖွင့်ပွဲကို အောက်တိုဘာ ၁၄ ရက် နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ရှိ Novotel Hotel ၌ ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။



ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် အာဆီယံနှလုံးရောဂါ ဆရာဝန်များ ကွန်ရက်ဖွဲ့စည်းပြီး ဖွံ့ဖြိုးဆဲနိုင်ငံများ၏ နှလုံးရောဂါဆိုင်ရာ ကုသမှုလုပ်ငန်းများ၊ သုတေသနများ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်စေလိုကြောင်း၊ လက်တွေ့လုပ်ငန်းခွင် လေ့ကျင့်သင်တန်းများ ပူးပေါင်း ဖွင့်လှစ်စေလိုကြောင်း၊ ကုထုံးသစ်များသာမက ကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ကျန်းမာရေး အဆင့်မြှင့်တင်ရေးလုပ်ငန်းများကိုပါ ထည့်သွင်းစဉ်းစား၍ ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာရဲမြနှင့် ပါမောက္ခဒေါက်တာခင်မောင်လွင်တို့က အမှာစကားများ ပြောကြားကြသည်။

ထို့နောက် မလေးရှားနိုင်ငံမှ Dato Dr.RosliMohd Ali က စင်ကာပူနိုင်ငံမှ Dr.Richard Ng ထံ သို့ အာဆီယံ နှလုံးဆေးပညာရှင်များဖက်ဒရေးရှင်း ဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းပေးအပ်ပြီး ဥက္ကဋ္ဌ Dr.Richard Ng က အမှာစကားပြောကြားသည်။

ယင်းနောက် အာဆီယံနိုင်ငံများမှ နှလုံးဆေးပညာရှင်များအား Fellow of Asean Federation of Cardiology (FAsCC) ဘွဲ့များကို ပေးအပ်ပြီး ညီလာခံအထိမ်းအမှတ်ပြခန်းများအား ကြည့်ရှုအားပေးကြသည်။

ညီလာခံကို အောက်တိုဘာ ၁၄ ရက်မှ ၁၆ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာနေဝင်းနှင့် အဖွဲ့ဝင်များအား Novotel Hotel ၌ တွေ့ဆုံပြီး ဆရာဝန် လိုင်စင်သက်တမ်းတိုးရေး၊ ဆေးပညာရှင်များ အရည်အသွေးမြှင့်တင်ရေး၊ ယာယီဆေးကုသလိုင်စင် ထုတ်ပေးရေးဆိုင်ရာကိစ္စရပ်များ၊ ဆေးကောင်စီ ဥပဒေများခေတ်နှင့် လျော်ညီစွာ ပြုပြင်နိုင်ရေးနှင့် ပုဂ္ဂလိက ဆေးကျောင်းများ၊ ဆေးရုံများ အရည်အသွေးထိန်းချုပ်ရေးအတွက် စည်းမျဉ်း၊ စည်းကမ်းများ ပြုပြင်သတ်မှတ်ရေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ ၁၂ ထပ်ဆောင် ယခုငါးထပ်ဆောင် ဆောက်လုပ်မှုနှင့်ပတ်သက်၍ အရည်အသွေးပြည့်ဝပြီး အန္တရာယ်ကင်းသည့် အဆောက်အအုံဖြစ်ရေး၊ ရေပေးဝေမှု၊ ရေသန့်စင်မှုစနစ်များ၊ ဆေးရုံအင်္ဂါရပ်နှင့်အညီ ပါဝင်ရေးတို့ကို မှာကြားခဲ့သည်။

**(သတင်းစဉ်)**

## ဗန်းမော်မြို့နယ်၌ ရဲလုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေး

**ဗန်းမော် အောက်တိုဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမော်မြို့နယ် ရဲတပ်ဖွဲ့ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာရှင်းလင်းပွဲကို အောက်တိုဘာ ၁၅ ရက် မွန်းလွဲပိုင်းက မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဗန်းမော်မြို့နယ် ရဲတပ်ဖွဲ့နယ်မြေအတွင်း ဒုတိယရက် ၁၀၀ စီမံချက်ကာလလုပ်ငန်းစဉ်(၆)ရပ်အပေါ် ဆောင်ရွက်နိုင်မှုအခြေအနေများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနေထွန်းက မူးယစ်ဆေးဝါးမှု၊ လောင်းကစားမှု၊ တရားမဝင်သစ်မှု၊ တရားမဝင်ကျွဲ၊ နွားမှောင်ခိုမှု၊ တရားမဝင်သတ္တုတူးဖော်မှုနှင့် လိုင်စင်မဲ့ မော်တော်ယာဉ်များအကြောင်းကို ဟောပြောရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးဝင်းရွှေ၊ ဦးညီညီဟန်၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ် သတင်းမီဒီယာများ၊ ရပ်မိရပ်ဖများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

ထို့နောက် ရပ်ကွက်/ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများက မိမိတို့၏ကျေးရွာအုပ်စုများမှဖြစ်ပေါ်နေသည့်မူးယစ်ဆေးဝါးနှင့်လူမှုရေး ဖြစ်စဉ်များကိုဆွေးနွေးပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးက ပြဿနာဖြေရှင်းရာတွင် မှုခင်းဆိုင်ရာသတင်းအချက်အလက်များကို အခြေခံသော ရဲလုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ကျော်စွာ(ဗန်းမော်)**

## "အင်းရန့်" ပန်းချီပြပွဲ အင်းတော်၌ကျင်းပ

**အင်းတော် အောက်တိုဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ပန်းချီအနုပညာရှင်များမှကြီးမှူးကျင်းပသည့် ပထမအကြိမ် "အင်းရန့်" ပန်းချီပြပွဲဖွင့်ပွဲကို အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းက မြအင်းသာခန်းမ၌ ကျင်းပသည်။

အဆိုပါ "အင်းရန့်" ပန်းချီပြပွဲတွင် အင်းတော်မြို့နယ်မှပန်းချီအနုပညာရှင် ခုနစ်ဦး၏ ခဲ၊ ရေဆေး၊ ဆီဆေး၊ ACRYLIC ပန်းချီကား ၈၅ ကားနှင့် ကသာ၊ မန္တလေးမြို့တို့မှ ဧည့်သည်ပန်းချီဆရာ ကိုးဦးတို့၏ ပန်းချီကားများကို အောက်တိုဘာ ၁၅ ရက်မှ ၁၇ ရက်အထိ နံနက် ၈ နာရီမှ ည ၉ နာရီထိပြသသွားမည်ဖြစ်သည်။

အဆိုပါပန်းချီပြပွဲသို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဒေါ်ပြုံး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ပန်းချီအနုပညာရှင်များ တက်ရောက်ကြကြောင်း သိရသည်။ **ကိုမင်း(အင်းတော်)**




ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ ၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၀၃၀၊ ဖက်စ် ၀၆၇-၃၆၀၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂၊
မန်နေဂျာ ၀၁-၈၆၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ပြည်တွင်းရေးရာ

### ❒ ကမ္ဘာ့မြေပေါ်မှ

ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်များအတွက် စားနပ်ရိက္ခာလုံခြုံရေးကို အာမခံချက်ပေးနိုင်ရေးအတွက် ပြောင်းလဲနေသော ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမည့် စားနပ်ရိက္ခာထုတ်လုပ်မှုနှင့် စိုက်ပျိုးမှုတို့ကို ပြောင်းလဲကျင့်သုံးခြင်းသည် မိမိတို့၏ သမိုင်းပေးတာဝန်တစ်ရပ်ဖြစ်ပါကြောင်း၊ မိမိတို့၏ ဘုံရည်မှန်းချက်များအောင်မြင်ရေး အထူးသဖြင့် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်သစ်ကို အကောင်အထည်ဖော်ရာ၌ စိန်ခေါ်မှု အများအပြားရှိနေသကဲ့သို့ တစ်ဖက်တွင်လည်း ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများရှိနေသည်ကို သတိချပ်ရန်လိုအပ်ပါကြောင်း။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့တွင် တာဝန်ရှိသည်ကို နားလည်သည့်အပြင် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် နိုင်ငံတကာ၏ ပူးပေါင်းဆောင်ရွက်မှုမရှိဘဲ သီးခြားမရပ်တည်နိုင်သည်ကိုလည်း သတိပြုရန် လိုအပ်ပါကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည်ရှိပြီး စားနပ်ရိက္ခာထုတ်လုပ်မှုအပါအဝင် စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖြစ်ပေါ်ရေးအတွက် နိုင်ငံတော်၏ အမျိုးသားရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် နိုင်ငံတကာ၏ ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်မည်ဖြစ်ပါကြောင်း။

အစိုးရအနေဖြင့် ကျေးလက်နှင့် မြို့ပြအကြား လူမှုစီးပွားဘဝ ကွာဟချက်ကို လျှော့ချပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်နိုင်ရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် သဘာဝသယံဇာတများ စနစ်တကျစီမံခန့်ခွဲရေးတို့ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် စီးပွားရေးမူဝါဒသစ်တစ်ရပ်ကို ချမှတ်ခဲ့ပြီးဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးကို အခြေခံသည့် စက်မှုစီးပွားရေးတစ်ရပ်ဖြစ်ပေါ်လာရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုလုပ်ငန်းကဏ္ဍများ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ထိုသို့ဆောင်ရွက်ခြင်းသည် ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာလုံခြုံရေးနှင့် ထုတ်ကုန်တိုးတက်ရေးတို့ကို ဆောင်ကြဉ်းပေးနိုင်မည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသူ နိုင်ငံသားများ၏ လူနေမှုအဆင့်အတန်း မြှင့်တင်ရေးနှင့် စဉ်ဆက်မပြတ်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ ရရှိနိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်သည့် ဆည်မြောင်း၊ လမ်း၊ တံတား၊ ရထားလမ်းကွန်ရက်၊ ရေအားလျှပ်စစ်စက်ရုံများနှင့် ရေကောင်းရေသန့်ရရှိရေးစီမံချက်များ စသည့် အခြေခံအဆောက်အအုံများ တိုးတက်ကောင်းမွန်ရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ရာသီဥတုပြောင်းလဲမှုဒဏ်ခံခဲ့ရသော ဒေသများရှိ ပျက်စီးဆုံးရှုံးသွားသည့် စိုက်ပျိုးမြေများ ပြန်လည်ထူထောင်ရေးအတွက် မျိုးစေ့များဖြန့်ဝေပေးခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းနှင့် ရိတ်သိမ်းပြီးလုပ်ငန်းစဉ်များအတွက် အထောက်အကူပေးခြင်း၊ ဆည်များ၊ ရေလှောင်ကန်များ၊ ရေသွင်းစနစ်များ ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်နေသကဲ့သို့ တိုင်းပြည်၏ စားနပ်ရိက္ခာ ဖူလုံရေးအတွက် စိုက်ပျိုးမြေများတိုးချဲ့ခြင်း၊ အထွက်တိုးသီးနှံများ စိုက်ပျိုးခြင်း၊ သီးနှံမျိုးစိတ်သစ်များ စိုက်ပျိုးခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ မြေဧရိယာ၏ ၅၀ ရာခိုင်နှုန်းသည် သစ်တောများ ဖုံးလွှမ်းလျက်ရှိသည့်အတွက် မြန်မာ့သစ်တောများသည် ကာဗွန်ဓာတ်ငွေ့စုပ် (carbon sink) ဒေသဖြစ်ပြီး ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုများကို လျှော့ချရေးအတွက် ၎င်းအခြေအနေကို ဆက်လက်ထိန်းသိမ်းပေးသွားရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက မြန်မာနိုင်ငံသည် ရာသီအလိုက် သီးနှံစိုက်ဧကပေါင်း ၅၃ သန်းခန့် စိုက်ပျိုးလျက်ရှိသည့်အနက် ၉၅ ရာခိုင်နှုန်းသည် လုပ်ကွက်ငယ် တောင်သူလယ်သမား မိသားစုများပိုင်ဆိုင်ပါကြောင်း၊ တောင်သူလယ်သမားများသည် အရင်းအနှီး၊ နည်းပညာနှင့် ဈေးကွက်အခွင့်အလမ်း နည်းပါးစွာဖြင့် ပင်ပင်ပန်းပန်း စိုက်ပျိုးမွေးမြူ လုပ်ကိုင်နေကြပါကြောင်း၊ အကျိုးအမြတ် နည်းပါးနေမှုအပေါ် အစိုးရအနေဖြင့် လယ်သမားများ၏ဘဝ သာယာလှပစေရန် သင့်လျော်ကိုက်ညီသော မူဝါဒများချမှတ်ပြီး နိုင်ငံဘဏ္ဍာငွေအပြင် ပြည်ပအကူအညီ အထောက်အပံ့များဖြင့် စိုက်ပျိုးမွေးမြူ ထုတ်လုပ်မှုမှ ဈေးကွက်ရောက်ရှိသည်အထိ ထုတ်လုပ်မှု တန်ဖိုးကွင်းဆက်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ချမှတ်ထားသော မူဝါဒ၊ လုပ်ငန်းစဉ်များနှင့်အညီ ပြည်သူအများစုဖြစ်သည့် စိုက်ပျိုးမွေးမြူသူ တောင်သူလယ်သမားများ တွက်ခြေကိုက် ဝင်ငွေရရှိရေးအတွက် ဒေသအလိုက်၊ နယ်ပယ်အလိုက် ပြုပြင်ပြောင်းလဲမှု အစီအမံများချမှတ်ပြီး နည်းလမ်းပေါင်းစုံနှင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တောင်သူလယ်သမားများလိုအပ်သည့် စိုက်ပျိုးစရိတ်နှင့် အသက်မွေးဝမ်းကျောင်း အရင်းအနှီး၊ သွင်းအားစု၊ နည်းပညာများ ဖြန့်ဖြူးရေးအတွက် နိုင်ငံတော်နှင့် ပုဂ္ဂလိကအပိုင်းတို့မှ ဖြည့်ဆည်းနိုင်ရေး၊ လယ်ယာကုန်ထုတ်အသင်းအဖွဲ့များဖြင့် ဆောင်ရွက်ရေးတို့ကို တွန်းအားပေး ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် မစ္စရှောင်ကျဲဖန်က ဖတ်ကြားပြီး မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေးနှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှု ဗီဒီယိုဖိုင်ကို ပြသသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပြီး စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမအတွင်း ခင်းကျင်းပြသထားသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်များ၏ ဘာသာရပ်အလိုက် ပြခန်းများ၊ ဝန်ကြီးဌာန ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ ဆောင်ပုဒ်မှာ **ပြောင်းလဲရာသီ လိုက်လျောညီ၊ ချိန်ညှိ စိုက်ပျိုးရိက္ခာတိုး** ဖြစ်ပြီး (၈၆)ကြိမ်မြောက် ကုလသမဂ္ဂညီလာခံက ၂၀၁၆ ခုနှစ်ကို **အပြည်ပြည်ဆိုင်ရာပဲမျိုးစုံနှစ်** အဖြစ် သတ်မှတ်ထားသည်။ ၂၀၀၃ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်များကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ လူဦးရေ ၁ ဒသမ ၉ ဘီလီယံ ထိခိုက်ခဲ့ပြီး တစ်ကမ္ဘာလုံး ပျက်စီးဆုံးရှုံးမှုသည် အမေရိကန်ဒေါ်လာ ၄၉၄ ဘီလီယံခန့်ရှိကြောင်း ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့က ခန့်မှန်းထားသည်။ သဘာဝဘေးအန္တရာယ်များကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ လယ်ယာကဏ္ဍ (စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် သစ်တော)၏ ထိခိုက်မှုသည် စုစုပေါင်းစီးပွားရေး ထိခိုက်မှု၏ ၂၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ ဖွံ့ဖြိုးဆဲနိုင်ငံပေါင်း ၄၈ ခုအပေါ် လေ့လာမှုအရ လယ်ယာကဏ္ဍ ပျက်စီးဆုံးရှုံးမှုများအနက် သီးနှံစိုက်ပျိုးရေးတွင် ၄၂ ရာခိုင်နှုန်း၊ မွေးမြူရေးတွင် ၃၆ ရာခိုင်နှုန်းထိရှိကြောင်း ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့က ဖော်ပြထားသည်။

**(သတင်းစဉ်)**



## နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းမိသားစုများ သက်ကြီး အဘိုး အဘွားများအား ဂါရဝပြု

**နေပြည်တော် အောက်တိုဘာ ၁၆**

နေပြည်တော် စည်ပင်သာယာရေး ကော်မတီ ဝန်ထမ်းမိသားစုများ၏ သက်ကြီး အဘိုး အဘွားများအား မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာအရ ဂါရဝပြုပူဇော်ပွဲကို ယနေ့ နံနက်ပိုင်းက ဝန်ထမ်းအိမ်ရာဝင်းအတွင်းရှိ ဓမ္မာရုံ၌ ကျင်းပရာ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမျိုးအောင်နှင့် ဝန်ထမ်းအကြီးအကဲများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ အိမ်ရာဝင်းနှင့် ရွှေနန်းသာ နေ့စားဝန်ထမ်းအိမ်ရာဝင်းအတွင်း နေထိုင်လျက်ရှိသော သက်ကြီးအဘိုး ၁၉ ဦး၊ အဘွား ၃၆ ဦး စုစုပေါင်း ၅၅ ဦးတို့အား သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) အခါသမယဖြစ်သည့် ယနေ့တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်း စဉ်လာအရ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန်နှင့်ဇနီး၊ ကော်မတီဝင်များ၊ အကြီးအကဲများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များက ဂါရဝပြုကန်တော့ကြပြီး ဂါရဝပြု ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြသည်။

အဘိုး အဘွားများကိုယ်စား အသက်(၈၄) နှစ်ရှိ အဘိုး ဦးစန်းရှိန်နှင့် အသက်(၇၆)နှစ်ရှိ အဘွား ဒေါ်ခင်စန်းရည်တို့က ဩဝါဒဆုံးမစကားပြောကြား၍ ဆုတောင်းမေတ္တာများ ပြန်လည်ပို့သခဲ့သည်။

**(၁၀၇)**

# လပြည့်နေ့ည သီတင်းကျွတ်ရေကျော်ပွဲ အထူးစည်ကား

**ရန်ကုန် အောက်တိုဘာ ၁၆**

ကလေးငယ်များ၏ ချားရဟတ်ပေါ်မှ ပျော်မြူးစွာ အော်ဟစ်ဆူညံနေသံများ၊ ဈေးသည်များ၏ ဝယ်သူခေါ်သံများ၊ ဆိုင်တချို့မှ ထွက်ပေါ်လာသည့် တေးသံများနှင့် မီးရောင်စုံများ၏ လင်းလက်နေမှုများက ရေကျော် သီတင်းကျွတ်ည၏ အလှကို ပုံဖော်နေသည်။

"လပြည့်နေ့လည်းဖြစ်၊ ပွဲက ပြီးခါနီးဆိုတော့ ပွဲဈေးလာတဲ့သူ ဒီနေ့ပိုများတယ်"ဟု (၅၁)လမ်းအနီး ဈေးရောင်းနေသည့် ဈေးသည်တစ်ဦးကပြောသည်။

၁၉၄၇ ခုနှစ်မှစတင်ကျင်းပခဲ့သည့် ရေကျော်သီတင်းကျွတ် မီးထွန်းပွဲတော်သည် ၂၀၀၂ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ အကြောင်းအမျိုးမျိုးကြောင့် ရပ်နားခဲ့ရပြီး ၂၀၁၁ ခုနှစ်တွင်မှ ပြန်လည်ကျင်းပခွင့်ရခဲ့ရာ ယခုနှစ်ဆိုလျှင် ခြောက်ကြိမ်မြောက်ရှိပြီဖြစ်သည်။

"အရှေ့ပိုင်းမှာဆို ရေကျော်မီးထွန်းပွဲ၊ အနောက်ပိုင်းမှာဆို လမ်းမတော်ဘက်မှာ ကာတွန်းပြပွဲတွေက နာမည်ကြီးတယ်။ ဟိုးတုန်းက ရေကျော်ပွဲဆို ဇာတ်ကြီး ၁၀ ဘွဲ့ ပြဇာတ်တွေ၊ တေးသရုပ်ဖော်တွေ၊ နှစ်ကိုယ့်တစ်စိတ် အကမျိုးတွေနဲ့ ဒီလိုကျင်းပခဲ့တာ"ဟု ပုဇွန်တောင်မြို့နယ် ရေကျော်ရပ်ကွက်တွင်နေထိုင်သူ ဦးလှမောင်ကပြောသည်။

၁၂ လရာသီပွဲတော်များ၏ ပွဲအစရာသီ သီတင်းကျွတ်လတွင် ကျင်းပသည့် ရေကျော်သီတင်းကျွတ် မီးထွန်းပွဲတော်ကို နှစ်စဉ် နေရာဒေသအသီးသီးမှ လူဦးရေ ၁၀ သိန်းနီးပါးလာရောက်သည့်အတွက် ရန်ကုန်မြို့၏ အစည်ကားဆုံး ပွဲတော်တစ်ခုလည်းဖြစ်သည်။

"ဒီနေ့က လပြည့်နေ့လေ ညနေပိုင်း ရွှေဘုန်းပွင့်ဘုရားလာဖူးတယ်။ ပြီးတော့ ရေကျော်ပွဲဈေး လျှောက်တယ်။ ရန်ကုန်မြို့ရဲ့ အစည်ကားဆုံးပွဲဆိုလည်း မမှားဘူး။ မနှစ်ကနဲ့ ဒီနှစ် မတူဘူး။ ဒီနှစ်က ရပ်ကွက်သုံးခုပေါင်းလုပ်တာလို့ပြောတယ်။ ဒါကြောင့် ပိုစည်တယ်" ဟု သာကေတမြို့နယ်မှ လာရောက်သည့် မအေးခိုင်သန်းက ပြောသည်။

ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော် ဈေးလမ်းတစ်လျှောက် ဘိန်းမုန့်၊ ရေမုန့်၊ မုန့်လင်မယား၊ မုန့်သိုင်းခြိုစသည့် မြန်မာ့ရိုးရာ မုန့်မျိုးစုံရောင်းချသည့် ဆိုင်များ၊ အဝတ်အထည်ရောင်းချသည့်ဆိုင်များ၊ ဝါးဖြင့်ပြုလုပ်ထားသည့် အသုံးအဆောင်ပစ္စည်းဆိုင်များ၊ ချားရဟတ်များ၊ ကလေးများ အကြိုက်ကစားစရာ ရောင်းချသည့်ဆိုင်များကလည်း ရောင်းသူဝယ်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ရေကျော်ပွဲဈေးတွင် အထည်ဆိုင် ဖွင့်လှစ်ရောင်းချနေသည့် ကိုဇော်အထည်ဆိုင်က "မိန်းကလေးဝတ်ဒီဇိုင်းအထည်လေးတွေ၊ ချင်းမိုင်ပစ္စည်းစုံ အကုန်ရောင်းတယ်။ သုံးနှစ်လောက်ရှိပြီ။ ဒီနှစ်အရောင်းအဝယ်က ဈေးသည်များသွားတော့ အရောင်းအဝယ်က မျှသွားတယ်။ ဒီတော့ အရောင်းနည်းနည်းပါးသွားတယ်"ဟု ပြောသည်။

ကာတွန်းဝါသနာရှင်များ အခမဲ့ ဝင်ရောက်ကြည့်ရှုနိုင်ပြီး ကာတွန်းဆရာများမှ အမှတ်တရ ကယ်ရီကေချာရေးဆွဲပေးသည့် သုံးရောင်ခြယ် ကာတွန်းပြခန်းမှ စောနေဝင်းက "ကာတွန်းဆရာတွေက ကယ်ရီကေချာဆွဲပြီး ရန်ပုံငွေရှာကြတာပါ။ သီတင်းကျွတ် ပျော်ပွဲရွှင်ပွဲအနေနဲ့ လာကြတဲ့သူတွေက အမှတ်တရဆွဲကြပါတယ်။ လူပုံစံကို ကာတွန်းပုံလေးတွေနဲ့ ကယ်ရီကေချာ ဆွဲတဲ့အခါကျတော့ သဘောကျပါတယ်။ ပျော်စရာရွှင်စရာ ဖြစ်သွားတာပေ့ါ။ ကာတွန်းဆရာ ငါးဦးက ရေးပေးတာပါ။ သူတို့က ငွေရေးကြေးရေး အဓိကမထားဘဲ ဆွဲခထဲက တစ်ဝက်ကိုလှူတာပါ။ ခုလိုရတဲ့ပိုက်ဆံတွေကို မြန်မာတစ်နိုင်ငံလုံးမှာ လိုအပ်ချက်ရှိနေတဲ့ ရေဘေးကိစ္စမျိုးတွေ၊ စစ်ဘေးရှောင် ကိစ္စမျိုးတွေမှာ လှူတာပါ"ဟု ပြောသည်။

ရပ်ကွက်နေပြည်သူတစ်ဦးဖြစ်သူ ဒေါ်ကြင်ဦးက "ပွဲတော်နောက်ဆုံးရက် ၁၇ ရက် ရောက်မှာကိုတောင် စိုးရိမ်တယ်။ ငယ်ငယ်က သီတင်းကျွတ်ဆိုရင် လူကြီးမိဘတွေ ကန်တော့တယ်။ ပြီးရင် ရတဲ့မုန့်ဖိုးနဲ့ ပွဲဈေးသွားတော့တာပဲ။ အခုတော့ အရင်ကလေးဘဝလို မဟုတ်တော့ပေမယ့် ကိုယ့်ရပ်ကွက်အတွင်း စည်ကားနေတာ ပျော်ပျော်ရွှင်ရွှင်နဲ့ နေရာအနှံ့က လာကြတာမြင်ရတာကိုက စိတ်ချမ်းမြေ့နေတာ" ဟု ပြောသည်။

ရေကျော်သီတင်းကျွတ် မီးထွန်းပွဲတော်ကို အောက်တိုဘာ ၁၃ ရက်မှစတင်၍ မာယာဒေဝီတေးသရုပ်ဖော်များ၊ ဟားတစ်သိုက်အငြိမ့်၊ အိပ်မက်ဆုံရာ တီးဝိုင်းဖျော်ဖြေမှုများဖြင့် ဖျော်ဖြေခဲ့ပြီး အောက်တိုဘာ ၁၇ ရက် ငါးရက်မြောက်နေ့တွင် ဖိုက်စတားအငြိမ့်ဖြင့် ပြည်သူများအား ဖျော်ဖြေရင်း စဉ်လာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့လေသည်။

**သီသီမင်း/ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**






# ထိုင်းဘုရင်ကြီး၏ အသုဘအခမ်းအနားကျင်းပပြီးမှသာ နန်းတင်ပွဲကျင်းပရန် မင်းသား မဟာဗာဂျီရာလောင်ကွန်းပြောကြား

**ဗန်ကောက် အောက်တိုဘာ ၁၆**
ထိုင်းဘုရင် ဘူမိဘော အဒူလျာဒက် ကွယ်လွန်ပြီးနောက် ထီးမွေနန်းမွေဆက်ခံမည့် သားတော် မဟာဗာဂျီရာလောင်ကွန်းက ၎င်းအား နန်းတင်ပွဲကို ခမည်းတော် ဘုရင်ကြီး အသုဘအခမ်းအနား ကျင်းပပြုလုပ်ပြီးမှသာ စတင်ပြုလုပ်စေချင်ကြောင်း ၎င်း၏ဆန္ဒသဘောထားကို ထုတ်ဖော်ပြောကြားခဲ့သည်။

ဘုရင်ကြီး ဘူမိဘော အဒူလျာဒက်သည် နှစ် ၇၀ တိုင်တိုင် ထီးနန်းဆက်ခံ ပြီးနောက် အောက်တိုဘာ ၁၄ ရက်တွင် ကွယ်လွန်အနိစ္စရောက်ခဲ့သည်။

ထိုင်းဝန်ကြီးချုပ် ပရာယုချန်အိုချာက အောက်တိုဘာ ၁၆ ရက် ဗီဒီယိုမိန့်ခွန်းတွင် ထီးနန်းဆက်ခံမည့် မင်းသား မဟာဗာဂျီရာလောင်ကွန်၏ ဆန္ဒသဘောထားကို လေးစားဂုဏ်ယူမိပါကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

မင်းသား မဟာဗာဂျီရာလောင်ကွန်းအနေဖြင့် ထိုင်းဘုရင်ကြီးကွယ်လွန်ပြီးနောက် ထိုင်းပြည်သူများအနေဖြင့် စိုးရိမ်ကြောင့်ကြမှုများမဖြစ်စေရန်နှင့် ပြည်သူများအပေါ် အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ပေးသွားမည့်ဆန္ဒရှိကြောင်း ဝန်ကြီးချုပ်က ဆက်လက်ပြောကြားခဲ့သည်။

ဘုရင့်သားတော် ထီးနန်းမဆက်ခံမီကြားကာလအတွင်း အသက် ၉၆ နှစ်အရွယ် ယခင်ဝန်ကြီးချုပ်ဟောင်း ပရာမ်တင်ဆူလာနန်ဒါက အုပ်ချုပ်မှုတာဝန်များကို ထမ်းဆောင်မည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**

# လူလိုက်ပါသောအာကာသယာဉ် ရှင်ကျိုး-၁၁ အောက်တိုဘာ ၁၇ ရက်တွင် တရုတ်လွှတ်တင်မည်

**ပေကျင်း အောက်တိုဘာ ၁၆**
တရုတ်နိုင်ငံသည် လူလိုက်ပါသော အာကာသယာဉ် တစ်စင်းကို အောက်တိုဘာ ၁၇ ရက်တွင် လွှတ်တင်မည် ဖြစ်ကြောင်း အာကာသရေးရာ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရှင်ကျိုး-၁၁ ဟု အမည်ပေးထားသော အာကာသယာဉ်နှင့်အတူ အမျိုးသားအာကာသယာဉ်မှူး နှစ်ဦးဖြစ်သော ကျင်းဟိုင်ပင်းနှင့် ချန်တုန်တို့ လိုက်ပါကြမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ၏ လူလိုက်ပါသော အာကာသအင်ဂျင်နီယာရေးရာဌာန ဒုတိယညွှန်ကြားရေးမှူးဝူပင်းက ယွေ့ကျန်းဂြိုဟ်တုလွှတ်တင်ရေးဌာန၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ရှင်ကျိုး-၁၁ အာကာသယာဉ်ကို လောင်းမတ်ချ်-၂ အက်ဖ်ဟု အမည်ပေးထားသော ဒုံးပျံယာဉ်ဖြင့် လွှတ်တင်မည်ဖြစ်ကြောင်း ဝူပင်းက ပြောကြားသည်။

အဆိုပါ အာကာသယာဉ်သည် ကမ္ဘာပတ်လမ်းကြောင်းအတိုင်း လည်ပတ်နေသော အာကာသသုတေသန စခန်းယာဉ် တိန်ကောင်း-၂နှင့် နှစ်ရက်အတွင်း ချိတ်ဆက်မည်ဖြစ်ပြီး အာကာသယာဉ်မှူးနှစ်ဦးသည် အာကာသသုတေသန စခန်းယာဉ်အတွင်း ရက်ပေါင်း ၃၀ ကြာမျှ နေထိုင်မည်ဖြစ်သည်။

ယင်းနောက်တွင် ရှင်ကျိုး-၁၁ အာကာသယာဉ်သည် တိန်ကောင်း-၂ ယာဉ်မှ ခွဲထွက်ကာ ကမ္ဘာမြေပြင်သို့ တစ်ရက်အတွင်း ပြန်လာမည်ဖြစ်ကြောင်း ဝူက ပြောကြားသည်။ ရှင်ကျိုး-၁၁ အာကာသယာဉ်၏ ရည်မှန်းချက်များမှာ ကမ္ဘာမြေနှင့် တိန်ကောင်း-၂ ယာဉ်အကြား အာကာသယာဉ်မှူးများနှင့် ပစ္စည်းများကို သယ်ယူပို့ဆောင်ပေးရန်၊ အာကာသသုတေသနစခန်းယာဉ်နှင့် ချိတ်ဆက်မှုကို စမ်းသပ်ရန်နှင့် နည်းပညာသုတေသနပြုလုပ်ရန်ဖြစ်ကြောင်း ဝူက ပြောကြားသည်။ **ရိုက်တာ။**



# ၂၀၁၀ ပြည့်နှစ် လေယာဉ်ပျက်ကျမှုတွင် သေဆုံးခဲ့ရသူ ပိုလန်သမ္မတ၏ရုပ်ကြွင်းကို စစ်ဆေးရန်စီစဉ်

**ဝါဆော အောက်တိုဘာ ၁၆**
ရုရှားနိုင်ငံ၏ ဝေဟင်အတွင်း ၂၀၁၀ ပြည့်နှစ်က ပျက်ကျခဲ့သော လေယာဉ်နှင့်အတူ လိုက်ပါခဲ့သူများ၏ ရုပ်ကြွင်းများအနက် သမ္မတ လိချ်ကာဇင်စကီး၏ ရုပ်ကြွင်းကို ပထမဆုံး စစ်ဆေးသွားမည်ဖြစ်ကြောင်း ကွယ်လွန်ခဲ့သူ သမ္မတ၏ အမြွှာညီအစ်ကို တော်စပ်သူလည်းဖြစ်၊ အာဏာရပါတီ၏ ခေါင်းဆောင်လည်းဖြစ်သူ လာရိုဆလောကာဇင်စကီးက အောက်တိုဘာ ၁၅ ရက်တွင် ပြောကြားသည်။

ပိုလန်သမ္မတ လိချ်ကာဇင်စကီးနှင့် အဖွဲ့ဝင် ၉၅ ဦးပါဝင်သော ကိုယ်စားလှယ်အဖွဲ့လိုက်ပါခဲ့သည့် ဂျက်လေယာဉ်ပျက်ကျခဲ့မှုနှင့်ပတ်သက်၍ တရားဥပဒေနှင့် တရားမျှတရေးပါတီက ယခုနှစ် အစောပိုင်းတွင် စုံစမ်းစစ်ဆေးမှုတစ်ရပ်ကို ပြန်လည်ပြုလုပ်ခဲ့သည်။ လေယာဉ်ပျက်ကျမှုတွင် ပိုလန်နိုင်ငံ၏ ကြည်းတပ်တပ်မှူးများ၊ ဗဟိုဘဏ်အကြီးအကဲနှင့် အမတ်အချို့လည်း သေဆုံးခဲ့ကြရသည်။

လေယာဉ်ပျက်ကျမှုကြောင့် သေဆုံးခဲ့ရသူများ၏ ရုပ်ကြွင်းများနှင့်ပတ်သက်၍ စစ်ဆေးအတည်ပြုမှု ပြုလုပ်နိုင်ရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပိုလန်အစိုးရ ရှေ့နေများက ပြောကြားသည်။ ၂၀၁၀ ပြည့်နှစ် ဧပြီ ၁၀ ရက်က ပိုလန်လေတပ်မှ တူပိုလက် တီယူ-၁၅၄ အမျိုးအစားလေယာဉ်တစ်စင်းသည် ရုရှားနိုင်ငံ စမိုလန့်မြို့အနီး၌ ပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူ ၉၆ ဦးစလုံး သေဆုံးခဲ့ရသည်။

သိပ်သည်းစွာ မြူပိတ်ဖုံးနေချိန်တွင် စမိုလန့်မြို့ရှိ လေဆိပ်၌ ဆင်းသက်ရန် လေယာဉ်မှူးများက ကြိုးပမ်းခဲ့ရာတွင် လေယာဉ်ပြေးလမ်းအလွန် တောအုပ်တစ်ခုအတွင်းသို့ ပျက်ကျခဲ့ခြင်းဖြစ်သည်။ ရုပ်ကြွင်းများကို မည်သူမည်ဝါများအဖြစ် အတည်ပြုနိုင်ရန် စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။ **ရိုက်တာ။**

# အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့ ဟိန္ဒူဘာသာရေးပွဲတစ်ခုတွင် လူပြုံတိုးမှုဖြစ်ပွား၍ လူ ၂၄ ဦးသေဆုံး

**နယူးဒေလီ အောက်တိုဘာ ၁၆**
အိန္ဒိယနိုင်ငံမြောက်ပိုင်းရှိ တံတားတစ်စင်းပေါ်တွင် လူတစ်စုက တံတားကျိုးကျနေသည်ဟု စိတ်ထင်မှတ်ကာ ပြုံတိုးမိခြင်းကြောင့် အနည်းဆုံးလူ ၂၄ ဦးသေဆုံးခဲ့ပြီး ၂၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဗာရာဏသီမြို့ရှိ ဟိန္ဒူဘုရားပွဲတစ်ခုတွင် ဘုရားဖူးများစည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲနေစဉ် ဘုရားဖူးအချင်းချင်း ပြုံတိုးမိခဲ့သည်။ အခင်းဖြစ်ပွားပြီးချိန်တွင် ရဲအရာရှိများက တံတားပေါ်တွင် ရောက်ရှိနေသည့် လူဦးရေများပြားသည့်အတွက် ဘုရားဖူးများအား နောက်ကြောင်းပြန်လှည့်ရန် စေခိုင်းခဲ့ရသည်။ အဆိုပါဘုရားပွဲသို့ ဘုရားဖူး ၃၀၀၀ ခန့်သာ လာရောက်လိမ့်မည်ဟု စီစဉ်ဆောင်ရွက်သူများက ထင်မြင်ခဲ့သော်လည်း ယခုပါဝင်ဆင်နွှဲမှုမှာ ၇၀၀၀၀ ကျော်ခန့်ရှိသည်ဟု ၎င်းတို့က ဆိုသည်။ **အင်န်အိတ်ချ်ကေ။**



# အိုင်အက်စ်အဖွဲ့၏ ဗောအန္တရာယ်မှကာကွယ်ရန်အတွက် တူနီးရှားတပ်ဖွဲ့ဝင်များကို ဗြိတိန်စစ်ရေးလေ့ကျင့်ပေးမည်

**လန်ဒန် အောက်တိုဘာ ၁၆**
အိမ်နီးချင်းလစ်ဗျားနိုင်ငံမှ အစ္စလာမ္မစ်နိုင်ငံတော်(အိုင်အက်စ်) စစ်သွေးကြွများ တူနီးရှားနိုင်ငံအတွင်းသို့ စိမ့်ဝင်ထိုးဖောက်လာခြင်းမရှိစေရန် တားဆီးကာကွယ်နိုင်ရေးအတွက် တူနီးရှားတပ်ဖွဲ့ဝင်များကို စစ်ရေး လေ့ကျင့်ပေးမည့် စစ်ဘက်ဆိုင်ရာတပ်ဖွဲ့ဝင် ၄၀ ကို စေလွှတ်လိုက်ပြီဖြစ်ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီး မိုက်ကယ်ဖယ်လွန်က အောက်တိုဘာ ၁၆ ရက်တွင် ပြောကြားသည်။

စစ်ဆင်ရေးလုပ်ငန်းဆိုင်ရာ အစီအစဉ်ရေးဆွဲခြင်း၊ စစ်ထောက်လှမ်းခြင်း၊ ကင်းထောက်လုပ်ငန်းဆောင်ရွက်ခြင်း၊ ကင်းလှည့်ခြင်းတို့ကို အဓိကထားကာ စစ်ရေးလေ့ကျင့်ပေးမည်ဖြစ်ကြောင်း၊ တူနီးရှားနိုင်ငံရှိ ပင်လယ်ကမ်းခြေတစ်နေရာ၌ တိုက်ခိုက်ခံရမှုကြောင့် ဗြိတိန်နိုင်ငံမှ အပန်းဖြေခရီးထွက်လာသူ ၃၀ သေဆုံးခဲ့ရပြီးချိန်နောက်ပိုင်း မိမိတို့၏တပ်ဖွဲ့ဝင်များကို စေလွှတ်ပေးခြင်းမှာ တတိယအကြိမ်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အာဖရိကမြောက်ပိုင်းရှိ တူနီးရှားနိုင်ငံ၏ မြေထဲပင်လယ်ကမ်းရိုးတန်းဒေသရှိ ဆိုအပ်စ်မြို့၌ လွန်ခဲ့သည့်နှစ် ဇွန်လက ဟိုတယ်တစ်လုံးတိုက်ခိုက်ခံခဲ့ရသည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့သည်။

မိမိတို့၏ မဟာမိတ်နိုင်ငံဖြစ်သော တူနီးရှားနိုင်ငံအား အိုင်အက်စ်အဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုများမှ ကာကွယ်နိုင်ရန် အကူအညီပေးသွားမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဖယ်လွန်က ထုတ်ပြန်သောကြေညာချက်တွင် ဖော်ပြသည်။

**ရိုက်တာ။**

# ဘဂ္ဂဒက်မြို့တွင် အသေခံဗုံးပေါက်ကွဲ၊ အနည်းဆုံး လူ ၃၄ ဦးသေဆုံး

**ဘဂ္ဂဒက် အောက်တိုဘာ ၁၆**
အီရတ်နိုင်ငံဘဂ္ဂဒက်မြို့တွင် အသေခံဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ လူပေါင်း ၃၄ ဦးအနည်းဆုံးသေဆုံးခဲ့ပြီး ၃၀ ထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းများ အရ သိရသည်။

အောက်တိုဘာ ၁၆ ရက်တွင် ရှီးယိုက်မွတ်စလင်များ၏ ထုံးတမ်းဓလေ့တစ်ခုဖြစ်သည့် အာရှူရာပွဲတော်ကို ကျင်းပနေစဉ် အသေခံဗုံးကွဲခဲ့ခြင်းဖြစ်သည်။ ယင်းဗုံးခွဲမှုကို အိုင်အက်စ်စစ်သွေးကြွများက လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု ၎င်းတို့ကတာဝန်ခံပြောကြားခဲ့သည်။

၂၀၁၄ ခုနှစ်ကစပြီး စစ်သွေးကြွများသိမ်းပိုက်ထားသည့် မိုဆူးမြို့ကို အီရတ်တပ်ဖွဲ့များက ပြန်လည်သိမ်းယူရန် ကြိုးစားမှုကို တားမြစ်ဟန့်တားသည့်အနေဖြင့် အိုင်အက်စ်စစ်သွေးကြွများက အသေခံဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်သည်။

အီရတ်တပ်ဖွဲ့များက စစ်သွေးကြွများကို ထိုးစစ်ဆင်တိုက်ခိုက်လျက်ရှိသည်။ ဇွန်လတွင် အိုင်အက်စ်တို့လက်မှ ဖော်လူဂျာမြို့ကို ပြန်လည်သိမ်းပိုက်ယူနိုင်ခဲ့သည်။

သို့သော် အိုင်အက်စ်တို့က ဘဂ္ဂဒက်မြို့နှင့်အနီး ပတ်ဝန်းကျင်နေရာများတွင် အရပ်သားအများစု သေကျေပျက်စီးမှုကိုဖြစ်ပွားစေသည့် အသေခံဗုံးဖောက်ခွဲမှုများ မကြာခဏပြုလုပ်လျက်ရှိသည်။ **အင်န်အိတ်ချ်ကေ။**

# နိုင်ငံတကာမြင်ကွင်း

## ရဲရင့်လင်းလက်

နိုဘယ်လ်ကော်မတီဝင်တွေက နှိုင်းချိန်စဉ်းစားတာတွေကို လျှို့လျှို့ဝှက်ဝှက် လုပ်လွန်းအားကြီးတော့ ဆုံးဖြတ်ချက်တွေထွက်လာရင် အံ့ဩစရာတွေပါဆိုတဲ့ ထင်မြင်ချက်မျိုးရှိခဲ့တာပါ။ ဒီနှစ်မှာလည်း ဒီအစဉ်အလာကို မချိုးဖောက်ခဲ့ပါဘူး။ ကိုလံဘီယာသမ္မတဂျူအန်မန်နျူရယ်ဆန်းတို့စ်ဟာ အရွေးချယ်ခံရနိုင်တဲ့ ပုဂ္ဂိုလ်များ စာရင်းထဲပါနေပေမယ့် အများစုကတော့ အဖြူရောင်ခမောက်များ (White Helmets)ပဲ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရနိုင်တယ်လို့ တွက်ဆခဲ့တာပါ။ အဖြူရောင်ခမောက်များလုပ်အားပေးအဖွဲ့ဟာ ဆီးရီးယားပြည်တွင်းစစ်ပွဲထဲမှာ အပြိုအပျက်တွေကြား ဗုံးတွေကြဲနေတဲ့ကြားထဲက ကူညီကယ်ဆယ်ရေးတွေ လုပ်ပေးနေတဲ့ လုပ်အားပေးအဖွဲ့ပါ။ (အဖြူရောင်ခမောက်များအဖွဲ့က ၂၀၁၆ ခုနှစ်အောက်တိုဘာလအထိ ပြည်သူ ၆၀၀၀၀ ကျော်ကို ကယ်တင်ခဲ့ပြီး Economist ဂျာနယ်ရဲ့ အဆိုအရ အဖွဲ့ဝင်ခြောက်ဦးမှာ တစ်ဦးဟာ ကျဆုံးတာပဲဖြစ်ဖြစ်၊ ဆိုးဆိုးရွားရွား ထိခိုက်ဒဏ်ရာရတာပဲဖြစ်ဖြစ် ဖြစ်ခဲ့တာပါ။ (ဘာသာပြန်သူ) အောက်တိုဘာ ၇ ရက်နေ့က အဖြူရောင်ခမောက်များ လုပ်အားပေးအဖွဲ့ကို ထောက်ခံသူတွေက နိုဘယ်လ်ကော်မတီရဲ့ ဆုံးဖြတ်ချက်ကို စိတ်ပျက်မိတယ်လို့ ပြောခဲ့ပေမယ့် အဖွဲ့ကိုယ်တိုင်ကတော့ ကိုလံဘီယာသမ္မတဆန်းတို့စ်ဆီကို ဂုဏ်ပြုသဝဏ်လွှာပေးပို့ခဲ့ပါတယ်။

အမေရိကန်နိုင်ငံမှာ လေ့ကျင့်သင်ကြားခဲ့သလို ဘိုဂိုတာမြို့ချမ်းသာတဲ့ မိသားစုတစ်စုရဲ့ မျိုးဆက်လည်းဖြစ်တဲ့၊ စီးပွားရေးပညာရှင်ဖြစ်တဲ့ ဂျူအန်မန်နျူရယ်ဆန်းတို့စ်ဟာ သမ္မတအော်ဗားရိုးယူရဘီလက်ထက်မှာ ကာကွယ်ရေးဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့ရာကနေ သမ္မတအဆင့်ကို တက်လှမ်းနိုင်ခဲ့တာပါ။ ကာကွယ်ရေးဝန်ကြီးအဖြစ် ဆန်းတို့စ်ဟာ လက်ဝဲဝါဒီကိုလံဘီယာ သူပုန်နှိမ်နင်းရေးကို အကြီးအကျယ် ဆောင်ရွက်ခဲ့တာပါ။ ဒီနှိမ်နင်းမှုတွေကြောင့် လက်ဝဲဝါဒီကိုလံဘီယာသူပုန်အဖွဲ့ (FARC) ဟာ အင်အားကြီးကို အင်အားပျော့သွားပြီး သူပုန်ခေါင်းဆောင်အတော်များများလည်း အပျောက်ရှင်းခံခဲ့ရတာပါ။

သမ္မတတစ်ယောက်အနေနဲ့ ဆန်းတို့စ်ဟာ သူ့အပေါ် နောက်မျိုးဆက်တွေက ဘယ်လိုရှုမြင်ကြမယ်ဆိုတာကို ပြည်တွင်းစစ်ရပ်စဲရေးအပေါ် လောင်းကြေးထပ် ဆောင်ရွက်ခဲ့ရတာပါ။ ငြိမ်းချမ်းရေးသဘောတူညီချက်ကို ဩဂုတ်လက ကြေညာခဲ့တာပါ။ ဒီငြိမ်းချမ်းရေးသဘောတူညီချက်ဟာ ကျူးဘားနိုင်ငံ ဟာဗားနားမှာ လေးနှစ်ကြာပြုလုပ်ခဲ့တဲ့ ဆွေးနွေးပွဲတွေကနေ ပေါ်ထွက်လာတဲ့အပြီးသတ်ရလဒ်ပါ။ ဒီငြိမ်းချမ်းရေး သဘောတူညီချက်ရဖို့ ကိုလံဘီယာအစိုးရကရော လက်ဝဲဝါဒီသူပုန်(FARC) တွေကပါ ကိုယ့်ဘာသာကိုယ် ချောင်ပိတ်မိနေသလိုဖြစ်နေတဲ့ အခက်အခဲအဟန့်အတားပေါင်းများစွာကို ကျော်ဖြတ်ခဲ့ရတာပါ။

ဒီငြိမ်းချမ်းရေးသဘောတူညီချက်မှာ လက်ဝဲဝါဒီသူပုန်တပ်ဖွဲ့တွေက လက်နက်တွေဘယ်လိုအဆင့်ဆင့် စွန့်လွှတ်မယ်ဆိုတဲ့ အချိန်ဇယားကို ရေးဆွဲပြဋ္ဌာန်းထားပြီး သူပုန်တပ်ဖွဲ့ဝင်တွေအနေနဲ့ သာမန်ပြည်သူတွေကြား အရပ်သားအဖြစ် ဘယ်လိုအခြေချ နေထိုင်ကြမလဲဆိုတာတွေကိုပါ ညှိနှိုင်းသဘောတူညီခဲ့ကြတာပါ။ ဒီညှိနှိုင်းသဘောတူညီချက်အရ တချို့ပုဂ္ဂိုလ်တွေဟာ ရွေးကောက်ပွဲမှာ ပါဝင်ခွင့်ရကြမှာပါ။ ကိုလံဘီယာ ပြည်တွင်းစစ်ကြောင့် ပြည်သူ ၂၂၀၀၀၀ ကျော်တို့ အသက်ဆုံးရှုံးခဲ့ရပြီး ပြည်သူငါးသန်းကျော်က အိုးအိမ်တွေကို စွန့်ခွာပြီး နေရပ်တွေကနေ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရတာပါ။



ဒီငြိမ်းချမ်းရေးဆွေးနွေးပွဲတွေဟာ ပြန်ပေးဆွဲအကျပ်ကိုင်ငွေညှစ်သလို၊ သူပုန်စခန်းတွေမှာ အမျိုးသမီးတွေကို မတရားကျင့်တာလို ကိစ္စရပ်တွေအပါအဝင် မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်ရေးလုပ်ငန်းတွေရဲ့ နောက်ဆက်တွဲဆိုးကျိုးတွေကိုပါ ပြန်တူးဆွနှိုးဆော်ခဲ့သလို ဖြစ်ခဲ့တာပါ။ ကိုလံဘီယာလက်ဝဲသူပုန် (FARC) တွေဟာ ကိုကင်းအရောင်းအဝယ်လုပ်ပြီး အင်အားတည်ဆောက်ခဲ့တာမို့လို့ ကိုလံဘီယာနိုင်ငံမှာ မူးယစ်ဆေးဝါးလုပ်ငန်းဟာ ပြည်တွင်းစစ်နဲ့အတူ ဆယ်စုနှစ်ပေါင်းများစွာအမြစ်တွယ်ခဲ့တာပါ။ သမ္မတဆန်းတို့စ်က လက်ဝဲသူပုန် (FARC) တပ်ဖွဲ့ဝင်တွေအပေါ် ပြင်းပြင်းထန်ထန်အရေးယူမှုတွေ ချမှတ်ပေးရမယ်ဆိုတဲ့ တောင်းဆိုချက်တွေကို လက်မခံဘဲ ပယ်ချခဲ့တာပါ။ သမ္မတဆန်းတို့စ်က သူပုန်တွေကို ဒီလိုသာ အရေးယူခဲ့ရင် ငြိမ်းချမ်းရေးအဖွဲ့ပေါ်ကနေ ပြည်တွင်းစစ်ထဲ ပြန်တွန်းပို့သလိုဖြစ်မယ်လို့ ခုခံရပ်တည်ခဲ့တာပါ။

ငြိမ်းချမ်းရေးသဘောတူညီချက်အပေါ် ဆန့်ကျင်ရေးလှုပ်ရှားမှုတွေဟာ ဒီနှစ်ဆောင်းဦးလောက်မှာ စတင်ဖြစ်ပေါ်လာတာပါ။ ဆောင်းဦးမှာ သမ္မတဟောင်းအော်ဗားရိုးယူရဘီက လက်ရှိသမ္မတဆန်းတို့စ်ဟာ သဘောတူညီချက်ရဖို့ သူပုန်တွေရဲ့ ရာဇဝတ်ပြစ်မှုတွေကို ကျေအေးပေးပြီး သစ္စာဖောက်ခဲ့တာပဲဆိုတဲ့ စွပ်စွဲချက်တွေနဲ့ လူထုဆန့်ကျင်ဆန္ဒပြပွဲကြီးတွေကို လှုံ့ဆော်စည်းရုံးကျင်းပခဲ့ပါတယ်။ ကြည့်ရတာလူထုသဘောထားထောက်ခံမှုတွေမှာ သူတို့သဘောထားကို ပွင့်ပွင့်လင်းလင်းပြောဖို့ ဝန်လေးကြပေမယ့် ကိုလံဘီယာပြည်သူ အတော်များများကလည်း ဒီစွပ်စွဲချက်တွေကို သဘောတူလက်ခံကြပုံပါပဲ။ ဒါကြောင့် လူထုသဘောထား ကောက်ယူတဲ့အဖွဲ့တွေက လူထုဆန္ဒခံယူပွဲ မကျင်းပခင်ကတည်းက ငြိမ်းချမ်းရေးသဘောတူညီချက် ထောက်ခံရေးဘက်က အပြတ်အသတ်အနိုင်ရမယ်လို့ ကြိုတင်ခန့်မှန်းခဲ့တာပါ။ အပြီးသတ်ရလဒ်ကတော့ ငြိမ်းချမ်းရေးသဘောတူညီချက်ဟာ ပွတ်ကာသီကာ ရှုံးနိမ့်ခဲ့ပါတယ်။ ကိုလံဘီယာပြည်သူတွေရဲ့ ၅၀ ဒသမ ၂ ရာခိုင်နှုန်းက ငြိမ်းချမ်းရေးသဘောတူညီချက်ကို ဆန့်ကျင်ခဲ့ကြပါတယ်။

ပြီးခဲ့တဲ့လက လုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ သမ္မတဆန်းတို့စ်က "ငြိမ်းချမ်းရေးသဘောတူညီချက်ထဲမှာ လိုအပ်ချက်အားလုံး ဟန်ချက်ညီညီပါဝင်အောင် လုပ်ထားပါတယ်။ ကျွန်တော်တို့ဟာ တရားမျှတမှုကို ဖြစ်နိုင်သလောက် အပြည့်ဝဆုံးဖြစ်အောင်ရဖို့တော့လိုပါတယ်။ ဒါပေမယ့် ဒီတရားမျှတမှုက ကျွန်တော်တို့ ငြိမ်းချမ်းရေးကို ဆုပ်ကိုင်နိုင်စွမ်းရှိအောင်လည်း စွမ်းဆောင်ပေးနိုင်ဖို့တော့လိုပါတယ်"လို့ ပြောခဲ့ပါတယ်။

ဒါပေမယ့် ငြိမ်းချမ်းရေးသဘောတူညီချက်နဲ့ပတ်သက်ပြီး ပြည်သူလူထုအကြား စိုးရိမ်သောကပွားနေတာကို သမ္မတဆန်းတို့စ်က အသိအမှတ်ပြုခဲ့ပါတယ်။ သမ္မတဆန်းတို့စ်က "ငြိမ်းချမ်းရေးဖော်ဆောင်ရတယ်ဆိုတာ စစ်ပွဲတွေ ဆင်နွှဲတာထက် အများကြီးကို လက်ဝင်ခက်ခဲတာပါ။ ဘာလို့လဲဆိုတော့ ပြည်သူလူထုရဲ့ စိတ်ခံစားချက်တွေကို ပြောင်းလဲဖို့လိုလို့ပါ။ သာမန်ပြည်သူလူထု မဟုတ်ပါဘူး။ စစ်ပွဲရဲ့ ဒဏ်ရာဒဏ်ချက်တွေကို ခံစားခဲ့ရတဲ့ ပြည်သူလူထုပါ။ ဒီလို ပြည်သူတွေကို ခွင့်လွှတ်လာအောင် ကြိုးပမ်းရတာမို့လို့ပါ"လို့ ရှင်းပြခဲ့ပါတယ်။

ဒီတစ်ပတ်မှာတော့ သမ္မတဆန်းတို့စ်ဟာ သမ္မတဟောင်းအော်ဗားရိုးယူရဘီအပါအဝင် အတိုက်အခံနိုင်ငံရေးအင်အားစုတွေနဲ့တွေ့ပြီး ငြိမ်းချမ်းရေး သဘောတူညီချက်ကို လူထုလက်ခံလာအောင် လုပ်နိုင်မယ့် နည်းလမ်းတွေကို ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။ ကျွမ်းကျင်သူတွေရဲ့ အဆိုအရကတော့ နှစ်ဖက်စလုံးဟာ တချို့သူပုန်ခေါင်းဆောင်ဟောင်းတွေကို ပြစ်ဒဏ်ချတာကို အချက်တွေထည့်သွင်းပြီး ငြိမ်းချမ်းရေးသဘောတူညီချက်ကို မြန်မြန်သွက်သွက်ပြင်ဆင်တာမျိုး (ဒါမှမဟုတ်) နှစ်ဖက်ကျေနပ်လက်ခံနိုင်တဲ့ သဘောတူညီချက် မရမချင်း ဆွေးနွေးတာပါ။ တစ်ခုမဟုတ်တစ်ခုကို ရွေးချယ်နိုင်တယ်လို့ သုံးသပ်ကြပါတယ်။ သမ္မတဆန်းတို့စ်ကတော့ သူပုန်တွေနဲ့ ငြိမ်းချမ်းရေးသဘောတူညီချက်ဟာ အောက်တိုဘာ ၃၁ ရက်မှာ သက်တမ်းကုန်ဆုံးတော့မှာကို သတိပေးခဲ့ပါတယ်။

နော်ဝေနိုဘယ်လ်ကော်မတီရဲ့ အမျိုးသမီးဥက္ကဋ္ဌ ကေးဆီကိုးလ်မန် ဖိုက် (Kaci Kullmann Five)က နိုဘယ်လ်ကော်မတီအနေနဲ့ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုကို ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ ပါဝင်ခဲ့တဲ့ သူပုန်ခေါင်းဆောင်တချို့ကိုပါ ပူးတွဲပေးအပ်ရင်မဖြစ်ဘူးလားလို့ မေးခွန်းထုတ်ခဲ့ပါတယ်။ အမည်နဲ့တကွ ပြောရရင် လူထုအကြား ရော့ဒရီဂိုလွန်းဒိုနို (Rodrigo Londono) လို့ လူသိများတဲ့ လက်ဝဲဝါဒီသူပုန် အဖွဲ့ရဲ့ လက်နက်ကိုင်တပ်ဖွဲ့အကြီးအကဲဖြစ်တဲ့ တင်မလီ ယွန်ဂျင်မန်နက်ဇ် (Timoleon Jimenz) လို ပုဂ္ဂိုလ်မျိုးပါ။ နော်ဝေနိုဘယ်လ်ကော်မတီအနေနဲ့ ငြိမ်းချမ်းရေးနိုဘယ်လ် ဆုမရတဲ့ ပုဂ္ဂိုလ်တွေနဲ့ပတ်သက်ပြီး ဝေဖန်ပြောဆိုလေ့မရှိခဲ့ပါဘူး။

ကိုးလ်မန်ဖိုက်က "ဒါပေမယ့် သမ္မတဆန်းတို့စ်ကိုပဲ ဦးစားပေးရွေးချယ်ခဲ့တာက ခိုင်မာတဲ့အကြောင်းပြချက်တွေရှိပါတယ်။ သမ္မတဆန်းတို့စ်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ဦးဆောင်အကောင်အထည်ဖော်ခဲ့တဲ့ ပုဂ္ဂိုလ်ဖြစ်သလို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့တဲ့ ပုဂ္ဂိုလ်ဖြစ်လို့ သမ္မတဆန်းတို့စ် အခန်းကဏ္ဍက အခရာကျပါတယ်" လို့ ရှင်းလင်းပြောဆိုခဲ့ပါတယ်။

လက်ဝဲဝါဒီသူပုန်အဖွဲ့ (FARC) ရဲ့ လက်နက်ကိုင်တပ်ဖွဲ့များ အကြီးအကဲ ရော့ဒရီဂိုလွန်းဒိုနိုက လူထုဆန္ဒခံယူပွဲရလဒ်ကြောင့် ငြိမ်းချမ်းရေးသဘောတူညီချက်ဟာ နောက်ဆုတ်သွားရသလို ဖြစ်ခဲ့ပေမယ့်လည်း ပြည်တွင်းစစ်ကို နိုင်ငံရေးအရ ဖြေရှင်းသွားဖို့ ကတိပြုပြောကြားခဲ့သလို သမ္မတဆန်းတို့စ်နဲ့ ငြိမ်းချမ်းရေး ဆွေးနွေးပွဲဖြစ်မြောက်အောင် ဝိုင်းဝန်းကူညီခဲ့ကြတဲ့ လက်တင်အမေရိကနိုင်ငံတွေရဲ့ ခေါင်းဆောင်တွေကိုလည်း ကျေးဇူးတင်တဲ့အကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။

ဒီနှစ်မှာ နော်ဝေနိုဘယ်လ်ကော်မတီဟာ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုအတွက် ကိုယ်စားလှယ်လောင်း ၃၇၆ ဦးထဲကမှ ဆန်ခါတင်ရွေးချယ်ခဲ့တာပါ။ စိစစ်ခဲ့ရတဲ့ ကိုယ်စားလှယ်လောင်းများတဲ့နေရာမှာ ဒီနှစ်ကတော့ စံချိန်တင်ခဲ့ပါတယ်။ ဒီကိုယ်စားလှယ်လောင်းတွေထဲမှာ ၂၂၈ ဦးက တစ်သီးပုဂ္ဂလတွေဖြစ်ပြီး အဖွဲ့အစည်း ဦးရေက ၁၄၈ ဖွဲ့ရှိပါတယ်။ ငြိမ်းချမ်းရေး နိုဘယ်လ်ဆု ရွေးချယ်ပေးအပ်ခံရမယ့် ကိုယ်စားလှယ်လောင်းတွေကို နိုင်ငံရဲ့အကြီးအကဲတွေ၊ အစိုးရအဖွဲ့ထိပ်ပိုင်းခေါင်းဆောင်တွေနဲ့ ဥပဒေပြုလွှတ်တော်အမတ်တွေက အဆိုပြုတင်ပြခွင့်ရှိပါတယ်။ တချို့တရားသူကြီးတွေနဲ့ ပါမောက္ခတွေလည်း အဆိုပြုခွင့်ရှိသလို အရင့်အရင်နိုဘယ်လ်ဆုရှင်တွေနဲ့ နော်ဝေနိုဘယ်လ်ကော်မတီဝင်တွေပါ အဆိုပြုခွင့်ရှိပါတယ်။ ဒါက အပြည့်အစုံတော့ မဟုတ်ပါဘူး။ အဆိုပြုတင်ပြခွင့်ရှိတဲ့ ပုဂ္ဂိုလ်တချို့ကိုပဲ ကောက်နုတ်တင်ပြခဲ့တာပါ။ ဒီနှစ် ငြိမ်းချမ်းရေးနိုဘယ်လ်ဆုကြေးငွေက ဆွီဒင်ခရိုနာ ရှစ်သန်း၊ ဒေါ်လာငွေနဲ့ပြောရင် ဒေါ်လာ ၉၃၀၀၀၀ ပါ။ ။

✪

## ရသေ့တောင်၊ မောင်တောမြို့နယ်များ၌ လုံခြုံရေးဆောင်ရွက်ပေးနေသော တပ်မတော်နှင့် ပြည်သူ့ရဲများကို ထောက်ခံသည့်အနေဖြင့် စီတန်းလှည့်လည်



**မြေပုံ အောက်တိုဘာ ၁၆**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်နှင့် ရသေ့တောင်မြို့နယ်တို့တွင် အကြမ်းဖက် စီးနင်းတိုက်ခိုက်ခြင်းအပေါ် လုံခြုံရေးဆောင်ရွက်ပေးနေသော တပ်မတော်နှင့် ပြည်သူ့ရဲတို့က နယ်မြေ ရှင်းလင်းခြင်းအပေါ် ထောက်ခံသည့်အနေဖြင့် အမျိုးသမီးကွန်ရက်အဖွဲ့က ဦးဆောင်ပြီး လူထုစီတန်းလှည့်လည်ပွဲကို အောက်တိုဘာ ၁၅ ရက် မွန်းလွဲ ၂ နာရီတွင် မြေပုံမြို့၌ ပြုလုပ်သည်။

စီတန်းလှည့်လည်ပွဲကို မြေပုံမြို့ မြို့ဦးဘုရားမှ စတင်ကာ ဗိုလ်ချုပ်လမ်း၊ ဆရာစံလမ်း၊ ဦးဥတ္တမလမ်းမှ မြို့ဦးဘုရားအထိ အင်အား ၅၀၀ ဖြင့် စီတန်းလှည့်လည်ကာ ရသေ့တောင်၊ မောင်တောနယ်များ၌ နယ်မြေလု အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများအား ရခိုင်ပြည်နယ် လူထုက ရှုတ်ချသည်။

ရသေ့တောင်၊ မောင်တောမြို့နယ်များတွင် လုံခြုံရေးဆောင်ရွက်ပေးနေသော တပ်မတော်နှင့် ပြည်သူ့ရဲများကို အပြည့်အဝ ဆောင်ရွက်ပေး ကြွေးကြော်ပြီး ဆိုင်းဘုတ်များကိုင်ကာ စီတန်းလှည့်လည်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

❖

# သစ်တောများ ပြန်လည်ထူထောင်ရေး

**မင်းခန့်စိုး**

ကမ္ဘာ့သစ်တောပြုန်းတီးမှုအများဆုံး နိုင်ငံများစာရင်းတွင် ပါဝင်နေသည့် မြန်မာနိုင်ငံ၏ သစ်တောများပြန်လည်ထူထောင်ရေးအတွက် ပထမငါးနှစ်စီမံကိန်းကို ၂၀၁၇ ခုနှစ်တွင် စတင်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း၊ သစ်တောများ ပြန်လည်ထူထောင်ရေးစီမံကိန်းကို နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးရှိ ခရိုင် ၆၈ ခရိုင်တွင် ဆောင်ရွက်မည်ဖြစ်ပြီး ပထမငါးနှစ်စီမံကိန်းကာလအတွင်း သစ်တောဖုံးလွှမ်းမှုဧရိယာတိုးတက်ရေး၊ သစ်တောပြုစုထိန်းသိမ်းမှုဆောင်ရွက်ရေး၊ သစ်တောစိုက်ခင်းများတည်ထောင်ရေး၊ ပြုစုထိန်းသိမ်းရေး၊ သဘာဝတောများ အဆင့်မနိမ့်ကျရေး၊ သဘာဝတောများမှ ထုတ်ယူသုံးစွဲနေသည့် ထင်း၊မီးသွေးထုတ်ယူသုံးစွဲမှုလျှော့ချရေး၊ ကျေးရွာသုံးထင်းစိုက်ခင်းထူထောင်ရေးလုပ်ငန်းတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ချက်များကို ဖတ်ရှုရပါသည်။

အဆိုပါသစ်တောများ ပြန်လည်ထူထောင်ရေးစီမံကိန်းကို (၁၀)နှစ်တာရေးဆွဲထားပြီး ပထမငါးနှစ်စီမံကိန်းကို ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ၊ ဒုတိယငါးနှစ်စီမံကိန်းကို ၂၀၂၂ ခုနှစ်မှ ၂၀၂၆ ခုနှစ်အထိ ခွဲခြားသတ်မှတ်ထားပြီး လက်ရှိတွင် တစ်နိုင်ငံလုံး၏ သစ်ထုတ်လုပ်မှုကို တစ်နှစ်ရပ်နားပြီး ပဲခူးရိုးမသစ်ထုတ်လုပ်မှုကို (၁၀)နှစ်အထိ ရပ်နားထားကြောင်း၊ သစ်တောစိုက်ခင်းများတည်ထောင်ခြင်းအပါအဝင် သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်း အကောင်အထည်ဖော်၍ ရန်ပုံငွေနှင့် နည်းပညာအကူအညီများကို ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရပါသည်။

မြန်မာနိုင်ငံ၏ သစ်တောများစနစ်တကျစီမံအုပ်ချုပ်လုပ်ကိုင်ရန်အတွက် မူဝါဒများ၊ ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းရေးဆွဲဆောင်ရွက်ပြီး သစ်တောကဏ္ဍဆိုင်ရာ မဟာဗျူဟာကို ၂၀၀၁ ခုနှစ်မှ ၂၀၃၀ ခုနှစ်အထိ ရေးဆွဲထားသည့် နှစ်(၃၀)ပင်မစီမံကိန်းတွင် သစ်တောနယ်မြေသစ်တောကြိုးဝိုင်းများ၊ ကြိုးပြင်ကာကွယ်တောများ ပါဝင်ပြီး နိုင်ငံတစ်ခုလုံးဧရိယာ၏ ၃၀ ရာခိုင်နှုန်း ဖွဲ့စည်းရမည်ဖြစ်ကြောင်း၊ ထို့အပြင် ဘေးမဲ့တောများ၊ အမျိုးသားဥယျာဉ်များပါဝင်သည့် ဧရိယာကိုနိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်း ဖွဲ့စည်းသတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။

FAO ၏ ငါးနှစ်တစ်ကြိမ် သစ်တောသယံဇာတအကဲဖြတ်ချက်အစီရင်ခံစာတွင် ၂၀၁၀ ခုနှစ်၏အစီရင်ခံစာနှင့် ၂၀၁၅ခုနှစ် ခန့်မှန်းချက်အရ သစ်တောပြုန်းတီးမှု ၄၅ ရာခိုင်နှုန်း ရှိကြောင်းသိရပါသည်။ FAO ၏ သစ်တောဖုံးလွှမ်းမှုဆန်းစစ်ချက်အရ မြန်မာနိုင်ငံ၌ ၂၀၀၀ ပြည့်နှစ်တွင် ၅၁ ဒသမ ၅၄ ရာခိုင်နှုန်း၊ ၂၀၁၀ ပြည့်နှစ်တွင် ၄၆ ဒသမ ၉၆ ရာခိုင်နှုန်းအထိ လျော့ကျခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ၄၂ ဒသမ ၉၂ ရာခိုင်နှုန်းသာရှိကြောင်း၊ ကမ္ဘာပေါ်တွင် သစ်တောပြုန်းတီးမှုအဆိုးရွားဆုံးတတိယမြောက်နိုင်ငံဖြစ်ကြောင်းနှင့် ၂၀၁၀ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ နှစ်စဉ် ဟက်တာ ၅၄၆၀၀၀ ခန့် ပျောက်ဆုံးပြုန်းတီးလျက်ရှိကြောင်း သိရပါသည်။

သဘာဝသစ်တောများမှ သစ်ခိုးထုတ်မှုသည် ဖွံ့ဖြိုးဆဲနိုင်ငံ အများစုရင်ဆိုင်ကြုံတွေ့နေရသည့် ကမ္ဘာလုံးဆိုင်ရာ ပြဿနာဖြစ်ပါသည်။ ၂၀၁၁-၂၀၁၂ ခုနှစ်ကစပြီး ၂၀၁၅ ခုနှစ် ဇူလိုင်လအထိ တစ်နိုင်ငံလုံးသစ်တန်ချိန် ၁၈၀၀၀၀ ဖမ်းဆီးခဲ့ကြောင်း ဌာနမှ သိရပါသည်။ တရားဝင်သစ်ထုတ်မှု၊ တရားမဝင်သစ်ထုတ်မှုများသည် သစ်တောအတန်းအစားကျခြင်းကို ဖြစ်ပေါ်စေပြီး သစ်တောဧရိယာထဲတွင် လူဦးရေတိုးပွားဖွံ့ဖြိုးလာသည်နှင့်အတူ စိုက်ပျိုးမြေများ၊ လမ်း၊တံတားအဆောက်အအုံများ ပိုမိုတိုးချဲ့လာသည်ကို တွေ့ရပါသည်။ တဖြည်းဖြည်း သစ်တောမြေများဆုံးရှုံးမှု ဖြစ်ပေါ်လာရပါသည်။ သစ်တောကြီးများကို နိုင်ငံအတွင်း ခြံစည်းရိုးခတ်ပြီး မထိန်းသိမ်းနိုင်ပါ။ အခက်အခဲများစွာရှိပြီး အစိုးရတစ်ခုတည်း၊ ဌာနတစ်ခုတည်း လုပ်ဆောင်၍မရပါ။ အားလုံးပါဝင်ပြီး ပူးပေါင်းကာကွယ်ထိန်းသိမ်းပြန်လည်စိုက်ပျိုးကြပါက အချိန်မနှောင်းသေးကြောင်း တွေ့ရပါသည်။ ပြည်သူများ၊ ကျေးလက်နေတောင်သူများ၊ ကုမ္ပဏီလုပ်ငန်းရှင်များ အားလုံးပါဝင်ပြီး တစ်ပိုင်တစ်နိုင် သစ်တောစိုက်ခင်းများ၊ သစ်ပင်များစိုက်ပျိုးရန် တစ်ပင်စိုက် တစ်ပင်ရှင်စေရန် စိုက်ရသည်မှာ လွယ်ကူသော်လည်း ထိန်းသိမ်းရခက်သဖြင့် စနစ်တကျစီမံထိန်းသိမ်းကြရန် ဖြစ်ပါသည်။ နှစ်စဉ်ဌာနမှ စိုက်ပျိုးသည့် သစ်ပင်အရေအတွက်မှာလည်း များစွာရှိသော်လည်း ရှင်သန်မှုစိစစ်ရန် လိုအပ်ပါသည်။



ပြင်ဦးလွင်မြို့ လမ်းဘေးတစ်လျှောက် စိုက်ပျိုးထားသော ကြီးမြန်သစ်ပင်စိုက်ခင်း။

> " သစ်လိုအပ်မှုနှင့် စက်မှုလုပ်ငန်းများအတွက် သစ်ကုန်ကြမ်းများရရှိနိုင်မှုအတွက် တစ်ဖက်က နှစ်ရှည်ရတနာတန်းဝင် ကျွန်း၊ ပျဉ်းကတိုး၊ သစ်တောစိုက်ခင်းများ ထူထောင်သကဲ့သို့ ကာလတို ခုတ်ယူအသုံးပြုနိုင်ရန် အကြီးမြန်သစ်တောစိုက်ခင်းများလည်း စိုက်ပျိုးရေးအတွက် လိုအပ်သည်များ ဝိုင်းဝန်းကူညီအားပေးခြင်းဖြင့် သဘာဝသစ်တောများ ပြုန်းတီးမှုအတွက် တစ်ဖက်တစ်လမ်းမှ ကာကွယ်နိုင်ပေမည် "

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်ပါသည်။ စိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံ၏ GDP ၃၅ ရာခိုင်နှုန်း နှစ်စဉ် နေရာယူခြင်းဖြစ်ပါသည်။ 'ဥတုရာသီတောကိုမှီ၏'ဆိုသကဲ့သို့ ရာသီဥတုဖောက်ပြန်မှုများ၊ သဘာဝ ဘေးအန္တရာယ်များကြောင့် စိုက်ပျိုးရေးကို ထိခိုက်စေပြီး တောင်သူများ၏အပိုဝင်ငွေတိုးတက်ရရှိစေရန်နှင့် မိမိသုံးသစ်များရရှိရန် သစ်ပင်သစ်တောများစိုက်ခင်းများအား တစ်ပိုင်တစ်နိုင် စိုက်ကြရန်ဖြစ်ပါသည်။ သစ်တောများရှိခြင်းဖြင့် မိုးရွာသွန်းခြင်း၏ ၃၀ ရာခိုင်နှုန်းကို သစ်တောသစ်ပင်များက ထိန်းသိမ်းထားပါသည်။ သစ်တောဧရိယာ တစ်ဟက်တာတွင် မိုးရေချိန် ကုဗမီတာ ၁၀၀၀ မှ ၂၀၀၀ အထိ စုပ်ယူထိန်းသိမ်းနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံတကာနည်းတူ မိမိနိုင်ငံပိုင် သဘာဝသစ်တောများ လုံးဝခုတ်ယူခြင်းမပြုဘဲ သစ်တောစိုက်ခင်းများထူထောင်ရေး၊ လက်ရှိသစ်တောများထိန်းသိမ်းရေး၊ သီးနှံသစ်တော ရောနှောစိုက်ခင်းများထူထောင်ရေးအား အမျိုးသားရေးတာဝန်တစ်ရပ်ချမှတ်ပြီး မူဝါဒရေးဆွဲဆောင်ရွက်ရမည် ဖြစ်ပါသည်။

ယခုအခါ သဘာဝသစ်တောများ ခုတ်ယူခြင်းမပြုဘဲ သစ်သုံးစွဲမှု အစားထိုးဖြည့်တင်းရန် ပြည်သူအတွက် မည်သို့ဆောင်ရွက်ပေးရမည်ကို စဉ်းစားစရာဖြစ်လာပါသည်။ ပြည်သူအတွက် အသုံးပြုရန် လောင်စာထင်း၊ မီးသွေး၊ လုပ်ငန်းရှင်များအတွက် သစ်အချောထည်ထုတ်လုပ်ရန် သစ်ကုန်ကြမ်းအား တရားဝင်ရရှိနိုင်ရေး ဆောင်ရွက်ရမည့် နည်းလမ်းတစ်ခုမှာ ရေရှည်သဘာဝသစ်တောများ ထိန်းသိမ်းရေးဆောင်ရွက်သလို အကြီးမြန်သစ်ပင်သစ်တောများအား ပြည်သူအတွက် ကျေးရွာသုံးထင်းစိုက်ခင်း၊ စီးပွားရေးစိုက်ခင်းများ စက်မှုကုန်ကြမ်းစိုက်ခင်းများအား အချိန်တိုကာလအတွင်း ခုတ်ယူအသုံးပြုနိုင်ရန် တစ်အုပ်တစ်မစိုက်ပျိုးကြရန် ဖြစ်ပါသည်။

သဘာဝသစ်တောသည် တစ်ဧကအပင်အရေအတွက် ၂၀ မှ ၃၀ပင်ခန့်သာ ကြီးထွားပေါက်ရောက်ပါသည်။ ကြီးထွားနှုန်းမှာ တစ်နှစ် တစ်ဧက သုည ဒသမ ၅ တန် (၁ ကုဗမီတာ)ခန့်သာ ကြီးထွားပြီး နှစ်ပေါင်း ၅၀ မှ ၁၀၀ အတွင်းသာ ခုတ်ယူအသုံးပြုနိုင်ပါသည်။ ရတနာတန်းဝင် ကျွန်းသစ်သည် သဘာဝအားဖြင့် နှစ် ၇၀ ကြာမှသာခုတ်ယူအသုံးပြုနိုင်ပါသည်။ ပုဂ္ဂလိကစိုက်ပျိုးသည့် ကျွန်း၊ သစ်မာ၊ ပျဉ်းကတိုး၊ ယမနေစသည့် အုပ်စု(၁)အမျိုးအစားသစ်များသည် ၂၅ နှစ်၊ နှစ် ၃၀ ခန့် စောင့်ဆိုင်းပြီးမှသာ ထုတ်ယူသုံးစွဲနိုင်ပါသည်။

အကြီးမြန်သစ်ပင်သစ်တောစိုက်ခင်းအား စိုက်ပျိုးပါက တစ်ဧကအပင်အရေအတွက် ၅၀၀ မှ ၆၀၀ ခန့် ဝင်ဆံ့ပါသည်။ ကြီးထွားနှုန်းတစ်နှစ် တစ်ဧက ၁၀ တန် (၁၈ ကုဗမီတာ)ခန့် ကြီးထွားပါသည်။ ငါးနှစ်ပြည့်လျှင် ပင်ကျပ်ခုတ်ယူအသုံးပြုနိုင်ပြီး စိုက်သက် ၁၂ နှစ်အထိ ဆက်လက်ပြုစုထိန်းသိမ်းပါက အဆောက်အအုံသုံးသစ်မာသစ်ခွဲသားအဆင့် ရရှိအသုံးပြုနိုင်ပါသည်။ အကြီးမြန်သစ်တောတစ်ဧကစိုက်ပျိုး ထူထောင်ခြင်းဖြင့် သဘာဝသစ်တောဧက ၅၀ ပြုန်းတီးမှုကိုကာကွယ်စေနိုင်ပါသည်။

ထိုသို့ ယနေ့ရာသီဥတုအကျိုးသက်ရောက်မှုကို အမှီသဟဲပြုနေသည့် သစ်တောများ ပြန်လည်ရှင်သန်နိုးထလာစေရန်အတွက် အစိုးရတစ်ခုတည်းနှင့်လည်းမတတ်နိုင်ပါ။ ရတနာတန်းဝင် ကျွန်း၊ ပျဉ်းကတိုးစသည့် ပုဂ္ဂလိကစိုက်ခင်းများအမှန်တကယ်ထူထောင်စိုက်ပျိုးခွင့်ပေးသကဲ့သို့ ဒေသနှင့်ကိုက်ညီသည့် တန်ဖိုးနည်း အကြီးမြန်သစ်ပင်များကိုလည်း သဘာဝသစ်တောများ ခုတ်ယူခြင်းပြုန်းတီးမှုမဖြစ်စေဘဲ မိမိပိုင်မြေလွတ်မြေလပ် အိမ်ရှေ့၊ အိမ်နောက်ဖေး ဝဲ၊ယာ ကွက်လပ်များ၊ လမ်းဘေးဝဲ၊ ယာများ၊ လယ်ကန်သင်းများ၊ အခြားသီးနှံစိုက်ပျိုးရန် အသုံးမပြုသည့် မြေညံ့နေရာများအား အမြန်အစားထိုးစိုက်ပျိုးကြရန် ဖြစ်ပါသည်။ မစိုက်ပျိုးရသေးပါက နောင်နှစ်များတွင် သတ်မှတ်ကာလအတွင်းစိုက်ပျိုးကြရန် စီမံဆောင်ရွက်ရန် ဖြစ်ပါသည်။ ယနေ့အချောထည်ထုတ်လုပ်သည့် သစ်လုပ်ငန်းရှင်များသည် ယခင်နိုင်ငံတော်က ရောင်းချပေးသည့် သစ်ကုန်ကြမ်းအားမျှော်ကိုး၍မရနိုင်တော့ပါ။

ထို့ကြောင့် မိမိတို့၏ ကိုယ်ပိုင်ပုဂ္ဂလိကစက်မှုကုန်ကြမ်းသစ်တောစိုက်ခင်းများအားထူထောင်ပြီး မိမိစိုက်ခင်းမှ ထွက်ရှိသည့် သစ်ကုန်ကြမ်းဖြင့် ရယူအစားထိုး ဆောင်ရွက်ရန်ဖြစ်ပါသည်။ တောင်သူပြည်သူများကလည်း မိမိသီးနှံစိုက်ခင်းအနီးကွက်လပ်တွင် အခြားနိုင်ငံများနည်းတူ အကြီးမြန်သစ်ပင်များအား အချိန်တိုကာလအတွင်း ခုတ်ယူအသုံးပြုနိုင်ရန် အကြီးမြန်သစ်ပင်အမျိုးအစားများအားရွေးချယ်၍ တစ်အုပ်တစ်မစိုက်ခြင်းဖြင့် အပိုဝင်ငွေရရှိစေပါသည်။ ကျေးရွာပိုင်စိုက်ခင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်စိုက်ခင်းများအား တစ်ပိုင်တစ်နိုင်ထူထောင်စိုက်ပျိုးမှသာ သဘာဝသစ်တောအတွင်းခုတ်ယူအသုံးပြုမှု သက်သာစေမှာဖြစ်ပါသည်။ ထိုသို့ တောင်သူပြည်သူများစီးပွားရေးလုပ်ငန်းရှင်များ အစိုးရမှစိုက်ခင်းထူထောင်မှုအား အားပေးအားမြှောက်ပြု ကူညီပေးမှသာ အောင်မြင်မည်ဖြစ်ပါသည်။ ထိုနည်းတူ သဘာဝသစ်တောများအား ခိုးဝင်ခုတ်ယူနေမှုများကိုလည်း ထိရောက်ဟန့်တားသည့်ဥပဒေများဖြင့် လုံခြုံရေးဆောင်ရွက်မှသာ ယခုဆွဲထားမည့် မဟာဗျူဟာစီမံကိန်းကြီးအောင်မြင်မည်ဖြစ်ပါသည်။

နိုင်ငံတော်၏ သဘာဝသစ်သယံဇာတထိန်းသိမ်းကာကွယ်ရေးအတွက် အစိုးရတစ်ခုတည်းမဟုတ်ဘဲ ပြည်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ သစ်တောသစ်ပင်စိတ်ဝင်စားသူများ ပါဝင်ပြီး မိမိနိုင်ငံအတွက် သစ်လိုအပ်မှုနှင့် စက်မှုလုပ်ငန်းများအတွက် သစ်ကုန်ကြမ်းများရရှိနိုင်မှုအတွက် တစ်ဖက်ကနှစ်ရှည် ရတနာတန်းဝင် ကျွန်း၊ ပျဉ်းကတိုး၊ သစ်တောစိုက်ခင်းများ ထူထောင်သကဲ့သို့ ကာလတိုခုတ်ယူအသုံးပြုနိုင်ရန် အကြီးမြန်သစ်တောစိုက်ခင်းများလည်းစိုက်ပျိုးရေးအတွက် လိုအပ်သည်များ ဝိုင်းဝန်းကူညီအားပေးခြင်းဖြင့် သဘာဝသစ်တောများ ပြုန်းတီးမှုအတွက် တစ်ဖက်တစ်လမ်းမှ ကာကွယ်နိုင်ပေမည်။ ထို့ကြောင့် ယခင်ချမှတ်ထားသည့် သစ်တောမူဝါဒ၏ ပဓာနကျသော အချက်ခြောက်ချက်ဖြစ်သည့် ကာကွယ်ခြင်း (Protection)၊ ထာဝစဉ်တည်တံ့စေခြင်း (Sustainability)၊ အခြေခံ စားဝတ်နေရေးလိုအပ်ချက်များဖြည့်ဆည်းပေးခြင်း (Basic Needs)၊ စွမ်းဆောင်ရည်တိုးတက်မြင့်မားခြင်း (Efficiency)၊ ပြည်သူတို့ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း (Participation)နှင့် ပြည်သူအတွင်း နိုးကြားထကြွသည်အထိ ရှင်သန်စေခြင်း (Public Awareness) တို့အား ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ စိုက်ထုတ်ဆောင်ရွက်သွားရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံတစ်ခုဖြစ်သည့်အားလျော်စွာ နိုင်ငံ၏ အခြေခံသယံဇာတဖြစ်သောရေ၊ မြေ၊ တောတောင်နှင့် ရာသီဥတုအရင်းအမြစ်များ ပျက်စီးဆုံးရှုံးမှုမရှိစေရေးနှင့် တိုးတက်ဖွံ့ဖြိုးစေရေးအတွက် ထာဝရထိန်းသိမ်းကာကွယ်ရန် လိုအပ်ပါသည်။ တစ်စတစ်စလူဦးရေပေါများထူထပ်လာပြီး သစ်ပင်သစ်တောများ ပျက်စီးပြုန်းတီးမှုများ များပြားလာခဲ့သဖြင့် မူလအခြေအနေသို့ ပြန်လည်ရောက်အောင် စိုက်ပျိုးထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် သာမန်အဆင့်နှင့် လုံလောက်နိုင်မှုမရှိဘဲ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ချမှတ်ဆောင်ရွက်ရန် လိုအပ်လာပြီဖြစ်ပါသည်။ ထို့ကြောင့် သဘာဝသစ်တောများ တစ်ဖက်က ခုတ်ယူပြုန်းတီးမှုမရှိစေဘဲ ထိန်းသိမ်းကာကွယ်ရင်း တစ်ဖက်ကလည်း ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တောင်သူပြည်သူများပါဝင်ပြီး သစ်တောစိုက်ခင်းများဖြစ်သည့် ကျေးရွာသုံးစိုက်ခင်း၊ သီးနှံသစ်တော ရောနှောစိုက်ခင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်စိုက်ခင်းများ၊ စက်မှုလုပ်ငန်းကုန်ကြမ်းစိုက်ခင်းများ၊ ရေဝေရေလဲ စိုက်ခင်းများ၊ တောင်တန်းဒေသများစိမ်းလန်းစိုပြည်ရေးစိုက်ခင်း၊ သုတေသနစိုက်ခင်းနှင့် အခြားစိုက်ခင်းဖြစ်သည့် မိမိအိမ်ခြံဝင်း မြေလွတ်များ၊ ရုံး၊ ကျောင်း၊ ဆေးရုံ၊ ရေတွင်းရေကန် ဝန်းကျင်၊ လမ်းဘေးဝဲ၊ယာနေရာများတွင်အကြီးမြန်သစ်ပင်များတစ်အုပ်တစ်မစုပေါင်းစိုက်ပျိုးပြီး သစ်တောများ ပြန်လည်ထူထောင်ရေးအား တစိုက်မတ်မတ် ဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်တွင်းရေးရာ

**✻ ကျောဖုံးမှ**

ဆင်းသက်လိုက်ပါပြီး မာတလိနတ်သားက ပန်းမန်အမွှေးအကြိုင်တို့ဖြင့် ပူဇော်ရင်း လိုက်ပါလာသည်။ သာဝတ္ထိပြည်၌ ရှိကြကုန်သော လူပရိသတ်အပေါင်းလည်း သင်္ကဿသို့ ရောက်ရှိကာ မြတ်စွာဘုရားအား ဖူးမြော်ကြည်ညို ကြိုဆိုကြကုန်သည်။

ဤပူဇော်ပွဲကို အစွဲပြု၍ မြန်မာ့ယဉ်ကျေးမှုရာသီပွဲတော်အဖြစ် သီတင်းကျွတ်လပြည့်နေ့တွင် မြတ်စွာဘုရားကို ရည်မှန်းကာ ဆီမီး၊ မီးပုံး၊ မီးရှူးတို့ဖြင့် ရှေးသူဟောင်းတို့က ယနေ့အထိ ဗုဒ္ဓဘာသာဝင် ပြည်သူပြည်သားများက ပူဇော်ကြခြင်းဖြစ်သည်။

ရွှေတိဂုံစေတီတော်၏ ၁၃၇၈ ခုနှစ် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့) အခမ်းအနားများကို ယနေ့နံနက်ပိုင်းမှစတင်၍ ရင်ပြင်တော်ရှိ သတ်မှတ်ထားသော နေရာအသီးသီး၌ ကျင်းပသည်။

ရှေးဦးစွာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ဝန်ထမ်းများက နံနက်အရုဏ်တွင် ရင်ပြင်တော် တောင်ဘက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်းနှင့် သစ်သီးဆွမ်းများ ကပ်လှူကြသည်။

ထို့နောက် ဝါတွင်းသီလခံယူပွဲနှင့် ဆွမ်းသိမ်းအောင်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဝန်ထမ်းများနှင့် ဘုရားဖူးပရိသတ်များက နဝင်္ဂ သီလခံယူဆောက်တည်ခြင်း၊ ပရိတ်တရားတော်နာယူခြင်း၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ အနုမောဒနာတရားနာယူခြင်းနှင့် ရေစက်ချ အမျှပေးဝေခြင်းတို့ကို ဆောင်ရွက်ကြပြီး ဩဝါဒါစရိယ ဆရာတော်ကြီးများအား ရောင်တော်ဖွင့်အသင်းတန်ဆောင်း၌ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ ညပိုင်းတွင် ရွှေတိဂုံစေတီတော်ရင်ပြင်၌ ရောင်စုံဆီမီးများဖြင့် ထွန်းညှိပူဇော်ထားသည်ကို သပ္ပာယ်စွာ ဖူးတွေ့ရသည်။

အလားတူ မဟာဝိဇယစေတီတော်၌ ဂေါပအဖွဲ့က ကြီးမှူး၍ ယနေ့အရုဏ်တက်တွင် စေတီတော်အား ဆွမ်းတော်ကြီး၊ ပန်း၊ ရေချမ်း၊ သစ်သီးဆွမ်းတို့ဖြင့် ကပ်လှူပူဇော်ကြပြီး ဝတ်အသင်းအဖွဲ့များက အဘိဓမ္မာ တရားတော်များကို ရွတ်ဖတ်ပူဇော်ကြသည်။ သီတင်းကျွတ်လဆန်း ၁၄ ရက်မှစတင်ကာ စေတီတော်၌ သုံးရက်တိုင်တိုင် ညစဉ် ဆီမီး ၅၀၀၀ ထွန်းညှိပူဇော်သွားမည်ဖြစ်သည်။



သီတင်းကျွတ်လပြည့်နေ့က မဟာဝိဇယစေတီတော်တွင် ဘုရားဖူးများ စည်ကားလျက်ရှိစဉ်။ ခင်မောင်ဝင်း(ကြေးမုံ)



သီတင်းကျွတ်လပြည့်နေ့က ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်တွင် ဘုရားဖူးများ စည်ကားလျက်ရှိစဉ်။ ခင်မောင်ဝင်း(ကြေးမုံ)

ရှေးဟောင်းသမိုင်းဝင် အပရာဇိတ ဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့က ကြီးမှူး၍ စေတီတော် အာရုံခံတန်ဆောင်း၌ နံနက်အရုဏ်တက်တွင် ဆွမ်းတော်ကြီးတင် ကပ်လှူဒါန်းခြင်း၊ နံနက် ၅ နာရီခွဲတွင် အောင်ဓမ္မာရုံ၌ အဘိဓမ္မာအခါတော်နေ့ကို ကျင်းပခြင်း၊ နံနက် ၁၀ နာရီခွဲတွင် ကျိုက်ဝိုင်းဖြူးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တအရိယဝံသက သီလပေးတရားချီးမြှင့်ခြင်း၊ မွန်းလွဲ ၁ နာရီတွင် အလုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညောဘာသက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ချီးမြှင့်ခြင်း၊ သီတင်းကျွတ်လဆန်း ၁၄ ရက်၊ သီတင်းကျွတ်လပြည့်နေ့နှင့် လပြည့်ကျော် ၁ ရက်နေ့များတွင် အောင်ဓမ္မာရုံ၌ ဗုဒ္ဓမြတ်စွာဘုရား၏ ဓာတ်တော်များနှင့် ရဟန္တာများ၏ ဓာတ်တော်များကို အများပြည်သူ ဖူးမြော်နိုင်ရန် အပူဇော်ခံထားရှိပြီး ညစဉ် ဆီမီး ၁၁၀၀၀ ထွန်းညှိပူဇော်သွားမည်ဖြစ်သည်။

ဝရဒါဌာ ဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၏ (၁၉) ကြိမ်မြောက် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့) အခမ်းအနားကို ဂေါပကအဖွဲ့က ကြီးမှူး၍ မရမ်းကုန်းမြို့နယ် ကန်ဦးဇေတဝန် စာသင်တိုက် ဆရာတော် အဂ္ဂမဟာဂန္ထဝါစက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒသာမိဘိဝံသထံမှ ပရိသတ်များက ရှစ်ပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ဝတ်အသင်းအဖွဲ့များက (၁၉) ကြိမ်မြောက် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တရားတော်များကို ရွတ်ဖတ်ပူဇော်ကြသည်။

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ ယနေ့မွန်းလွဲ ၁ နာရီတွင် အာရုံခံတန်ဆောင်းအပေါ်ထပ်၌ ဝတ်အသင်းအဖွဲ့များက အဘိဓမ္မာ အခါတော်နေ့ ဓမ္မပူဇာတရားတော်များကို ရွတ်ဆိုပူဇော်ကြပြီး ညပိုင်းတွင် စေတီတော်အား သုံးရက်တိုင်တိုင် လျှပ်စစ်မီး၊ ရောင်စုံဆီမီးများဖြင့် ထွန်းညှိပူဇော်ကြသည်။

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ ဂေါပကအဖွဲ့က ကြီးမှူး၍ နံနက်ပိုင်းတွင် ဆွမ်းတော်ကြီးနှင့် သစ်သီးဆွမ်းများ ကပ်လှူပူဇော်ခြင်း၊ နံနက် ၅ နာရီတွင် ပဌာန်းသိမ်းပွဲ ကျင်းပခြင်း၊ နံနက် ၁၀ နာရီတွင် သီရိမင်္ဂလာကျောင်းဆရာတော် ဘဒ္ဒန္တသူရိယက သီလပေးတရားချီးမြှင့်ခြင်း၊ မွန်းလွဲ ၁၂ နာရီခွဲတွင် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်)နှင့် ညနေ ၃ နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ ပညာနန္ဒတို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ချီးမြှင့်တော်မူကြပြီး ဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များက စေတီတော်အား ဆီမီးများဖြင့် ကပ်လှူပူဇော်ကြသည်။

အလားတူ ယနေ့သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားများ၊ မြို့နယ်ရပ်ကွက်အသီးသီးရှိ စေတီ၊ ပုထိုး၊ ဓမ္မာရုံများ၊ လမ်းများ၌ စတုဒိသာ ကျွေးမွေးခြင်း၊ ကုသိုလ်ကောင်းမှုပြုကြသူများ၊ အဘိဓမ္မာအခါတော်နေ့ ပူဇော်ပွဲများ၊ သက်ကြီးဝါကြီး၊ ဆရာသမား၊ မိဘဘိုးဘွားများအား သံဃာတော်များ၏ ဘုန်းတော်ကြီးကျောင်းများ၌ ပဝါရဏာပွဲများ၊ ပူဇော်ကန်တော့ပွဲများနှင့် ဥပုသ်သီတင်းဆောက်တည်ကြသူများ၊ ဝတ်အသင်းအဖွဲ့များနှင့် ဘုရားဖူးလာပြည်သူများက စေတီတော်များအား ပန်း၊ သစ်သီး၊ ဆီမီး၊ ရေချမ်း၊ ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြခြင်းဖြင့် အထူးစည်ကား များပြားလျက်ရှိသည်။ **(သတင်းစဉ်)**

## သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် ကျောက်တော်ကြီးဘုရား၌ ဘုရားဖူးလာပြည်သူများ စည်ကား

**ရန်ကုန် အောက်တိုဘာ ၁၆**

အင်းစိန်မြို့နယ် ကြို့ကုန်း(အရှေ့) မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသော လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား) ဂန္ဓကုဋိတိုက်၌ သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)အောက်တိုဘာ ၁၆ ရက် နံနက် ၈ နာရီက အဘိဓမ္မာ(၇)ကျမ်း ရွတ်ဆိုပူဇော်ကြသည်။

ဘုရားရင်ပြင်ပေါ်တွင် ဘုရားဖူးလာပြည်သူများအား ပရဟိတလူမှုရေးအဖွဲ့၊ ကုမ္ပဏီများ၊ မာဃလုလင် လူငယ်အဖွဲ့အလှူရှင်များက အအေးဘူး၊ အချိုရည်ဘူး၊ အစားအသောက်များကိုလည်း ဧည့်ခံကျွေးမွေးခြင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကဦးဆောင်ပြီး ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးအဖွဲ့များ၊ လုံခြုံရေးအဖွဲ့များက လုံခြုံရေးကို ဂရုစိုက်တာဝန်ယူကြပြီး မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့ကလည်း ယာဉ်ကြောများ ရှင်းလင်းပေးခြင်း၊ ဈေးသည်များ စနစ်တကျရောင်းချနိုင်ရန် မြို့နယ်စည်ပင်သာယာမှ ကြပ်မတ်ခြင်း၊ ညနေ ၆ နာရီတွင် သီတာရေစင်အဖွဲ့နှင့် မြန်မာလေကြောင်းအဖွဲ့မှ ဝန်ထမ်းများက ဆီမီး ၅၀၀၀ စီ ထွန်းညှိပူဇော်ကြကြောင်း ဘုရားကြီးဂေါပကအဖွဲ့ရုံ အဖွဲ့မှူး ဦးလှမြင့်က ပြောသည်။

လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား)တွင် ယနေ့ ဘုရားဖူးပြည်သူများ စည်ကားလျက်ရှိကြောင်း သိရသည်။ **(မဇ၄)**

**○ နေပြည်တော်မှ**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ဓာတုစယျစေတီတော်၊ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာရှိ သံသရာငြိမ်းအေးစေတီတော်၊ ပျဉ်းမနားမြို့နယ်ရှိ ကိုးခန်းကြီးဘုရား၊ ပုဗ္ဗသီရိမြို့နယ်ရှိ မဟာသကျရံသီရပ်တော်မူရုပ်ရှင်တော်မြတ်ကြီးနှင့် သတ္တသတ္တာဟ စေတီတော်တို့တွင် ဘုရားဖူးများ၏ ကုသိုလ်ပွားများဖြင့် စည်ကားလျက်ရှိသည်။ **(သတင်းစဉ်)**



မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော် သစ်သီး၊ ဆွမ်းနှင့် ပန်း ၉၀၀၀ ကပ်လှူပူဇော်ပွဲကို အောက်တိုဘာ ၁၆ ရက် နံနက် ၅ နာရီက ကျင်းပစဉ်။ ညီညီမောင်(မကွေး)

**✻ သီတင်းကျွတ်မှ**

တွေ့ရသည်။ မန္တလေးတွင်သာမက အနီးဝန်းကျင်ရှိ စစ်ကိုင်းကောင်းမှုတော် ဆွမ်းဦးပုညရှင်၊ ဥမင်သုံးဆယ်၊ ဥမင်ကိုးဆယ်၊ ပတ္တမြားစေတီ၊ ကံတလူဆင်များရှင်၊ ကျောက်ဆည် ရွှေသိမ်တော်၊ ပြင်ဦးလွင် မဟာအံ့ထူးကံသာ ပြည်ချစ်ဘုရားနှင့် အခြားလည်ပတ်ရန်နေရာများသို့လည်း သွားရောက်လည်ပတ်ကြကြောင်း တွေ့ရသည်။ သီတင်းကျွတ်လပြည့်(အဘိဓမ္မာ အခါတော်နေ့)မှာ ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ်ဖြစ်ပြီး အခြေခံပညာကျောင်းများ ကောလိပ်နှင့် တက္ကသိုလ်များ ပိတ်ချိန်ဖြစ်၍ မြို့ပေါ်နှင့် အနီးဝန်းကျင်မှသာမက နယ်ဝေးမြို့များမှ ဘုရားဖူးများ လာရောက်မှုများပြားသည့် ကာလဖြစ်၍ ပိုမိုစည်ကားများပြားခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

**အေးမြ(မန္တလေး)**

■



ဆဋ္ဌမ အကြိမ်မြောက် ညောင်လေးပင်မြို့နယ်လုံးဆိုင်ရာ ကုသိုလ်တော်အဖွဲ့ကြီးမှ ကြီးမှူးကျင်းပသော ဝါတွင်းအပတ်စဉ် စနေအရုဏ်ဆွမ်းနှင့် ဆွမ်းဟင်း၊ တန်းဆွမ်း(ဆွမ်းသိမ်း) လောင်းလှူပွဲတော်ကြီးကို အောက်တိုဘာ ၁၅ ရက်က ညောင်လေးပင်မြို့ မြို့မ(၃)ရပ်ကွက် ဗိုလ်ချုပ်လမ်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။ နေလင်း(ညောင်လေးပင်)



မန္တလေး တောင်ပေါ်ရှိ ဆုတောင်းပြည့် မြတ်စွာဘုရားရင်ပြင်တော်တွင် သီတင်းကျွတ်လပြည့်နေ့ ညနေ ၆ နာရီက ဆီမီးတစ်သောင်း ထွန်းညှိပူဇော်ပွဲအား ပျော်ရွှင်စွာ ဆင်နွှဲစဉ်။ မင်းထက်အောင်(မန်းကိုယ်ပွား)

◆ ရွှေဖုံးမှ

BRICS and BIMSTEC Leader's Outreach Summit သို့ တက်ရောက်သည်။

ညပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်က တည်ခင်းဧည့်ခံသည့် BRICS and BIMSTEC Leader's Outreach Summit ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

ယခုကျင်းပသည့် BRICS and BIMSTEC Leader's Outreach Summit အစည်းအဝေးသည် BRICS အဖွဲ့ ဝင်နိုင်ငံများနှင့် BIMSTEC အဖွဲ့ဝင်နိုင်ငံများ ပူးပေါင်း၍ ပထမဆုံးအကြိမ် ကျင်းပသည့် အစည်းအဝေးဖြစ်သည်။ BRICS အဖွဲ့ကို ၂၀၀၉ ခုနှစ် ဇွန် ၁၆ ရက်တွင် ရုရှားနိုင်ငံ၌ စတင်ဖွဲ့စည်းခဲ့ပြီး ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကနိုင်ငံတို့ ပူးပေါင်းဖွဲ့စည်းထားခြင်း ဖြစ်သည်။

ဘင်းမ်စတက်အဖွဲ့ကို ၁၉၉၇ ခုနှစ် ဇွန် ၆ ရက်တွင် ဗန်ကောက်ကြေညာစာတမ်းနှင့်အတူ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုအဖွဲ့ (BIST-EC) အဖြစ် စတင်ဖွဲ့စည်းခဲ့သည်။ အဆိုပါအဖွဲ့သို့ ၁၉၉၇ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် မြန်မာနိုင်ငံကလည်းကောင်း၊ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်မှ ၉ ရက်ထိ ထိုင်းနိုင်ငံ ဖူးခက်မြို့၌ကျင်းပသည့် ဆဋ္ဌမအကြိမ် ဘင်းမ်စတက် ဝန်ကြီးအဆင့်အစည်းအဝေးတွင် ဘူတန်နိုင်ငံနှင့် နီပေါနိုင်ငံတို့ကလည်းကောင်း အဖွဲ့ဝင်နိုင်ငံများအဖြစ်ပါဝင်ခဲ့ကြသည်။ ၂၀၀၄ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့သည့် ပထမအကြိမ် ထိပ်သီးအစည်းအဝေးတွင် အဖွဲ့၏အမည်ကို ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် (Bay of Bengal Initiatives for Multi-Sectoral Technical and Economic Cooperation - BIMSTEC) ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။ အဖွဲ့စတင်ဖွဲ့စည်းသည့် ဇွန် ၆ ရက်ကို ဘင်းမ်စတက်နေ့အဖြစ် သတ်မှတ်ထားရှိသည်။ **(သတင်းစဉ်)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဘင်းမ်စတက်သီးသန့်အစည်းအဝေးသို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့အကြီးအကဲများနှင့် အစိုးရအဖွဲ့အကြီးအကဲများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် BRICS and BIMSTEC Leader's Outreach Summit အစည်းအဝေး တက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့အကြီးအကဲများနှင့် အစိုးရအဖွဲ့အကြီးအကဲများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် အိန္ဒိယနိုင်ငံ ဂိုအာမြို့သို့ရောက်ရှိ



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့အား အိန္ဒိယသမ္မတနိုင်ငံမှ Minister of state for Foreign Affairs Mr. V. K Singh၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး Mr. Vikram Misri၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်ခင်စိုးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

**ဂိုအာ အောက်တိုဘာ ၁၆**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ နာရန်ဒရာမိုဒီ၏ ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံသို့ တရားဝင်ခရီးသွားရောက်ရန်နှင့် အိန္ဒိယနိုင်ငံ ဂိုအာမြို့၌ ကျင်းပမည့် BIMSTEC Retreat အစည်းအဝေးနှင့် BRICS and BIMSTEC Leader´s Outreach Summit အစည်းအဝေးသို့တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှလေကြောင်းခရီးဖြင့် ထွက်ခွာရာ အိန္ဒိယနိုင်ငံ ဂိုအာမြို့သို့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် ရောက်ရှိသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား အိန္ဒိယသမ္မတနိုင်ငံမှ Minister of state for Foreign Affairs Mr. V. K Singh၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး Mr. Vikram Misri၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်ခင်စိုးနှင့် တာဝန်ရှိသူများက ဒါဘိုလင် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် Hotel Leela သို့ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် Hotel Leela ၌ ဂိုအာပြည်နယ်ဝန်ကြီးချုပ်က BIMSTEC ခေါင်းဆောင်များအား တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။ **(သတင်းစဉ်)**

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သီရိလင်္ကာသမ္မတနှင့် တရုတ်သမ္မတတို့အား သီးခြားစီတွေ့ဆုံ



**ဂိုအာ အောက်တိုဘာ ၁၆**
အိန္ဒိယနိုင်ငံ ဂိုအာမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် သီရိလင်္ကာနိုင်ငံသမ္မတ MR.Maithritala Sirisena နှင့် ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်နှင့် ဒေသစံတော်ချိန် ညပိုင်းတွင် လည်းကောင်း ဂိုအာမြို့ရှိ Hotel Leela ၌ သီးခြားစီတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် သီရိလင်္ကာနိုင်ငံ သမ္မတ MR.Maithritala Sirisena တို့ တွေ့ဆုံစဉ်။
(သတင်းစဉ်)

## (၁၅)ကြိမ်မြောက် ပဝါရဏာပွဲတော်ကျင်းပ

**ဖြူး အောက်တိုဘာ ၁၆**
ဖြူးမြို့နယ် ပဝါရဏာ အကျိုးဆောင်ကော်မတီမှ ကြီးမှူးကျင်းပသော (၁၅) ကြိမ်မြောက် ပဝါရဏာပွဲတော်ကို ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ဖြူး-ဖြူး-မြို့မဂိုဏ်း ဆရာတော်သံဃာတော် ၂၅၀ ပါးတို့၏ (၁၅)ကြိမ်မြောက် သံဃာ့မဟာပဝါရဏာပွဲတော်ကြီးကို အောက်တိုဘာ(၁၆)ရက်၊ သီတင်းကျွတ်လပြည့် အဗိဓမ္မာ အခါတော်နေ့ မွန်းလွဲ ၂ နာရီက ဖြူးမြို့နယ်လုံးဆိုင်ရာ ပရိယတ္တိသာသနာ့ဗိမာန်တော် မဟာသိမ်တော်ကြီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ ပဝါရဏာပွဲတော်ကြီးတွင် ပင့်သံဃာတော် ၂၅၀ ပါးတို့အနက်မှ ၁၇၈ ပါး ကြွရောက်တော်မူကြပြီး ပဝါရဏာတော်ပွဲကျင်းပတော်မူကြရာ ပဝါရဏာပွဲအပြီးတွင် စေတနာရှင်အများပြည်သူများနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းပေါင်းစုံနှင့် မိသားစုအလိုက်၊ တစ်ဦးချင်းစီအလိုက် သဒ္ဒါတရားထက်သန်စွာဖြင့် ဝတ္ထုငွေကြေးနှင့် လှူဖွယ်ဝတ္ထုပစ္စည်းမျိုးစုံ စုစုပေါင်းတန်ဖိုး ကျပ်သိန်းပေါင်း ၃၀ ခန့် သိမ်ဆင်းလောင်းလှူခဲ့ကြကြောင်း သိရသည်။ **(ဖြူးမြင့်ဦး)**

## အိမ်တွင်းမှုသက်မွေးပညာသင်ကျောင်းသင်တန်းဆင်း

**ပုသိမ် အောက်တိုဘာ ၁၆**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာ သင်ကျောင်းသင်တန်း အပတ်စဉ် (၆/၂၀၁၆) ဆင်းပွဲ အခမ်းအနားကို အဆိုပါ ကျောင်းခမ်းမ၌ အောက်တိုဘာ ၁၄ ရက် နံနက် ၁၀ နာရီ တွင်ကျင်းပရာ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ဇော်မိုးက သင်တန်း၏ ရည်ရွယ်ချက်နှင့် ဦးစီးဌာန၏ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ဆက်လက်၍ သင်တန်းဆင်း လက်မှတ်များကို လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး၊ သင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆွေဆွေဝင်း၊ ဦးစီးအရာရှိ ဒေါ်ခင်မိုးမိုးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြသည်။

သင်တန်းသား သင်တန်းသူများ ကိုယ်စားသင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားရာတွင် ယခုလို သင်ကြားပေးသည့်အတွက် တတ်မြောက်သည့် ပညာရပ်များဖြင့် မိသားစု ဝမ်းစာဖူလုံရေးနှင့် ယခုဖွင့်လှစ်ထားရှိသည့် အထည်ချုပ် စက်ရုံများသို့ပါ သွားရောက်လုပ်ကိုင်နိုင်တော့မည် ဖြစ်သဖြင့် သင်ကြားပေးသည့် ဆရာ ဆရာမများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

အဆိုပါ သင်တန်းကို စက်တင်ဘာ ၅ ရက်မှ အောက်တိုဘာ ၁၄ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၁၃၄ ဦး တက်ရောက်ခဲ့ကြကြောင်းသိရသည်။ **မြင့်ဟန်(ပြန်/ဆက်)**

## အောင်ပွဲရပိုပီနမ်အားကစားသမားများ ဂုဏ်ပြု

**ရန်ကုန် အောက်တိုဘာ ၁၆**
ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၌ ကျင်းပခဲ့သည့် (၅)ကြိမ်မြောက် အာရှသဲသောင်ပြင်ပိုပီနမ်အားကစားပြိုင်ပွဲကို ရွှေ နှစ်ခု၊ ငွေ သုံးခု၊ ကြေး နှစ်ခုဖြင့် နိုင်ငံအလိုက် ဒုတိယရရှိခဲ့သည့် မြန်မာပိုပီနမ်အားကစားအဖွဲ့အား ဂုဏ်ပြုပွဲကို ယမန်နေ့ည ၆ နာရီက ရန်ကုန်တိုင်းဒေသကြီး ကန်တော်ကြီးအတွင်းရှိ Royal Graden ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံပိုပီနမ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရဲမြင့်က ဂုဏ်ပြုစကားပြောကြားပြီး မြန်မာနိုင်ငံပိုပီနမ်အသင်းကို အောင်မြင်မှုရရှိအောင်အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြသော အုပ်ချုပ်သူဦးအောင်နိုင်ဦး၊ နည်းပြဦးအောင်ကိုဝင်းနှင့် ဒေါ်နွယ်နီဇော်ဝင်းတို့အား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်၍လည်းကောင်း၊ ရွှေတံဆိပ်ဆု ဆွတ်ခူးရရှိခဲ့သော ဝင်းဒွေးအောင်၊ မျိုးထွန်းအံ့၊ ရဲဝင့်ထူး၊ ချမ်းမြေ့အောင်တို့အား ဂုဏ်ပြုဆုငွေနှင့် အတူဂုဏ်ပြုလက်မှတ်များချီးမြှင့်သည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် တပ်မတော်မြန်မာ့သိုင်းကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်မောင်ဝင်းက ရွှေတံဆိပ်ဆုဆွတ်ခူးရရှိခဲ့သော မနားကွီး၊ ဘိုဘိုတို့အားလည်းကောင်း၊ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်ယွပ်ဆိုင်းအိန်က ငွေတံဆိပ်ဆွတ်ခူးရရှိခဲ့သော နှင်းသီတာနှင့် ခိုင်ဝါဖူးတို့အား လည်းကောင်း၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ် ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်က ငွေတံဆိပ်ဆုဆွတ်ခူးရရှိခဲ့သော ဝင်းဒွေးအောင်၊ မျိုးထွန်းအံ့၊ ရဲဝင့်ထူး၊ မနားကွီးတို့အားလည်းကောင်း၊ မြန်မာနိုင်ငံပိုပီနမ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမျိုးနောင်က ငွေတံဆိပ်ဆုဆွတ်ခူးရရှိခဲ့သော ခိုင်ကျော့ကျော့ဝေ၊ ရဲဝင့်ထူး၊ မနားကွီး၊ ချမ်းမြေ့အောင်တို့အားလည်းကောင်း၊ မြန်မာ့သိုင်းသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးအောင်ဒွေးက ကြေးတံဆိပ်ဆု ဆွတ်ခူးရရှိခဲ့သော ခိုင်ဇင်ဝင်း၊ ဆုလတ်ဖြိုး၊ ဖြိုးမင်းစိုးတို့အားလည်းကောင်း၊ နိုင်ငံတကာဆက်သွယ်ရေးတာဝန်ခံဒေါ်ခင်လေးမွန်နှင့် အပြည်ပြည်ဆိုင်ရာဒိုင် ဒေါ်ရတနာလှိုင်တို့အား မြန်မာနိုင်ငံ ပိုပီနမ် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရဲမြင့်နှင့် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်ယွပ်ဆိုင်းအိန်တို့က ဂုဏ်ပြုဆုငွေနှင့်အတူ ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍အောင်ပွဲရအားကစားသမားများကိုယ်စား ဝင်းဒွေးအောင်က ကျေးဇူးတင်စကားပြောကြားကာ မြန်မာနိုင်ငံပိုပီနမ်အဖွဲ့ချုပ်မှ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

**နိုင် ငံ တော် ၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယနိုင်ငံသို့ တရားဝင်ခရီးသွား ရောက်ရန်နှင့် အစည်းအဝေး တက်ရောက် ရန် နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင် နှုတ်ဆက်သူများနှင့် အတူ တွေ့ရစဉ်။**
**(သတင်းစဉ်)**



## မွန်ပြည်နယ်ရဲတပ်ဖွဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်

**မော်လမြိုင် အောက်တိုဘာ ၁၆**
မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်စီစဉ်မှုဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် မော်လမြိုင်မြို့၊ အထွေထွေရောဂါကုဆေးရုံဝင်းအတွင်း စုပေါင်းလုပ်အားပေးပွဲကို အောက်တိုဘာ ၁၅ ရက် နံနက် ၇ နာရီမှ ၉ နာရီထိ သန့်ရှင်းရေးဆောင်ရွက်ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာသို့ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ ပြည်နယ်ရဲ အကူတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များ၊ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ အမှတ်(၁၅)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များ၊ မော်လမြိုင်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ အမှတ်(၁၂)ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ ခွဲမှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ အမှတ်(၁၅)ရထားရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များ၊ အမှတ်(၉)လူကုန်တားတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များ၊ အမှတ်(၉) မှုခင်းရဲတပ်ဖွဲ့စုမှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ အမှတ်(၃၈)မူးယစ်တပ်ဖွဲ့စုမှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ အမှတ်(၁၂) ကမ္ဘာလှည့် လုံခြုံရေးရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၂၃၅ ဦးတို့က မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံဝင်းအတွင်းရှိ ရင်ခွဲရုံ ပတ်ဝန်းကျင်နှင့် ဝန်ထမ်းအိမ်တန်းလျား၊ လူနာဆောင်များ တစ်လျှောက် ခြုံနွယ်ပိတ်ပေါင်းများနှင့် အမှိုက်သရိုက်များအား စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

သန့်ရှင်းရေးဆောင်ရွက်ရာသို့ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး၊ ဒုတိယပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသောင်းဝင်း၊ မော်လမြိုင်မြို့ အထွေထွေရောဂါ ဆရာဝန်ကြီး ဒေါက်တာမောင်မောင်ဇင်၊ မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူး၊ ဒုတိယရဲမှူးကြီး ကျော်စိုး၊ မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မြင်တို့က လာရောက် ကြည့်ရှုအားပေး၍ ကိုယ်တိုင်ပါဝင်လုပ်အားပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ခရိုင်/ရဲတပ်ဖွဲ့)**

# အပြန်အလှန်ယုံကြည်မှုတည်ဆောက်ရေးမှာ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အလွန်အရေးပါ

နေပြည်တော် အောက်တိုဘာ ၁၆

**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်း နှစ်ပတ်လည်နေ့အခမ်းအနားကို အောက်တိုဘာ ၁၅ ရက်နံနက်ပိုင်းက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) MICC – I ၌ ကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားသို့ တက်ရောက်လာသော မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီး မစ္စတာပေါလ်အာစီဂျာအား မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်သော သဘောထားအမြင်များနှင့်ပတ်သက်၍ မြန်မာ့သတင်းစဉ်က တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်။**

**မေး။ ။ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ပတ်သက်ပြီး မြန်မာပြည်သူလူထုရဲ့ မျှော်လင့်ချက်က အလွန်မြင့်မားနေပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး လူကြီးမင်းရဲ့အမြင်လေး သိပါရစေ။**

ဖြေ။ ။မြန်မာပြည်သူလူထုရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ပတ်သက်တဲ့ မျှော်လင့်ချက်က အလွန်မြင့်မားတယ်ဆိုတာ ကျွန်တော် နားလည်ပါတယ်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်(NCA)ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အများစု လက်မှတ်ရေးထိုးမှုကလည်း ငြိမ်းချမ်းရေး ဖြစ်စဉ်အတွက် အလွန်အရေးပါတဲ့ ကနဦးခြေလှမ်း တစ်ရပ်ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်က မှန်ကန်တဲ့လမ်းကြောင်းပေါ်မှာ ရောက်ရှိနေပါတယ်။ NCA ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အများစုက လက်မှတ်ရေးထိုးထားတယ်ဆိုပေမယ့် အစိုးရအနေနဲ့ ဆက်လက်လုပ်ဆောင်ရမယ့် အခက်အခဲတွေ အများကြီးရှိပါသေးတယ်။ ဥပမာ- NCA လက်မှတ်မထိုးရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ စေ့စပ်ညှိနှိုင်းရေး စားပွဲဝိုင်းပေါ်ခေါ်ဆောင်ပြီး အားလုံးပါဝင်တဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အစိုးရက ဖော်ဆောင်ရမှာဖြစ်ပါတယ်။ NCA ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ ပိုမိုပူးပေါင်းပါဝင်ပြီးတော့ လက်မှတ်ရေးထိုးလိမ့်မယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်။ နှစ်ပေါင်း (၆၀) ကျော် ကြာမြင့်ခဲ့ပြီဖြစ်တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ ပဋိပက္ခတွေကို တစ်ရက်တည်းနဲ့ ဖြေရှင်းလို့မရပါဘူး။ ငြိမ်းချမ်းရေးဖြစ်စဉ် တည်ဆောက်ဖို့ဆိုတာ အချိန်ကာလအတိုင်းအတာတစ်ခု လိုအပ်ပါတယ်။

**မေး။ ။လက်ရှိဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် သုံးသပ်ပေးပါ။**

ဖြေ။ ။ လက်ရှိအစိုးရအဖွဲ့အကောင်အထည်ဖော်ဆောင်နေတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ တိုးတက်မှုအချို့မြင်တွေ့နေရပါတယ်။ ၂၁ ရာစုပင်လုံငြိမ်းချမ်းရေးညီလာခံ ကျင်းပခဲ့မှုက လက်ရှိအစိုးရအဖွဲ့ လုပ်ဆောင်နေတဲ့ သိသာထင်ရှားတဲ့ အောင်မြင်မှု တစ်ရပ်ဖြစ်ပါတယ်။ NCA လက်မှတ်မထိုးရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ ထပ်မံကျင်းပမယ့်ငြိမ်းချမ်းရေးညီလာခံမှာ ပါဝင်တက်ရောက်လာဖို့ ကျွန်တော်မျှော်လင့်ပါတယ်။ ဒါဟာအားလုံးပါဝင်တဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ကောင်းမွန်တဲ့ စတင်မှုတစ်ရပ်ပါပဲ။ အခြားကောင်းမွန်တဲ့အချက်ကတော့ NCA လက်မှတ်ရေးထိုးထားတဲ့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ ရှိရာဒေသမှာ ငြိမ်းချမ်းပြီး၊ တည်ငြိမ်မှုရှိပြီး ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ အလားတူ တိုက်ပွဲတွေလည်း ထပ်မံဖြစ်ပေါ်လာတော့မှာမဟုတ်ပါဘူး။ ငြိမ်းချမ်းရေးရရှိဖို့အတွက် အစိုးရနဲ့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကြား အပြန်အလှန်ယုံကြည်မှုတည်ဆောက်ဖို့ အရေးကြီးသလို အချိန်ကာလအတိုင်းအတာတစ်ရပ်လည်း လိုအပ်ပါတယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်တည်ဆောက်ဖို့ဆိုတာ အလွန်ကိုရှုပ်ထွေးခက်ခဲပါတယ်။ နှစ်ဖက်စလုံးက ငြိမ်းချမ်းရေးကို အမှန်တကယ်လိုချင်တဲ့စိတ်ဆန္ဒရှိဖို့လည်း လိုပါတယ်။

**မေး။ ။ထာဝရငြိမ်းချမ်းရေးရရှိဖို့အတွက် အစိုးရအဖွဲ့ ဦးစားပေး လုပ်ဆောင်ရမယ့် အချက်တွေက ဘာတွေဖြစ်မလဲ။**

ဖြေ။ ။ငြိမ်းချမ်းရေးဖြစ်စဉ်မှာပါဝင်တဲ့ သက်ဆိုင်ရာ အဖွဲ့အစည်းတွေအားလုံးက တိုက်ခိုက်မှုတွေရပ်တန့်လိုတဲ့ စိတ်ဆန္ဒရှိဖို့က အခြေခံအချက်ဖြစ်ပါတယ်။ နှစ်ဖက်စလုံးက စိတ်ရှည်သည်းခံဖို့လိုအပ်ပါတယ်။ အစိုးရက ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ ပတ်သက်ပြီးတော့ စိတ်ရှည်သည်းခံစွာနဲ့တစ်ဆင့်ချင်း ဖော်ဆောင်နေတယ်လို့ ကျွန်တော်မြင်ပါတယ်။ တစ်ချိန်တည်းမှာပဲ အစိုးရက လုံခြုံရေး၊ နိုင်ငံရေး၊ တည်ငြိမ်ရေး၊ ငြိမ်းချမ်းရေးကိစ္စ၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ဖို့ တပ်မတော်၊ အရပ်ဘက်လူ့အဖွဲ့အစည်းတွေ၊ နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ အင်အားကြီး အိမ်နီးချင်းနိုင်ငံတွေရဲ့ အကူအညီနဲ့ အကောင်းဆုံးကြိုးပမ်းလုပ်ဆောင်နေပါတယ်။ ဒါဟာ အလွန်အရေးကြီးတဲ့အချက်ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ စီးပွားရေးလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ အစိုးရနဲ့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကြား သယံဇာတ အရင်းအမြစ်တွေ မျှဝေရေးဖြစ်ပါတယ်။ စီးပွားရေးကိစ္စက ငြိမ်းချမ်းရေးကိစ္စမှာ အရေးပါတဲ့အခန်းကဏ္ဍက ပါဝင်နေပါတယ်။



**ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီး မစ္စတာပေါလ်အာစီဂျာ။**

**မေး။ ။အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကြား ငြိမ်းချမ်းရေး တည်ဆောက်ရာမှာ စိန်ခေါ်မှုအခက်အခဲတွေက ဘာတွေဖြစ်မလဲ။**

ဖြေ။ ။အစိုးရအနေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ ငြိမ်းချမ်းရေး တည်ဆောက်ရာမှာ နှစ်ဖက်အပြန်အလှန်လက်ခံနိုင်တဲ့ အပေးအယူလုပ်ဖို့လိုပါတယ်။ နှစ်ဦးနှစ်ဖက်ယုံကြည်မှုတည်ဆောက်ဖို့လည်း လိုအပ်ပါတယ်။ အစိုးရအနေနဲ့ ငြိမ်းချမ်းရေးတည်ဆောက်ရာမှာ စိတ်ရှည်သည်းခံပြီး တိုင်းရင်းသားတွေရဲ့ လိုလားချက်၊ နစ်နာချက်တွေကို နားထောင်ပေးဖို့လိုအပ်ပါတယ်။ ငြိမ်းချမ်းရေးတည်ဆောက်ရာမှာ ပြည်သူလူထုရဲ့ပူးပေါင်းပါဝင်မှုကလည်း အလွန်အရေးကြီးပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ငြိမ်းချမ်းမှုက အပြန်အလှန်ဒွန်တွဲနေပါတယ်။ အစိုးရက ပြည်သူလူထုနဲ့၊ ဒေသခံအသိုင်းအဝိုင်းတွေကို ငြိမ်းချမ်းရေး တည်ဆောက်မှု ဖြစ်စဉ်မှာ ထည့်သွင်းဖို့လုပ်ဆောင်ပေးရမှာဖြစ်ပါတယ်။

**မေး။ ။မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် နိုင်ငံတကာ အသိုင်းအဝိုင်းရဲ့အမြင် သိလိုပါတယ်။**

ဖြေ။ ။အခုကျွန်တော်ဖြေကြားနေတဲ့ အချက်တွေက ဆွစ်ဇာလန်နိုင်ငံရဲ့ သဘောထားအမြင်မဟုတ်ဘဲ နိုင်ငံတကာကို ကိုယ်စားပြုပြောကြားနေခြင်း ဖြစ်ပါတယ်။ နိုင်ငံတကာကလည်း ကျွန်တော့်လိုပဲမြင်မယ်လို့ ယူဆပါတယ်။ အခုကျင်းပတဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးခြင်း နှစ်ပတ်လည်နေ့အခမ်းအနားကို ကျွန်တော်တို့တက်ရောက်ရတဲ့ အဓိကရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံ၊ မြန်မာပြည်သူတွေနဲ့ တစ်သားတည်း စည်းလုံးညီညွတ်မှုရှိကြောင်းပြသလိုက်တာပါ။ ဒါဟာငြိမ်းချမ်းရေးတည်ဆောက်ရာမှာ အရေးပါတဲ့ ခြေလှမ်းတစ်ရပ်ဖြစ်ပါတယ်။ ဆွစ်ဇာလန်နိုင်ငံက မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အကူအညီပေးဖို့ အသင့်ရှိပါတယ်။ ငြိမ်းချမ်းရေးရရှိဖို့ ကြိုးပမ်းတဲ့ ခရီးရှည်ကြီးမှာ မြန်မာပြည်သူတွေနဲ့အတူတကွ ကျွန်တော်တို့လက်တွဲဆောင်ရွက်သွားမှာပါ။

**မေး။ ။မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှုမှာ အရေးကြီးဆုံးအချက်က ဘာဖြစ်မလဲ။**

ဖြေ။ ။အရေးကြီးဆုံးအချက်ကတော့ အပြန်အလှန်ယုံကြည်မှု တည်ဆောက်ဖို့ပါပဲ။ အပြန်အလှန်ယုံကြည်မှုမရှိဘဲ ငြိမ်းချမ်းရေးတည်ဆောက်လို့မရပါဘူး။ အပြန်အလှန်ယုံကြည်မှု တည်ဆောက်ဖို့ဆိုတာကလည်း အတော်ခက်ခဲတဲ့ အလုပ်တစ်ခု ဖြစ်ပါတယ်။ ယုံကြည်မှုတည်ဆောက်ဖို့အတွက် အစိုးရနဲ့တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေကြား ဆွေးနွေးပွဲတွေပြုလုပ်ပေးဖို့လိုပါတယ်။ ။

**တွေ့ဆုံမေးမြန်း - ကျော်ထိုက်စိုး၊ စိုးသူရ**
**ဓာတ်ပုံ - သုတ**



# စစ်ပွဲများရပ်တန့်ရေး ငြိမ်းချမ်းစွာစုဝေး စီတန်းလှည့်လည်၊ ပိုစတာများကိုင်ဆောင်တောင်းဆို

**မန္တလေး အောက်တိုဘာ ၁၆**

ငြိမ်းချမ်းရေးအတွက် စစ်ပွဲများရပ်တန့်ရေးရည်ရွယ်ချက်ဖြင့် မေတ္တာကမ်ပိန်းအဖွဲ့မှ ဦးညီညီကျော် ဦးဆောင်ကာ တိုင်းရင်းသား လူငယ်များ၊ ငြိမ်းချမ်းရေးမြတ်နိုးသူများ ၂၀၀ ခန့်သည် အောက်တိုဘာ ၁၅ ရက် ညနေ ၄ နာရီမှ ၆ နာရီအထိ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် (၂၆)လမ်းနှင့် (၇၈) လမ်းထောင့်တွင် စုဝေး၍ရင်းမှကျုံးဘေးလမ်းအတိုင်း (၂၆)လမ်းနှင့် (၇၁)လမ်းဆုံမြို့တော် စည်ပင် သာယာရုံးကြီးရှေ့အထိ ငြိမ်းချမ်းစွာ စုဝေးစီတန်း လှည့်လည်၍ ငြိမ်းချမ်းရေးအတွက် စစ်ပွဲများရပ်တန့်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးဒို့အရေး၊ ထိုးစစ်များ ချက်ချင်းရပ်စသည့်ပိုစတာများ ကိုင်ဆောင်တောင်းဆိုကြပြီး ဦးတင်အေးကြူ ဦးအောင်ဆန်းမိုင်းတို့က ပြည်တွင်းငြိမ်းချမ်းရေး၊ တိုင်းရင်းသားပြည်နယ်များ အေးချမ်းရေး ဟောပြောကြကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

**ဝန်းကျင်လှပသာယာဖို့ ဆေးစွဲသူကို ဝိုင်းကူစို့**

# ကိုရီးယားနိုင်ငံ ကင်းထောက်အဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များ မြန်မာနိုင်ငံ ကင်းထောက်လုပ်ငန်းများလေ့လာ

**ရန်ကုန် အောက်တိုဘာ ၁၆**

မြန်မာနိုင်ငံ ကင်းထောက်လုပ်ငန်းများ လေ့လာရန် ရောက်ရှိနေသည့် ကိုရီးယားနိုင်ငံ ကင်းထောက်အဖွဲ့ (Korea Scout Association)မှ ဒုတိယဥက္ကဋ္ဌ Mr. Kim Kyung Ho ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်ရုံးတွင် မြန်မာနိုင်ငံကင်းထောက်ကော်မတီ ဥက္ကဋ္ဌ ကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ ဒုတိယ ကင်းထောက်ချုပ် ဦးသာစိန်နှင့် ကော်မတီဝင်များ၊ ကင်းထောက်ကြီးများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ကင်းထောက်ချုပ် ဒေါက်တာတင်ညိုက မြန်မာနိုင်ငံ ကင်းထောက် ဖွဲ့စည်းမှုနှင့် ကမ္ဘာ့ကင်းထောက်အဖွဲ့၊ အာရှပစိဖိတ်ဒေသနှင့် မြန်မာနိုင်ငံ ကင်းထောက်လုပ်ငန်းဆက်သွယ် ဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံကင်းထောက် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်အခမ်းအနား ကျင်းပမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ကိုရီးယားနိုင်ငံ ကင်းထောက်အဖွဲ့ (Korea Scout Association)မှ ဒုတိယဥက္ကဋ္ဌ Mr.Kim Kyung Ho က မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများ၊ သက်ကြီးကင်းထောက်ကြီးများနှင့် လူငယ်ကင်းထောက်များ၏ ပူးပေါင်းဆောင်ရွက်မှုမှာ နိုင်ငံတကာက အတုယူနိုင်သည်အထိ တိုးတက်မှုကို ချီးကျူးပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင် နိုင်ငံအဖြစ် အသိအမှတ်ပြုလိုက်ပြီ ဖြစ်သဖြင့် ကိုရီးယားနိုင်ငံ ကင်းထောက်အဖွဲ့ ကိုယ်စား ဂုဏ်ပြုပါကြောင်း၊ ကိုရီးယား-မြန်မာ နှစ်နိုင်ငံ ကင်းထောက်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး ကိုရီးယားနိုင်ငံတွင် ကျင်းပမည့် ကမ္ဘာ့ကင်းထောက်ဂျန်ပူရီပွဲသို့ တက်ရောက်ရန် မြန်မာနိုင်ငံအား ဖိတ်ကြားပါကြောင်း ပြောကြားသည်။


ထို့နောက် မြန်မာနိုင်ငံအား ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ် အသိအမှတ်ပြုသဖြင့် ကိုရီးယားနိုင်ငံ ကင်းထောက်အဖွဲ့ ဒုတိယဥက္ကဋ္ဌ Mr.Kim Kyung Ho နှင့်အဖွဲ့က မြန်မာနိုင်ငံ ကင်းထောက်ချုပ် ဒေါက်တာတင်ညိုအား ကိုရီးယားနိုင်ငံ ကင်းထောက်အဖွဲ့၏ ဂုဏ်ပြုအထိမ်းအမှတ် အမှတ်တရပစ္စည်းများပေးအပ်သည်။ **(အပေါ်ပုံ)**



ကိုရီးယားနိုင်ငံ ကင်းထောက်အဖွဲ့သည် ထိုင်းနိုင်ငံတွင် ကျင်းပလျက်ရှိသည့် ကမ္ဘာ့ကင်းထောက်အဖွဲ့ အာရှပစိဖိတ်ဒေသဆိုင်ရာ စီမံခန့်ခွဲမှုအစည်းအဝေး တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံတွင် ကင်းထောက်လုပ်ငန်းများကို အောက်တိုဘာ ၁၇ ရက်အထိ လာရောက်လေ့လာခြင်းဖြစ်သည်။

**ကိုလတ် (သတင်းစဉ်)**

# ဘတ်စ်ကားပိုင်ဆိုင်မှုစနစ် ပြောင်းလဲအကောင်အထည်ဖော်ခြင်းနှင့်အတူ ဘတ်စ်ကားပြေးဆွဲမှုစနစ်ပါ ပြောင်းလဲသွားမည်



**ရန်ကုန် အောက်တိုဘာ ၁၆**

မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့တွင် အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်ကို ပြောင်းလဲအကောင်အထည်ဖော်နိုင်ရေးအတွက် တစ်ဦးချင်းပိုင်ယာဉ်များစုပေါင်းပြေးဆွဲနေသည့် စနစ်မှ စနစ်တကျ ဖွဲ့စည်းထူထောင်မည့် အများပိုင်ယာဉ်လိုင်းများအဖြစ် ပြောင်းလဲအကောင်အထည်ဖော်နေခြင်းနှင့်အတူ ဘတ်စ်ကားပြေးဆွဲမှုစနစ်ကိုလည်း ပြောင်းလဲသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

ရန်ကုန်မြို့၏ အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်ကို ပြောင်းလဲအကောင်အထည်ဖော်ရာတွင် ပြည်သူလူထုကို ဗဟိုပြုသည့်ဝန်ဆောင်မှုများ ဖြစ်ပေါ်စေရန်အတွက် ဘတ်စ်ကားဟောင်းများ၊ ကြံ့ခိုင်မှုအားနည်း၍ ဥပမိရုပ်မကောင်းတော့သော နှစ် ၂၀ အထက် ယာဉ်အိုယာဉ်ဟောင်းများကို ဦးစားပေးအဆင့်အနေဖြင့်အချိန်ယူလဲလှယ်ပေးသွားမည်ဖြစ်ပြီး ဒုတိယအဆင့်အနေဖြင့်ဘတ်စ်ကားပြေးဆွဲမှုစနစ်ကိုလည်း ပြောင်းလဲသွားမည်ဖြစ်သည်။

"သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ရဲ့ အဓိက ရည်ရွယ်ချက်က အများပြည်သူ ပို့ဆောင်ရေးစနစ် ကောင်းမွန်ဖို့ပါပဲ။ နှစ်ပေါင်းများစွာယိုယွင်းလာတဲ့ သယ်ယူပို့ဆောင်ရေးစနစ်အတွက် အချိန်တိုအတွင်းချက်ချင်း ပြောင်းလဲဖို့ဆိုတာ မလွယ်ကူပါဘူး။ ဒါပေမယ့်လည်း အမြန်ဆုံးဆောင်ရွက်နိုင်ဖို့ကို တွန်းအားပေးနေပါတယ်။ အခုဆိုရင် ဘတ်စ်ကားဟောင်းတွေကို လဲလှယ်ခွင့်ပေးမယ်။ ကားပိုင်ရှင်တွေ မနစ်နာအောင်လူစီးယာဉ် ပြန်လည်ခွင့်ပြုပေးတာဖြစ်ပါတယ်။ ဒါကို အချိန်ယူဆောင်ရွက်သွားမှာ ဖြစ်ပြီး ဖြည်းဖြည်းချင်း လဲလှယ်သွားမှာပါ။ တစ်ဖက်ကလည်း အများပိုင်ဘတ်စ်ကားလိုင်းတွေ ထောင်ပြီး ကားသစ်တွေ မှာထားတာ နောက်နှစ်ဆန်းလောက်ဆို စပြေးဆွဲနိုင်တော့မှာပါ။ တစ်ခုနဲ့တစ်ခုကိုချိတ်ဆက်ပြီး အကောင်အထည်ဖော်သွားမှာပါ။ ကားသစ်တွေ ရောက်လာလို့အများပိုင်တွေ ပြေးဆွဲတဲ့အခါ ဘတ်စ်ကားပြေးဆွဲမှုစနစ်ကို ပြောင်းလဲသွားမှာပါ။ အများပိုင် ကုမ္ပဏီတစ်ခုကို လမ်းမကြီးတစ်လမ်းကိုတာဝန်ယူစေတာမျိုး၊ တစ်လမ်းကို ယာဉ်လိုင်းတစ်လိုင်းဆိုတဲ့စနစ်မျိုးအကောင်အထည်ဖော်မှာပါ"ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူ ပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့အတွင်းရေးမှူး ဒေါက်တာ မောင်အောင်က ပြောသည်။

ဘတ်စ်ကားပြေးဆွဲမှုစနစ် ပြောင်းလဲဆောင်ရွက်ရာတွင် လက်ရှိရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်လိုင်းကြီးများအောက်တွင် ပြေးဆွဲနေသည့်လိုင်းငယ်ပေါင်း ၃၅၀ ခန့်ရှိပြီး အချို့မှာ ယာဉ်လိုင်းရှိသော်လည်း ပြေးဆွဲသည့် ကားမရှိတော့ခြင်း၊ အချို့မှာ အစီးရေနည်းပါးခြင်း၊ လမ်းကြောင်းတူ/ထပ်နေသည့် လိုင်းများဖြစ်နေခြင်း၊ လိုင်းအရေအတွက် ဖောင်းပွနေခြင်းတို့ကြောင့် အဆိုပါယာဉ်လိုင်းများမှ အများပိုင်ကုမ္ပဏီများဖွဲ့စည်းစေကာ ယာဉ်လိုင်း ၅၀ ကျော်ခန့်သာ ထားရှိပြေးဆွဲစေမည်ဖြစ်သည်။ ယင်းအပြင် အဓိကကျသော လမ်းမကြီးများတွင် ကားလိုင်းများထပ်နေခြင်းထက် လမ်းမကြီးတစ်လမ်းကို ယာဉ်လိုင်းတစ်လိုင်းသာ တာဝန်ယူပြေးဆွဲစေသည့်စနစ်ကိုလည်း ကျင့်သုံးသွားမည်ဟု အဆိုပါအဖွဲ့မှ သိရသည်။

"ဘတ်စ်ကားစနစ်ကို ပိုင်ဆိုင်မှုပုံစံပြောင်းမယ်။ ပြေးဆွဲမှုပုံစံပြောင်းမယ်။ ပြီးတော့ စီမံအုပ်ချုပ်မှု ပုံစံပြောင်းမယ်။ပြေးဆွဲမှုပုံစံမှာလည်း လိုင်းတွေ ထပ်နေတာ၊ ရှုပ်နေတာတွေ မဖြစ်စေဘဲ ပြေးဆွဲစေမယ်။ အများပြည်သူ ဝန်ဆောင်မှုပုံစံဖြစ်ရမယ်။ နိုင်ငံတကာပုံစံလိုပဲ၊ စီမံအုပ်ချုပ်မှုစနစ်မှာ အရင်က မထသက ကိုင်တွယ်နေရာကနေ နောက်ပိုင်းမှာ အများပိုင်ယာဉ်လိုင်းတွေကို ဖွဲ့စည်းစေပြီး အစိုးရအဖွဲ့အနေနဲ့၊ အာဏာပိုင်အဖွဲ့အနေနဲ့ ကုမ္ပဏီတွေကိုပဲကိုင်တွယ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နောက်ပြီး လက်ရှိမှာ ၂၀၀၁၊ ၂၀၀၂၊၂၀၀၃ မိုဒယ်ကားတွေ အဲကွန်းတပ်ဆင်ပြီး ဝန်ဆောင်မှုမြင့်ပြီး ပြေးဆွဲလာတဲ့ ကားတွေကိုလည်း Technical Team နဲ့ စစ်ပြီး အများပိုင်ဘတ်စ်ကားလိုင်းတွေမှာ အချိန်အတိုင်းအတာတစ်ခုအထိ ပါဝင်နိုင်ဖို့အတွက်ကိုလည်း စဉ်းစားပေးမှာဖြစ်ပါတယ်။

ဘယ်မောင်းဖြစ်ပြီး ဥပမိရုပ်ကောင်း၊ အဲကွန်းကောင်းတဲ့ကားတွေကို အများပိုင်မှာ ယာယီပြေးဆွဲခွင့်ပေးမယ်။ အဓိကအနေနဲ့ကတော့ မိန်းလမ်းမကြီးတွေမှာ အများပိုင်ဘတ်စ်ကားတွေ ပြေးဆွဲပြီးတော့ အခြားလမ်းတွေ၊ ဖြတ်လမ်းတွေမှာ အခြားကားတွေကို ပြေးဆွဲခွင့်ပြုမှာဖြစ်ပါတယ်"ဟု ဒေါက်တာ မောင်အောင်က ရှင်းပြသည်။

လက်ရှိတွင် မထသ အပါအဝင် ယာဉ်လိုင်းအဖွဲ့အစည်းကြီးများကအများပိုင်ကုမ္ပဏီဖွဲ့ရန် ပြင်ဆင်လျက်ရှိပြီး ယာဉ်ပိုင်ရှင်များ စုဖွဲ့ထားသည့် ယာဉ်လိုင်းအချို့ကလည်း အများပိုင်ယာဉ်လိုင်းအဖြစ် ပြောင်းလဲရန် ကုမ္ပဏီလျှောက်ထားပြီးဖြစ်ကြောင်း သိရသည်။ လက်ရှိအများပိုင်ကုမ္ပဏီလျှောက်ထားမှုပေါင်း ၂၁ ခုရှိပြီး ကုမ္ပဏီရှစ်ခုခန့် ခွင့်ပြုဆောင်ရွက်သွားမည်ဟု သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ထံမှ သိရသည်။

နှစ်ပေါင်းများစွာ အားနည်းမှုများရှိခဲ့သည့် ရန်ကုန်မြို့အများပြည်သူ ပို့ဆောင်ရေးသည် ဝန်ဆောင်မှုကဏ္ဍထက် ရင်းနှီးမြှုပ်နှံမှုပြုကာ ငွေရှာသည့်အနေအထားက ပိုများပြားခဲ့ပြီး ဝန်ဆောင်မှုကို အခြေပြုသည့်အများပြည်သူ ပို့ဆောင်ရေး အသွင်ပြောင်းလဲရာတွင် အစိုးရ၏ ကူညီပံ့ပိုးမှုများလိုအပ်မည်ဟု ယာဉ်ပိုင်ရှင်များက သုံးသပ်သည်။

အချိန်အတိုင်းအတာတစ်ခုအထိ အရှုံးခံပြေးဆွဲရမည့် အနေအထားများကြောင့် အများပြည်သူသုံးယာဉ်များအား အခွန်လျှော့ချပေးခြင်း၊ အခြားသော သက်ညှာမှုများ၊ ပံ့ပိုးမှုများပေးခြင်းတို့ကို ပြုလုပ်ပေးပါက ပြည်သူဗဟိုပြုသည့် သယ်ယူပို့ဆောင်ရေးစနစ် အလျင်အမြန် ပီပြင်လာမည်ဖြစ်ပြီး တစ်ဦးချင်းပိုင်ယာဉ်များ အသုံးပြုမှုလည်း လျော့ကျသွားမည်ဟု ယာဉ်ပိုင်ရှင်များက တိုက်တွန်းပြောဆိုထားသည်။ **(ဆုနှင်းလှဲ့)**



## အခြေခံစားကုန်လေးမျိုး လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၁၆**

နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ နေပြည်တော် လယ်ဝေးမြို့နယ် သာဝတ္ထိ ကျေးရွာအုပ်စု မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေးဉယျာဉ်(စမတောင်)သို့ လစဉ်လှူဒါန်းလျက်ရှိသည့် အခြေခံစားကုန် လေးမျိုး (ဆန်အိတ် ၅၀၊ ဆီ ပိဿာ ၃၀၊ ကုလားပဲ ပိဿာ ၅၀၊ ဆား ပိဿာ ၃၀)တို့အား အကြိမ်(၅၀)မြောက်အဖြစ် နေပြည်တော် စည်ပင်သာယာရေးကော်မတီ ကော်မတီဝင်(၁) ဦးအေးမြင့်သည် လှူဒါန်းရေးအဖွဲ့တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းက သွားရောက်လှူဒါန်းကြသည်။

အဆိုပါ မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေးဉယျာဉ်(စမတောင်)တွင် ဘွဲ့ရရှိပြီးသူ ၂၆ ဦး၊ အဆင့်မြင့်ပညာ (စစ်တက္ကသိုလ်၊ သူနာပြုတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ အဝေးသင်တက္ကသိုလ် နှင့် GTC ) သင်ကြားနေသူ ၄၁ ဦး၊ အခြေခံပညာသင်ကြား နေသူ ၄၉၁ ဦး၊ မူကြိုအဆင့် ၄၀ နှင့် နို့ဘူးတိုက်ကလေး ၆၆ ဦး စုစုပေါင်း ၆၆၄ ဦးရှိကြောင်း သိရသည်။ **(ဇော်မင်းအောင်)**

## သုတပဒေသာစာစောင် အသွင်သစ်ဖြင့်ထွက်ရှိ

၁၉၇၃ ခုနှစ်၊ ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများလက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများ ပြုလုပ်ပြီး လစဉ်ထုတ်ဝေလျက်ရှိသည်။ နိုင်ငံတကာ ထုတ်စာအုပ်စာစောင်များမှ ကောင်းနိုးရာရာ အကြောင်းအရာများကို ရွေးချယ် ဘာသာပြန်ဆိုထားသော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သိပ္ပံနှင့် နည်းပညာ၊ အတွေးအခေါ်၊ ကျန်းမာရေး၊ ပညာရေးစသည့် သုတဆောင်းပါးများ၊ နိုင်ငံရပ်ခြား ကဗျာ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန် စသည့် ရသကဏ္ဍများနှင့် နိုင်ငံသားများ ဗဟုသုတရရှိစေရေးကို ရည်ရွယ်၍ ခေတ်မီအကြောင်းရပ်များကို အထူးပြုရေးသားသည့် မျက်နှာဖုံးဆောင်းပါးကြီးများကိုလည်း ဖော်ပြလျက်ရှိသည်။ အသက် (၁၈) နှစ်မှ (၂၅)နှစ်အတွင်းရှိ လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားပြီး အသွင်သစ်ဖြင့် ထုတ်လုပ်လိုက်သော သုတပဒေသာ စာစောင်(အောက်တိုဘာလ)ကို ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

အောက်တိုဘာလထုတ် သုတပဒေစာစောင်တွင် ဆရာဦးဟန်ညွန့်(ဥပဒေ)၊မျိုးအောင်(ရုက္ခဗေဒ)၊ ဦးအောင်စိုးဦးတို့၏ "ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်" မျက်နှာဖုံးဆောင်းပါးများ၊ ဟိန်းလတ်၊ ကြည်မင်း၊ မောင်ပေါ်ထွန်း၊ အေးဖြူ မောင်မိုးယံတို့၏ အတွေးအခေါ်နှင့် တက်ကျမ်း၊ ပြည်သူ့ကျင့်ဝတ်နှင့် နီတိဆိုင်ရာ ဆောင်းပါးများ၊သိပ္ပံစာရေးဆရာ ကိုကိုအောင်၊ ဒေါက်တာလွှမ်းမိုးဟန်၊ ဘူမိလုလင်(မြိတ်)၊ လင်းထက်သော်တာတို့၏ သိပ္ပံနှင့် နည်းပညာဆိုင်ရာ ဆောင်းပါးများ၊ တင်ညွန့်၊ သာလူရှည်၊ စည်သူလှိုင်တို့၏ ပညာရေးနှင့် စီးပွားရေးဆိုင်ရာ ဆောင်းပါးများ၊ ကျော်ဦး၊ ထီလာစိုးမြင့်ထယ်တို့၏ သဘာဝပတ်ဝန်းကျင် ရှုထောင့်ဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာ ဆောင်းပါးများ၊ သန့်လွင်ထွန်း၊ ဒေါက်တာခိုင်ခိုင်ဝင်း၊ စုဝဏ္ဏ၊ ဒေါက်တာမြင့်သန်း (သန္တေသား)၊ မြသိန်း၊ ဒေါက်တာလှဖေ၊ စုသျှန်ဒီတို့၏ မူးယစ်နှင့် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ဖိုးရန်နိုင် (ကျောက်ကြီး)၊ ဦဘသန်း (မဟာဝိဇ္ဇာ)၊ စိုးစိုး(ပန်းတောင်း) ဆောင်းဝင်းလက်၊ ငွေးမောင်၊ ယဉ်မင်းထွေး၊ (စာပေဗိမာန်)၊ မော် (သန်လျင်)တို့၏ ကဗျာ၊ ဟာသ၊ ဝတ္ထုတိုနှင့် ဖြစ်ရပ်မှန်များကိုရောင်စုံ ဖြူ မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ်(၅၂၉-၅၃၁)ကုန်သည်လမ်း ရန်ကုန်မြို့ စာပေဗိမာန်စာအုပ် အရောင်းဆိုင် ၈၆ လမ်း ၂၁ လမ်းနှင့် ၂၂လမ်းကြား မန္တလေး ဖုန်း ၀၂-၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**



ပြည်သူများ လျှပ်စစ်အန္တရာယ် ကင်းဝေးစေရေး အသိပညာပေး ဟောပြောပွဲကို ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး ဟောပြောပွဲကို အောက်တိုဘာ ၇ ရက်က ကျင်းပရာ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးခင်ဇော်နှင့် မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးရဲဇေယျာမင်းတို့က လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဆွေးနွေး ဟောပြောစဉ်။ **မြို့နယ်(ပြန်/ဆက်)**

# Miss Universe Myanmar 2016

# အလှမယ် ထက်ထက်ထွန်းနှင့် တွေ့ဆုံခြင်း



**ဖိလစ်ပိုင်နိုင်ငံတွင်ကျင်းပမည့် Miss Universe 2016 ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြုပါဝင်ယှဉ်ပြိုင်ရန် အလှမယ်ထက်ထက်ထွန်း ရွေးချယ်ခံခဲ့ရသည်။ ထို့ကြောင့် အလှမယ် ထက်ထက်ထွန်း၏ အနုပညာခရီး၊ ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေမှုများနှင့် ငယ်ဘဝဖြတ်သန်းမှုများအကြောင်း မေးမြန်းဖော်ပြလိုက်ရပါသည်-**



**Miss Universe Myanmar 2016 မဖြစ်ခင် ဖြတ်သန်းခဲ့တဲ့ အနုပညာခရီး အကြောင်း ပြောပြပေးပါ။**

Miss Universe Myanmar 2016 မဖြစ်ခင် အနုပညာအလုပ်လုပ်ခဲ့တာ ငါးနှစ်ကျော်ပါပြီ။ ၂၀၁၀ ခုနှစ် အောက်တိုဘာလလောက်မှာ Prince and Princess Gamone Pwint 2010 ပြိုင်ပွဲကနေပြီး အနုပညာလောကထဲ စရောက်ခဲ့ပါတယ်။ အဲဒီပြိုင်ပွဲမှာ Best Body ဆုကိုရခဲ့တယ်။ ၂၀၁၁ခုနှစ် ဧပြီလမှာ Mr. and Ms. La Pyayt Wun 2011 ပြိုင်ပွဲထပ်ပြိုင်တယ်။ အဲဒီပြိုင်ပွဲမှာMiss.La Pyayt Wun 2011 ဆုကြီးရယ်၊ Title ဆု နှစ်ဆုဖြစ်တဲ့ Best Styleနဲ့ Best Talent ဆိုပြီး ဆုသုံးဆုရတယ်။ ၂၀၁၁ခုနှစ် ဩဂုတ်လမှာ Mr. and Ms. Dell 2011 ပြိုင်ပွဲမှာ Ms.Dell 2011 ဆုထပ်ရတယ်။ အဲဒီပြိုင်ပွဲပြီးတော့ မဟော်ဂနီနဲ့ ဇာတ်ကားတွေ ရိုက်ဖို့စာချုပ်ချုပ်ဖြစ်ခဲ့ပါတယ်။ အဲဒီအချိန်မှာ မော်ဒယ်အလုပ်ကို မလုပ်ဖြစ်တော့ဘဲ ဇာတ်ကားတွေ ရိုက်ခဲ့တယ်။ ပြိုင်ပွဲတွေပြန်ပြီးပြိုင်ဖြစ်တာက Miss Myanmar World 2014 ပွဲပေါ့။ Miss Myanamr World 2014 ပြိုင်ပွဲမှာ 2nd Runner up ဆုနဲ့ Title ဆုက Photogenic ဆုရတယ်။ အဲဒီပွဲပြီးတော့ Miss Universe Myanmar 2015 & 2016 ပွဲမှာပြိုင်တယ်။ ပြိုင်ပွဲမှာ Miss Universe Myanmar 2016 Winner ဆုရတယ်။ ပြီးတော့ Miss Photogenic၊ Miss Gorgeous၊ Miss Body Perfect ဆိုတဲ့ Title ဆုသုံးဆုရခဲ့ပါတယ်။

**ငယ်ဘဝဖြတ်သန်းမှုကရော။**

ငယ်ငယ်က အလွန်စကားတတ်တယ်လို့ လူကြီးတွေက ပြောကြတယ်။ အိမ်ကလူကြီးတွေကို အလွန်ချွဲတတ်တယ်။ ကလေးနဲ့မတူအောင် စကားပြောတတ်တယ်ပေါ့နော် (ရယ်လျက်)။ အလှလည်း အလွန်ကြိုက်တာ။ ငယ်ငယ်တုန်းက ပုံတွေပြန်ကြည့်လိုက်ရင် နှုတ်ခမ်းနီ အမြဲဆိုးတယ်။ နေကာမျက်မှန်အမြဲတပ်တယ်။ ဂါဝန်အမြဲ ဝတ်တယ်။ ထက်ထက်တို့က ညီအစ်မနှစ်ယောက်ပဲရှိတာ။ အသက်ကလည်းတစ်နှစ်ပဲကွာတယ်။ အစ်မက အေးတယ်။ ညီမကသွက်တယ်။ ကျောင်းတက်တာက သူငယ်တန်းကနေ ဆယ်တန်းအထိ အထက(၁) ဒဂုံမှာ တက်ခဲ့တယ်။ ၂၀၀၇-၂၀၀၈ ခုနှစ်မှာ ဆယ်တန်းအောင်တယ်။ သူငယ်ချင်းတွေက ပြန်ပြောပြတယ်။ နင်ကျောင်းတက်တုန်းက လမ်းလျှောက်ရင် ကော့တော့၊ ကော့တော့နဲ့တဲ့၊ ငယ်ငယ်လေးကတည်းက မော်လ်ဒယ်လိုပဲတဲ့။ ကျောင်းပြန်လို့ ကျူရှင်သွားရင်လည်း အဝတ်အစားဝတ်တာ အလှပြင်တာတို့ကိုလည်း ဖက်ရှင်ကျကျလေး ရွေးဝတ်တာ။ ကျောင်းမှာလုပ်တဲ့ (Activities) လှုပ်ရှားမှုတွေ၊ ကပွဲတို့မှာပါတယ်၊ (၅) တန်း၊ (၆) တန်းမှာ ပန်းဖွားကတဲ့အဖွဲ့မှာပါတယ်။ ဘင်ခရာသံကြားရင် ခုချိန်ထိ ကချင်တုန်းပဲ။ (၈) တန်း၊ (၉) တန်းမှာ ကျောင်းရဲ့ ဗန်းကိုင်ပေါ့။

**တက္ကသိုလ်တက်တော့ရော။**

တက္ကသိုလ်တက်တော့ လှိုင်သာယာက ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်မှာ။ အဲဒီအချိန်ကျတော့ အိမ်က ကျောင်းကိုလိုက်မပို့နိုင်တော့ဘူး။ ဖယ်ရီကားစီးပြီး သူငယ်ချင်းတွေနဲ့အတူသွားတယ်။ ပျော်စရာကြီးပေါ့၊ ဘယ်တော့မှလည်း ပြန်ရမယ့်အချိန်မဟုတ်တော့ဘူး။ B.Tech Civil Engineering နဲ့ ကျောင်းပြီးခဲ့ပါတယ်။

**Miss Universe 2016 ပြိုင်ပွဲအတွက် ပြင်ဆင်နေမှုကိုလည်း ပြောပါဦး။**

ကိုယ်ကာယပိုင်းနဲ့ ရုပ်ပိုင်းဆိုင်ရာ (Physical) ပိုင်းတွေက ပြိုင်ပွဲတစ်ပွဲမှာ အရေးပါတယ်။ တခြားပြိုင်ပွဲဝင်နိုင်ငံတွေက အလှမယ်တွေက ငယ်ငယ်လေးကတည်းက လေ့ကျင့်ခဲ့ကြတာဆိုတော့ လေ့ကျင့်သား ပြည့်ဝနေတာပေါ့။ ကာယပိုင်းအတွက် Gym ကစားတယ်။ အစားအသောက်လည်း ဂရုစိုက်ရတာပေါ့။ Talent ပိုင်းအတွက် အကသင်တယ်။ အသားအရေအတွက်ရော ပရဟိတအတွက်ပါ လုပ်ဖြစ်တယ်လို့ပြောလို့ရတယ်။ ထက်ထက်က တိရစ္ဆာန်လေးတွေ သနားတတ်တယ်။ သူတို့ကိုအစာကျွေးတယ်။ လှူတယ်။ တိရစ္ဆာန်လေးတွေကို သနားပြီး သက်သတ်လွတ်စားဖြစ်တာလည်းပါတယ်။ နောက်ပြီးတော့ တခြားနိုင်ငံကပြိုင်ပွဲဝင်မယ့် အလှမယ်တွေရဲ့ လှုပ်ရှားမှုတွေကိုလေ့လာတယ်။ သူတို့လုပ်ဆောင်ချက်တွေကြည့်ပြီး သူတို့ဆီက လေ့လာသင်ယူနေတယ်။ ပြိုင်ပွဲဝင် နိုင်ငံပေါင်း ၉၀ ကျော်လောက်က လာပြိုင်မှာ။ ကိုယ်မသိသေးတဲ့ တခြားပြိုင်ပွဲဝင် နိုင်ငံတွေက အလှမယ်တွေနဲ့လည်း သူငယ်ချင်းတွေ ဖြစ်မှာဆိုတော့ သူတို့နိုင်ငံတွေနဲ့ သူတို့အကြောင်း ကြိုပြီး လေ့လာနေတယ်။ ကိုယ့်နိုင်ငံအကြောင်းလည်း သူတို့ကို ပြောပြဖို့ ပြင်ဆင်ထားပါတယ်။ နောက်တစ်ချက်က ဘာသာစကားပေါ့။

အင်္ဂလိပ်စာကို သေချာကျွမ်းကျွမ်းကျင်ကျင်ပြောနိုင်အောင် ပြင်ဆင်နေပါတယ်။ ဘယ်လောက် စကားပြောပြော သူတို့နားလည်အောင် မပြောပြနိုင်ရင် မရဘူးဆိုတော့ ပေါင်းသင်းဆက်ဆံရေးမှာအဆက်အသွယ်ဖြစ်စေမယ့် ဘာသာစကားကိုလည်း အဓိကထားလေ့လာနေပါတယ်။ Title ဆုတွေထဲက ပေါင်းသင်းဆက်ဆံရေးဆုကို အဓိကထားကြိုးစားသွားပါ့မယ်။ အဲဒီအတွက်လည်း ကြိုတင်ပြင်ဆင်နေတယ်။ National Costume အတွက်တော့ ရုပ်သေးရုပ်ပုံစံဝတ်စုံလေး စီစဉ်ထားပါတယ်။ မိတ်ကပ်ပြင်ကတော့ ကိုယ်တိုင်လည်း ဝါသနာပါပြီးနေ့တိုင်းလည်း ပြင်နေကျဆိုတော့ အခက်အခဲတော့ သိပ်မရှိပါဘူး။

**ဘဝမှာ အခက်အခဲတွေကြုံတွေ့လာတဲ့အခါ ဘယ်လိုရင်ဆိုင်ကျော်ဖြတ်လဲ။**

ထက်ထက်က ငယ်ငယ်ကတည်းက စိတ်မာတယ်လို့ ထင်ရတဲ့အထဲမှာပါတယ်။ သွက်သွက်လက်လက် ထက်ထက်မြက်မြက်ရှိတော့ စိတ်မာတယ်လို့ ထင်ရတယ်။ ဒါပေမယ့် အတွင်းစိတ်က အားငယ်တတ်တယ်လို့ပြောရမယ်။ တစ်ခုခုဖြစ်ရင် အရမ်းအငိုသန်တယ်။ မျက်ရည်လွယ်တယ်။ စိတ်ခံစားလွယ်တယ်။ ဒါပေမယ့် ပြီးသွားရင် ဆုံးဖြတ်ချက်တစ်ခုကို ချက်ချင်းချတတ်တယ်။ တစ်ခုခုဆိုရင် သူများပြောတာထက် ကိုယ့်ဆုံးဖြတ်ချက်နဲ့ ကိုယ်လုပ်တယ်။ သူများစကားကို သိပ်ပြီးနားယောင်လေ့မရှိဘူး။ သူများစကားနဲ့ ကိုယ့်ကိုယ်ကိုယ်စိတ်ညစ်မခံဘူး။ ကိုယ်ကိုယ်တိုင်ပဲဆုံးဖြတ်တာများတယ်။ မော်ဒယ်အလုပ်စလုပ်တော့လည်း အိမ်ကအားလည်း မပေးဘူး။ တားလည်းမတားဘူး။ အဲဒီအချိန်က ကျောင်းလည်းတက်နေတော့ ပွဲတွေ ဘာတွေသွားပြီဆိုရင် အရမ်းဒုက္ခရောက်တယ်။ အိမ်ကလည်း လိုက်မပို့ဘူး။ ကျောင်းတက်နေတော့ မုန့်ဖိုးကလည်းသိပ်မရှိဘူး။ အလှတွေပြင်၊ ဒေါက်ဖိနပ်တွေနဲ့ ရှိတဲ့ပိုက်ဆံကိုခြစ်ကုတ်ပြီး တစ်ခါတလေဆို ဘတ်စ်ကားတောင် တိုးစီးရတယ်။

ပိုက်ဆံကိုလည်း တွက်ချက်ရတယ်။ ကားစီးရမှာက ဘယ်လောက်၊ မိတ်ကပ်ဖိုး၊ အဝတ်အစားဖိုး၊ ဖိနပ်ဖိုးတွေကအစ တွက်ချက်ပြီးလုပ်ရတယ်။ တစ်ခါဆို ဆီဒိုးနားက ပွဲတစ်ပွဲသွားတာ (၄၃) ဘတ်စ်ကားက အထူးကားမလာတော့ ရိုးရိုးကားပေါ် တက်သွားတယ်။ ကားပေါ်ရောက်တော့ နေရာမရဘူး။ မိတ်ကပ်တွေလိမ်း၊ ဒေါက်ဖိနပ်တွေနဲ့ ဘတ်စကားပေါ်မှာ မတ်တတ်ရပ်ပြီး ခပ်တည်တည်ပဲ(ရယ်လျက်)။ ပွဲတစ်ပွဲသွားပြီဆိုရင် ကိုယ်တိုင်မိတ်ကပ်လိမ်းတာများတယ်။ မော်ဒယ်စလုပ်တော့ ပွဲတွေမှာ မိတ်ကပ်ဆရာတွေ မိတ်ကပ်လိမ်းတာ ဆံပင်ပြင်တာတို့ ကိုယ့်ကိုပြင်ပြီးပြီဆိုရင် သူများတွေကို လိမ်းပေးတာ၊ ဆံထုံးထုံးတာကို သေချာလိုက်ကြည့်တယ်။ ပြီးရင်အားတဲ့အချိန်မှာ ကိုယ့်ဘာသာကိုယ် ပြန်လုပ်ကြည့်တယ်။ လေ့ကျင့်တယ်ပေါ့နော်။ နောက်ပိုင်းကျတော့ ကိုယ့်ဘာသာကိုယ် ပြင်တယ်။ တခြားသူတွေကိုလည်း ပြင်ပေးနိုင်လာတယ်။

**လက်ရှိမှာ အနုပညာအလုပ်အပြင် တခြားဘာတွေလုပ်ဖြစ်သေးလဲ။**

လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကစပြီး မော်ဒယ်အလုပ်ကိုပြန်ပြီး အခြေချရင်းနဲ့ စီးပွားရေးအလုပ်တစ်ခု လုပ်ဖြစ်တယ်။ ကိုယ်ပိုင်စီးပွားရေးအလုပ်ပါ။ သူငယ်ချင်းတွေ၊ မော်ဒယ်ညီမလေးတွေအတွက် အလုပ်ရှာပေးတဲ့ ပွဲစီစဉ်ပေးတဲ့ အလုပ်လည်းဖြစ်ပါတယ်။ အဖွဲ့ရဲ့အမည်က Nine Event Planner ဖြစ်ပြီး Planning all the event လုပ်ပေးတာပါ။ အသံ၊ အလင်း၊ စတိတ်နဲ့ အခြားသော ဆက်စပ်လုပ်ငန်းတွေကို ကိုယ်ပိုင်တိုက်ရိုက် ငှားရမ်းပေးတာပါ။ ဒီစီးပွားရေးက အနုပညာလုပ်ရင်းရရှိလာတဲ့ ရိုးသားတဲ့ချွေးနဲ့စာလေးတွေစုဆောင်းပြီး မိုးစက်မိုးပေါက်လေးတွေကနေ ရေအိုင်တစ်အိုင်ဖြစ်အောင် တဖြည်းဖြည်းတည်ထောင်ခဲ့ရတာပါ။ ပရိသတ်တွေရဲ့ ချွေးနဲ့စာဆိုလည်း မမှားပါဘူး။ မိဘဆွေမျိုးတွေရဲ့ အရင်းအနှီးမပါဘဲ ကြိုးစားခဲ့ရတာမို့ ဘဝရဲ့ဂုဏ်ယူစရာ အောင်မြင်မှုတစ်ခုအဖြစ်လည်း ပြောချင်ပါတယ်။ နောက်ပြီး Presenter လည်း လုပ်ဖြစ်ပါတယ်။

**နိုင်ငံကိုယ်စားပြုအနေနဲ့ ဘယ်လိုယှဉ်ပြိုင်သွားမလဲ။**

ရှိသမျှအစွမ်းအားလုံးနဲ့ ကြိုးစားယှဉ်ပြိုင်သွားမှာပါ။ ဘာဖြစ်လာမလဲဆိုတာတော့ ကြိုပြောလို့မရပေမယ့် နေရာတစ်ခုကို ရအောင်ယူခဲ့မယ်လို့ ကြိုပြီးတော့မပြောထားချင်ဘူး။ နိုင်ငံ့ဂုဏ်သိက္ခာ မကျရအောင် အတတ်နိုင်ဆုံး ထိန်းသိမ်းသွားမှာပါ။ သရဖူဆုရဖို့အထိကို ရည်မှန်းထားပါတယ်။ ဒါပေမယ့် မသေချာဘဲနဲ့ စကားတစ်ခွန်းကို ကတိမပေးချင်ပါဘူး။ သေချာတာတစ်ခုကတော့ အကောင်းဆုံးကြိုးစားသွားမှာပါ။

**ဘာများဖြည့်စွက်ပြောချင်ပါလဲ-**

ပရိသတ်တွေကို ကျေးဇူးတင်ပါတယ်ဆိုတဲ့စကားထက် ပိုတဲ့စကားရှိရင် ပြောချင်ပါတယ်။ မြန်မာကိုယ်စားပြု ဘယ်သူဖြစ်ဖြစ် အားပေးကြတာ၊ ကိုယ်နဲ့သွေးမတော်ဘဲနဲ့ ကိုယ့်ကို အားပေးကြတာ၊ အချိန်ရော၊ လူရောပေးပြီး အားပေးကြတာတွေ တွေ့ရတော့ အလွန်ဝမ်းသာပါတယ်။ အားပေးတဲ့ပရိသတ်တွေအတွက်လည်း အကောင်းဆုံးကြိုးစားယှဉ်ပြိုင်သွားမှာပါ။ ။

မင်းလှသား

# ဘာစီလိုနာကို ရင်ဆိုင်ရန် မန်စီးတီး ယုံကြည်မှုရှိ

မန်စီးတီးနည်းပြ ဂွါဒီယိုလာက သူ၏ အသင်းဟောင်း ဘာစီလိုနာအသင်းမှာ စက်တစ်ခုကဲ့သို့ပင် အင်မတန်ကောင်းမွန်လွန်းသည့် အသင်းဖြစ်သော်လည်း ဘာစီလိုနာကို ရင်ဆိုင်ရန် လုံလောက်သည့် ယုံကြည်မှုမျိုး မန်စီးတီးတွင်လည်းရှိနေကြောင်း ပြောကြားလိုက်သည်။ မန်စီးတီးအသင်းသည် လာမည့် အောက်တိုဘာ၁၉ရက်တွင် ဘာစီလိုနာကို အဝေးကွင်းတွင် သွားရောက်ရင်ဆိုင်ရမည်ဖြစ်ခြင်းကြောင့် ဂွါဒီယိုလာက ပွဲကြိုအဖြစ် ယခုကဲ့သို့ မှတ်ချက်ပြုခဲ့ခြင်းဖြစ်သည်။

ဂွါဒီယိုလာမှာ ချန်ပီယံလိဂ်ဖလားကို ဘာစီလိုနာနှင့်အတူ နည်းပြဘဝ၊ ကစားသမားဘဝ နှစ်ရပ်စလုံးရယူနိုင်ခဲ့သူ ဖြစ်သော်လည်း ဘိုင်ယန်နည်းပြဘဝတွင် ဘာစီလိုနာကို ပြိုင်ဘက်အဖြစ် ရင်ဆိုင်ခဲ့သည့်အခါ အနိုင်ယူနိုင်ခြင်းမရှိဘဲ ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲအဆင့်မှ ထွက်ခဲ့ရဖူးသည်။ မန်စီးတီးအသင်းသည် အစောပိုင်းတွင် ၁၁ ပွဲဆက် နိုင်ပွဲရယူနိုင်ခဲ့သော်လည်း ချန်ပီယံလိဂ်တွင် ဆဲလ်တစ်အသင်းကို သရေသာ ကစားနိုင်ခဲ့ပြီးနောက် စပါးကို ထပ်မံအရေးနိမ့်ခဲ့သလို အဲဗာတန်အသင်းကိုလည်း ပင်နယ်တီကန်သွင်းခွင့် နှစ်ကြိမ်လုံး လွဲချော်ကာ တစ်ဂိုးစီ သရေကျခဲ့သည့်အတွက် ဘာစီလိုနာကို မန်စီးတီးမည်သို့ ရင်ဆိုင်မည်လဲဆိုသည့် မေးခွန်းအတွက် ဂွါဒီယိုလာက မန်စီးတီးဘက်တွင်လည်း ယုံကြည်မှုအပြည့်ရှိကြောင်း တုံ့ပြန်လိုက်ခြင်း ဖြစ်သည်။

ဂွါဒီယိုလာက "သုံးပွဲဆက် နိုင်ပွဲပျောက်ခဲ့တဲ့အပေါ် ခင်ဗျားတို့ သုံးသပ်နေကြမှာပေါ့။ ဒါပေမယ့် ကျွန်တော်တို့ဟာ အင်ပြည့် အားပြည့်ဖြစ်နေတဲ့ ပရော်ဖက်ရှင်နယ်အရည်အသွေး ရှိသူတွေပါ။ ဒါကြောင့် နိုင်ပွဲရတဲ့အခါ ဒီအခြေအနေကို တည်မြဲစေဖို့ အားထုတ်မှာဖြစ်သလို ရှုံးရင်လည်း ဘာကြောင့် ဖြစ်ရသလဲဆိုတာ ခွဲခြမ်းစိတ်ဖြာရမှာပေါ့ဗျာ" ဟု ပြောကြားခဲ့သည်။

ဂွါဒီယိုလာက ဘာစီလိုနာမှာ လွန်ခဲ့သည့် ၁၅ နှစ်အတွင်း အအောင်မြင်ဆုံး ကလပ်အသင်း တစ်သင်းဖြစ်သလို ဘောလုံးပိုင်ဆိုင်မှု ဦးစားပေး ကစားဟန်မှာ ပရိသတ်များအတွက် အမှန်တကယ် ဆွဲဆောင်အားကောင်းကြောင်း ချီးမွမ်းပြောကြားခဲ့သည်။

# ရှန်ဟိုင်းမာစတာတင်းနစ်အကြိုဗိုလ်လုပွဲတွင် ရှုံးပွဲကြုံခဲ့သည့် ဂျိုကိုဗစ်ချ် ဒေါသပေါက်ကွဲ ဗိုလ်လုပွဲသို့ တက်လှမ်းသွားပြီဖြစ်သည့် အန်ဒီမာရေး



ရှန်ဟိုင်းမာစတာ တင်းနစ်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်နှစ်ပွဲကို အောက်တိုဘာ ၁၅ ရက်တွင် ယှဉ်ပြိုင်ကစားခဲ့ရာ ကမ္ဘာ့အဆင့်(၁) ဂျိုကိုဗစ်ချ်မှာ စပိန်တင်းနစ်ကစားသမား အောဂတ်ကို အရေးနိမ့်ခဲ့သော်လည်း ကမ္ဘာ့အဆင့်(၂) အန်ဒီမာရေးကမူ ပြင်သစ်သားဂီးလက်စ်ဆီမွန်ကို အနိုင်ယူနိုင်ခဲ့သဖြင့် ဗိုလ်လုပွဲတွင် ၎င်းတို့နှစ်ဦး ထိပ်တိုက်တွေ့ဆုံမှုကို ပရိသတ်များ ကြည့်ခွင့်မရရှိတော့ပေ။ ဂျိုကိုဗစ်ချ်မှာ ကမ္ဘာ့အဆင့်(၁၉)ရှိ အောဂတ်ကို ၆-၄၊ ၆-၄ဖြင့် နှစ်ပွဲပြတ်အရေးနိမ့်ခဲ့ပြီးနောက် သူ၏ တင်းနစ်ရိုက်တံ(ရက်ကက်)ကို လွှင့်ပစ်ခဲ့သလို အကျီကိုပါ ဆုတ်ဖြဲခဲ့သည်အထိ ဒေါသပေါက်ကွဲခဲ့သည်။

မာရေးမှာမူ ဆီမွန်ကို ၆-၃၊ ၆-၄ဖြင့် သက်သောင့်သက်သာသာ အနိုင်ယူခဲ့ပြီး ဗိုလ်လုပွဲတွင် ဂျိုကိုဗစ်ချ်ကို အနိုင်ကစားခဲ့သူ အောဂတ်နှင့် တွေ့ဆုံ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အကယ်၍ ဗိုလ်လုပွဲတွင် မာရေးသာ ထပ်မံ ဗိုလ်စွဲနိုင်ခဲ့လျှင် ရမှတ် ၉၁၅မှတ်အထိ ရရှိမည်ဖြစ်သဖြင့် ၎င်းရည်မှန်းထားသည့် ကမ္ဘာ့အဆင့်(၁) နေရာ သို့ ရောက်ရှိလာရန် ပိုမိုနီးစပ်လာမည်ဖြစ်သည်။ သို့သော် မာရေးကမူ လက်ရှိကမ္ဘာ့အဆင့်(၁)မှာ ဂျိုကို ဗစ်ချ်သာဖြစ်သဖြင့် ရာသီသိမ်းအထိ အကောင်းဆုံး လက်စွမ်းကို ထိန်းသိမ်းနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ် သော်လည်း ယင်းကိစ္စရပ်ကိုသာ ဦးစားပေးစဉ်းစားနေမည် မဟုတ်ကြောင်း တုံ့ပြန်လိုက်သည်။

ဂျိုကိုဗစ်ချ်မှာ ၂၀၁၆ ပထမခြောက်လအတွင်း ကမ္ဘာ့အကောင်းဆုံး လက်စွမ်းဖြင့် ပြိုင်ဘက်မရှိ အနေအထားကိုပြသနိုင်ခဲ့သော်လည်း သူ၏လက်စွမ်းကျဆင်းလာမှုကို ဝင်ဘယ်လ်ဒန်အိုးပင်းနှင့် ရီယိုအိုလံပစ်ပြိုင်ပွဲများတွင် စတင်မြင်တွေ့ခဲ့ရသည်။ သူသည် ဒဏ်ရာပြဿနာများနှင့်အတူ ပုံမှန်လက်စွမ်းအောက် အနည်းငယ်ရောက်နေသော်လည်း သမ္မာဖြင့် ထိန်းကစားသည့်အတွက် ယူအက်စ်အိုးပင်း ဗိုလ်လုပွဲသို့တက်ရောက်နိုင်ခဲ့သေးသလို ဒဏ်ရာကြောင့် တရုတ်အိုးပင်းပြိုင်ပွဲမှ နုတ်ထွက်ခဲ့သော်လည်း ရာသီသိမ်းချိန်အထိ ကမ္ဘာ့အဆင့်(၁)နေရာကို ဆက်လက် ထိန်းသိမ်းရန် ယခု ရှန်ဟိုင်း မာစတာဖိုင်နယ်ကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

အန်ဒီမာရေးကမူ ဝင်ဘယ်လ်ဒန်အိုးပင်းတွင် ချန်ပီယံဖြစ်ခဲ့ပြီးနောက် အိုလံပစ်ရွှေတံဆိပ်ဆုကို ဆက်တိုက် ဆွတ်ခူးနိုင်ခဲ့သလို တရုတ်အိုးပင်းတွင်လည်း ချန်ပီယံ ဖြစ်ခဲ့ခြင်းကြောင့် ယခုနောက်ဆုံးလေးလအတွင်း ကမ္ဘာ့အကောင်းဆုံး လက်စွမ်းပိုင်ရှင်မှာ ကမ္ဘာ့အဆင့်(၁) ဂျိုကိုဗစ်ချ်မဟုတ်ဘဲ အန်ဒီမာရေးသာ ဖြစ်သည်ဟု ယေဘုယျ သုံးသပ်ရမည်ဖြစ်သည်။

# အော့ဘာမီယန်အပြောင်းအရွှေ့ကိစ္စအတွက် ဒေါ့မွန်လမ်းဖွင့်ပေးလိုက်ပြီ


ဒေါ့မွန်အသင်းသည် တိုက်စစ်မှူးအော့ဘာမီယန်၏ အပြောင်းအရွှေ့ကိစ္စရပ်များကို ယခုအခါ စတင်လမ်းဖွင့်ပေးလိုက်ပြီဖြစ်သဖြင့် ယင်းကိစ္စရပ်သည် ရီးယဲလ်မက်ဒရစ်၊ မန်ယူစသည့် အသင်းများအတွက် သတင်းကောင်းတစ်ရပ်ဖြစ်လာခဲ့သည်။ အော့ဘာမီယန် အပြောင်းအရွှေ့ကို ယခုအခါ စတင်လက်ခံဆွေးနွေးနေပြီဖြစ်သည်ဟု ဒေါ့မွန်အသင်း အမှုဆောင်အရာရှိချုပ် ဝက်စ်ကီးက အတည်ပြုခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဂါဘွန်ကြယ်ပွင့်ကစားသမားမှာ ပြီးခဲ့သည့် ဘောလုံးရာသီအတွင်း ထိပ်တန်းအဆင့် ခြေစွမ်းတစ်ရပ်ကို ပြသနိုင်ခဲ့ခြင်းကြောင့် ဥရောပ အသင်းကြီးများက ၎င်းကိုရရှိရန် အပြိုင်အဆိုင်ကြိုးပမ်းနေကြသော်လည်း ဒေါ့မွန်အသင်းဘက်မှ ၎င်းအား ရောင်းချရန် ဆန္ဒမရှိခဲ့ဘဲ အပြောင်းအရွှေ့ကိစ္စရပ်ကို အချိန်အတော်ကြာ ဆိုင်းငံ့ထားပြီးနောက် ယခုအခါ ယင်းကိစ္စရပ်များကို စတင်ဆွေးနွေးလာခဲ့ခြင်းဖြစ်သည်။ ထို့ပြင် အော့ဘာမီယန်အတွက် ရီးယဲလ်မက်ဒရစ်အသင်းမှ ကမ်းလှမ်းမှုကို ရရှိခဲ့သည်ဆိုသည်ကို ဒေါ့မွန်အသင်းဘက်မှ အတည်ပြုခဲ့သော်လည်း အပြောင်းအရွှေ့မှာ ချက်ချင်းဖြစ်လာမည်မဟုတ်ကြောင်း ဝက်စ်ကီးက မှတ်ချက်ပြုသည်။

အော့ဘာမီယန်အား ပရီမီယာလိဂ်ကလပ်အသင်းများဖြစ်သည့် မန်ယူ၊ ချယ်လ်ဆီးတို့ကလည်းခေါ်ယူရန် ချိတ်ဆက်နေသလို ရီးယဲလ်မက်ဒရစ်ကလည်း ဆက်သွယ်နေသော်လည်း အော့ဘာမီယန်ကမူ ရီးယဲလ်အတွက်သာ ကစားရန် ဆန္ဒရှိနေသူဖြစ်သည်။ အော့ဘာမီယန်နှင့် ဒေါ့မွန်တို့ ချုပ်ဆိုထားသည့် လက်ရှိစာချုပ်မှာ ၂၀၂၀ ခုနှစ်အထိ သက်တမ်းရှိပြီး ၎င်းအား ဒေါ့မွန်နှင့် ဆက်လက် ပူးပေါင်းရန်သာ ကလပ်အသင်းတာဝန်ရှိသူများက လိုလားနေသည်။သို့သော် ဒေါ့မွန်သည် ဘဏ္ဍာငွေ အင်အားတောင့်တင်းရေး စီမံချက်ကြောင့် အသင်းရှိ ထိပ်တန်းကစားသမားများကို မြင့်မားသည့် ပြောင်းရွှေ့ကြေးရလျှင် ပြန်လည်ရောင်းချသည့် အစဉ်အလာရှိခဲ့ပြီး ဂေါ့ဇီ၊ လီဝမ်ဒေါ်စကီးနှင့် ဟမ်းမဲလ်တို့အား ဘွန်ဒက်စ်လီဂါပြိုင်ဘက် ဘိုင်ယန်မြူးနစ်သို့ ရောင်းချခဲ့သလို ဂန်ဒိုဂန်ကို မန်စီးတီးအသင်းသို့ ရောင်းချခဲ့ဖူးသည့်အတွက် အော့ဘာမီယန်ကိုလည်း လာမည့်နွေတွင် သေချာပေါက်ထုတ်ရောင်းနိုင်ကြောင်း ဂိုးလ်ဒေါ့ကွန်းက ဖော်ပြသည်။

**မေလှဲ့သင်း - ရေးသားသည်။**

# ရှန်းနီနေရာမှာ အစားထိုးဖို့ ဂရစ်ဇ်မန်းကို ခေါ်ယူရန် မန်ယူဆန္ဒရှိနေ




ပရီမီယာလိဂ်ကလပ် မန်ယူအသင်းဟာ လက်ရှိအသင်း ခေါင်းဆောင် တိုက်စစ်မှူး ရှန်းနီနေရာမှာ အစားထိုးဖို့ စပိန်လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းမှ ပြင်သစ်တိုက်စစ်မှူး ဂရစ်ဇ်မန်းကို ခေါ်ယူရန် ဆန္ဒရှိနေခဲ့ပါတယ်။

မန်ယူအသင်းအနေနဲ့ တိုက်စစ်မှူး ဂရစ်ဇ်မန်းကို ခေါ်ယူဖို့ ပြီးခဲ့တဲ့ လကတည်းက ပြင်ဆင်ခဲ့တာဖြစ်ပြီး မန်ယူအသင်းရဲ့ အမှုဆောင်ဒုတိယ ဥက္ကဋ္ဌဖြစ်သူ အက်ဒ်ဝုဒ်ဝက်ဒ်ကလည်း တိုက်စစ်မှူး ဂရစ်ဇ်မန်းကို ရရှိမယ်ဆိုပါက ပြောင်းရွှေ့ကြေးပေါင် သန်း ၈၀ နဲ့ ခေါ်ယူသွားမယ်လို့ ပြောခဲ့ပါတယ်။

တိုက်စစ်မှူးရှန်းနီဟာ မန်ယူအသင်းနည်းပြ မော်ရင်ဟိုရဲ့ အထောက်အပံ့ တစ်ခုဖြစ်ခဲ့ပေမယ့် မန်ယူအသင်း နောက်ဆုံးကစားခဲ့တဲ့ ပွဲစဉ်သုံးခုမှာ လူစားဝင်ကစားသမားအနေနဲ့ပဲ မော်ရင်ဟိုအနေနဲ့အသုံးပြုခဲ့တာပါ။ အဲဒါကြောင့် တိုက်စစ်မှူးရှန်းနီဟာ မန်ယူအသင်းခေါင်းဆောင်အဖြစ် ကာလကြာရှည်ဆက်ရှိနေဖို့ အလားအလာနည်းပါးသွားခဲ့ရပြီး မန်ယူ အသင်းတာဝန်ရှိသူတွေကလည်း ရှန်းနီနေရာမှာ အစားထိုးတဲ့အနေနဲ့ ဂရစ်ဇ်မန်းကို ပစ်မှတ်ထားလာခဲ့ ပါတယ်။

အဲဒါကြောင့် တိုက်စစ်မှူး ဂရစ်ဇ်မန်းအနေနဲ့ လက်ရှိကစားနေတဲ့ စပိန်မြေကနေ အင်္ဂလန်မြေကို ပြောင်းရွှေ့လာမယ်ဆိုပါက တိုက်စစ်မှူး ရှန်းနီဟာ အင်္ဂလန်မြေကနေ တရုတ် ဒါမှမဟုတ် အမေရိကန်ဘက်မှာရှိတဲ့ ကလပ်အသင်းတွေဆီကိုပဲ ဦးတည်လျှောက်လှမ်းရလိမ့်မယ်ဆိုတဲ့ သတင်းတွေလည်း ထွက်ပေါ်နေပါတယ်။

တိုက်စစ်မှူး ဂရစ်ဇ်မန်းဟာ လက်ရှိကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့အတူ ၂၀၂၁ ခုနှစ်အထိ ဆက်ရှိနေမယ့် စာချုပ်တစ်ရပ်ချုပ်ဆိုထားခဲ့ပေမယ့် နည်းပြဖြစ်သူ ဆီမြူနီကတော့ လာမယ့်နွေရာသီအပြောင်းအရွှေ့ကာလမှာ အက်သလက်တီကိုမက်ဒရစ်အသင်းကနေ ဂရစ်ဇ်မန်းထွက်ခွာလိမ့်မယ်လို့ ဆိုခဲ့ပါတယ်။

တိုက်စစ်မှူး ဂရစ်ဇ်မန်းအနေနဲ့ လက်ရှိကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းကို မရောက်မီက ရီးယဲလ်ဆိုစီဒက်အသင်းမှာ ၂၀၀၅ ခုနှစ်ကနေ ၂၀၁၄ ခုနှစ်အထိ ကစားခဲ့ရာမှာ ပွဲပေါင်း ၁၈၀ မှာ ၄၆ ဂိုးအထိ သွင်းယူပေးထား နိုင်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်မှာ အက်သလက်တီကိုမက်ဒရစ်အသင်းသို့ ရောက်ရှိလာခဲ့ပြီးနောက် လက်ရှိအချိန်အထိ ပွဲပေါင်း ၈၁ ပွဲကစားပေးခဲ့ရာတွင် သွင်းဂိုး ၅၀ အထိ သွင်းယူပေးထားနိုင်ခဲ့ပါတယ်။ ပြင်သစ်လက်ရွေးစင်အသင်းအတွက်တော့ ပွဲပေါင်း ၃၈ ပွဲကစားပေးခဲ့ပြီး သွင်းဂိုး ၁၄ ဂိုးသွင်းယူပေးထားနိုင်ခဲ့ပါတယ်။

တိုက်စစ်မှူး ဂရစ်ဇ်မန်းကို ပရီမီယာလိဂ်ကလပ် မန်ယူအသင်းက ခေါ်ယူဖို့ ပစ်မှတ်ထားနေတဲ့အပြင် ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းကလည်း စိတ်ဝင်စားလျက်ရှိနေပါတယ်။ ဒ့ါအပြင် ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းကလည်း စိတ်ဝင်စားနေတာကြောင့် တကယ်လို့ အက်သလက်တီကိုမက်ဒရစ်အသင်းကနေ ထွက်ခွာမယ်ဆိုပါက ဘယ်အသင်းကို ပြောင်းရွှေ့ကစားမလဲဆိုတာ စိတ်ဝင်စားစရာကောင်းနေပါတယ်။

(ငွေကြယ်)

## ရထားပေါ်မေ့ကျန်ခဲ့သော နိုင်ငံခြားသူ၏ကင်မရာကို ရထားရဲတပ်ဖွဲ့ဝင်များ ပြန်လည်ပေးအပ်

**ရန်ကုန် အောက်တိုဘာ ၁၆**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အင်းစိန်ဘူတာ ရထားရဲစခန်း၌ အောက်တိုဘာ ၁၃ ရက် ညနေ ၅ နာရီ ၄၅ မိနစ်တွင် ရထားပေါ်ကျန်ခဲ့သော နိုင်ငံခြားသူ၏ ကင်မရာကို ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့ပတ် RBE လမင်း (၆)ရထားသည် အောက်တိုဘာ ၁၃ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် မင်္ဂလာဒုံဘူတာမှ အင်းစိန်ဘူတာသို့ မောင်းနှင်လာစဉ် ရထားလုံခြုံရေးတာဝန်ကျ တပ်ခွဲ(၁၄)၊ တပ်စု(၂) အင်းစိန်မှ ဒုတပ်ကြပ်သီဟစိုး အဖွဲ့နှင့် မှုခင်းကျဆင်းရေး လိုက်ပါဆောင်ရွက်သည့် အင်းစိန်ဘူတာ ရထား ရဲစခန်းမှ ဒုတပ်ကြပ်ကျော်မင်းဦးတို့က တွဲလျှောက်စစ်ဆေးစဉ် ရထားတွဲအမှတ်(၂)ရှိ ထိုင်ခုံပေါ်တွင် Cannon အမျိုးအစား Digital Elph ကင်မရာအသေးတစ်လုံးတွေ့ရှိသဖြင့် ပိုင်ရှင်စုံစမ်းရာ နိုင်ငံခြားသူတစ်ဦး ထိုင်စီးခဲ့ကြောင်းနှင့် လှည်းတန်းဘူတာတွင် ဆင်းသွားကြောင်း အနီးထိုင်ခုံ ခရီးသည်များက ပြောပြ၍ သိရှိရသည်။ ဆက်လက်စုံစမ်းခဲ့ရာ ကင်မရာပိုင်ရှင်မှာ ဆွီဒင်နိုင်ငံသူ BRITT EVALEN (NORDISKA) ကုမ္ပဏီ မန်နေဂျာဖြစ်ပြီး Golden Butterfly Hotel ၌ တည်းခိုနေထိုင်သူဖြစ်ကြောင်း၊ နိုင်ငံခြားသူက ၎င်း မေ့ကျန်ရစ်ခဲ့ကြောင်း ပြောပြရာ တပ်ခွဲမှူးဒုရဲမှူး စိုးမိုးလွင်၊ ရထား


လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အင်းစိန်ဘူတာ(အထူးတန်း)ရုံပိုင်ကြီး ဦးမင်းမင်းဦးတို့က ကင်မရာကို ၎င်းထံ ပြန်လည်အပ်နှံပေးအပ်ခဲ့ကြောင်း သိရသည်။

**ဉာဏ်လင်း(အင်းစိန်)**

## မန္တလေး-လားရှိုး-မူဆယ်ဂုတ်တွင်းကားလမ်း မှန်လုံယာဉ်နှင့်တွဲယာဉ် မတော်တဆမှုဖြစ်

**သီပေါ အောက်တိုဘာ ၁၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်ထောင်စုလမ်းမကြီး မန္တလေး-လားရှိုး-မူဆယ်ကားလမ်းပေါ်ရှိ နောင်ချိုမြို့နယ်နှင့် ကျောက်မဲမြို့နယ် အကြားဂုတ်တွင်းကွေ့တွင် ယနေ့ မွန်းလွဲ ၂ နာရီခွဲက နေပြည်တော်မှ လာသော ကြယ်တံခွန်လူစီးမှန်လုံ ယာဉ်နှင့် တွဲယာဉ်တစ်စီးတို့ မတော်တဆထိခိုက်မှုကြောင့် အစုန်၊ အဆန် မော်တော်ယာဉ်ကြီး၊ ယာဉ်ငယ်များ ယာဉ်ကြော ပိတ်ဆို့မှုဖြစ်ပွားခဲ့၍ သီပေါမြို့အဝင်မှ မန်ဟဲတိုးဂိတ်အထိ ယာဉ် တန်းရှည်ကြီးကို တွေ့ရသည်။


**(အောက်ဝဲပုံ)**

ထို့ကြောင့် အမှတ်(၁၂၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စု ကျောက်မဲခရိုင် ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ချစ်စိန်၏ကြီးကြပ်မှုဖြင့် နောင်ချို၊ ကျောက်မဲ၊ သီပေါ၊ လားရှိုးယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ယာဉ်ကြောရှင်းလင်းပေးမှုကြောင့် ညနေ ၄ နာရီခွဲတွင် လမ်းကြောင်းပွင့်သွားကြောင်း သိရသည်။

ကြယ်တံခွန်ခရီးသည်တင် ယာဉ်ပေါ်မှ ထိခိုက်ဒဏ်ရာရသူများကို နောင်ချိုမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် လူမှုရေးအသင်းအဖွဲ့များ၊ တာဝန်ရှိသူများ၊ မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## တရားမဝင်ကျွန်းသစ်ခွဲသား ဆိုဒ်စုံ ၄၁ ချောင်း ရှာဖွေသိမ်းဆည်းရမိ

**မြင်းမူ အောက်တိုဘာ ၁၆**

မြင်းမူမြို့နယ်ရဲတပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၁၅ ရက် ည ၉ နာရီတွင် ဆပွန်းကုန်းကျေးရွာအုပ်စု ဆိပ်သာကျေးရွာ ရွှေညောင်ပင်ဘုန်းကြီးကျောင်းဝင်းအတွင်းဝင်ရောက်ရှာဖွေရာ တရားမဝင်ကျွန်းသစ်ခွဲသား ဆိုဒ်စုံ ၄၁ ချောင်း (၁ ဒသမ ၅၉၅၄) တန်ကို ရှာဖွေတွေ့ရှိသဖြင့်သစ်တောဦးစီးအဖွဲ့နှင့်တိုင်းတာ၍သက်သေများရှေ့တွင် ရှာဖွေ ပုံစံဖြင့်သိမ်းဆည်းခဲ့သည်။

အဆိုပါသစ်များနှင့်ပတ်သက်၍ ဆိပ်သာကျေးရွာနေ ဦးစိုးမြင့်၊ ဦးမျိုးငြိမ်းနှင့်ဦးငွေဝင်းတို့ သုံးဦးက ဧရာဝတီမြစ်ကြောင်းအတိုင်းစုန်ဆင်းလာသော အမည်မသိဝါးဖောင်မှ ဝယ်ယူ၍ ဆိပ်သာကျေးရွာတွင်ဆောက်လုပ်ဆဲ ရွှေညောင်ပင်ဘုန်းတော်ကြီးကျောင်းအတွက် လှူဒါန်းရန် ဧရာဝတီမြစ်အတွင်းမှ ကျောင်းဝင်းအတွင်းသို့ထားရှိသော ကျွန်းခွဲသားများဖြစ်ကြောင်းသိရှိရသဖြင့် ဦးစိုးမြင့်၊ ဦးမျိုးငြိမ်းနှင့် ဦးငွေဝင်းတို့အား မြင်းမူမြို့မ ရဲစခန်းက(ပ)၁၉၅/၂၀၁၆ ပြည်သူပိုင် ဥပဒေပုဒ်မ ၆(၁)ဖြင့် အမှုဖွင့်ခဲ့သည်။

**(၆၂၄)**

## စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**လှိုင်လင်**

မူးယစ်တပ်ဖွဲ့စု(၂၇)လှိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၅ ရက်က လှိုင်လင်-နမ့်စန်သွားကားလမ်း လှိုင်လင်မြို့နယ် ပန်ခေါက်ဝိုးကျေးရွာဘုန်းကြီးကျောင်းရှေ့တွင် ခွန်နိုင်သူ မောင်းနှင်ပြီး မောင်လှနှင့် ထက်ဦး တို့ လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ ယာဉ်နောက်ထိုင်ခုံ ကျောမှီ၏နောက်ရှိ အံခွက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၃၈၀ သိမ်းဆည်းရမိသဖြင့် ခွန်နိုင်သူ(၂၅)နှစ်၊ မောင်လှ(၂၈)နှစ်နှင့် ထက်ဦး(၂၃)နှစ်တို့ သုံးဦးအား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ အောက်တိုဘာ ၁၄ ရက်က နောင်ပိန်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ကျောက်မဲမြို့နယ် နောင်ပိန်ကျေးရွာအုပ်စု ပင်တိန်ကျေးရွာတွင် မူးယစ်ဆေးဝါးသတင်းအရ ဆိုင်ကယ်စီးလာသည့် ထွန်းလှကို ရှာဖွေရာ ၎င်းလွယ်ထားသည့် အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၉၆ ပြားသိမ်းဆည်းရမိသဖြင့် ထွန်းလှ(ခ)နူးလာ(၂၀)နှစ်အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

**မိုင်းယု**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယုမြို့ တာကြွန့်ကျေးရွာအုပ်စု ဆမ်းမိန်းကျေးရွာ ဦးအားဘူးနေအိမ်၌ အောက်တိုဘာ ၁၅ရက် နံနက် ၁၀ နာရီက ကောက်သစ်စားပွဲ ကျင်းပရာ မယ(ပ)၅/၂၀၁၆၊ မူး/စိတ်ပုဒ်မ ၁၅/၁၉(က)/၂၁ အရ ကွင်းဆက်တရားခံ ရောက်ရှိနေကြောင်း သတင်းပေးချက်အရ သွားရောက်ဖမ်းဆီးရာ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိကြောင်း မိုင်းယုနယ်မြေရဲစခန်းမှသိရသည်။

ဖြစ်စဉ်မှာ မယ(ပ)၅/၂၀၁၆၊ မူး/စိတ်ပုဒ်မ ၁၅/၁၉(က)/၂၁ အရ ကွင်းဆက်တရားခံမှာ ဆမ်မိန်းကျေးရွာရှိ ဦးအားဘူးမှာ ယင်းနေအိမ်ကောက်သစ်စားပွဲကျင်းပရာနေရာ၌ ကွင်းဆက်တရားခံ နမ့်နော်ကျေးရွာ(အောက်)နေ မောင်မောထူး(၄၆)နှစ်နှင့် မောင်လှဝင်း (၃၆)နှစ်တို့ နှစ်ဦး ရောက်ရှိနေကြောင်း မိုင်းယုနယ်မြေရဲစခန်း သို့သတင်းပေးကြားချက်အရ စခန်းမှူး ရဲအုပ် ဟိန်းဝဏ္ဏမောင်ဦးစီးသော တပ်ဖွဲ့ဝင်များနှင့်သွားရောက်ဖမ်းဆီးရာ ၎င်းတို့နှစ်ဦးခါးတွင် ချိတ်ဆွဲထားသော ရှုံ့ကြိုးဆွဲအိတ်အတွင်းမှ စိတ်ကြွဆေးပြားစုစုပေါင်း ၁၅၄၂ ပြား (ကာလတန်ဖိုး ငွေကျပ် ၁၅ သိန်းကျော်) သိမ်းဆည်းရမိကြောင်းသိရသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ မူးယစ်ဆေးဝါးများနှင့်အတူ လက်ဝယ်တွေ့ရှိရသော မောင်မောထူးနှင့် မောင်လှဝင်းအား မိုင်းယုနယ်မြေရဲစခန်းတွင် မယ(ပ)၆/၂၀၁၆၊ မူး/စိတ်ပုဒ်မ ၁၅/၁၉(က)/၂၁ အရ အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

## တိုက်ကြီးမြို့ တိုးဂိတ်တွင် တရားမဝင် ကျွန်းသစ်ခွဲသားများ သိမ်းဆည်းရမိ

**တိုက်ကြီး အောက်တိုဘာ ၁၆**

တိုက်ကြီးမြို့နယ် သစ်တောဦးစီးဌာနမှသစ်တောဝန်ထမ်းများနှင့်ရဲတပ်ဖွဲ့ဝင်များသည်တိုက်ကြီးတိုးဂိတ်အနီးတွင် ယာဉ်အမှတ် YGN 3I/----တပ်ဆင်ထားသော TOYO Ace(Container BOX) ခြောက်ဘီးအဖြူရောင်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ယာဉ်မောင်း ဦးတင်သိန်းနှင့် ယာဉ်နောက်လိုက် ဇော်မျိုးထက်(၃၆) နှစ်တို့နှင့်အတူ တရားမဝင် ကျွန်းယောင်ခြမ်း ၁၆ ခြမ်း (၃ ဒသမ ၃၅၁၀ တန်)ကို သိမ်းဆည်းရမိခဲ့ပြီး ယင်းယာဉ်ပေါ်မှယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ် ကုန်စည်ပို့ဆောင်မှုကတ်များအပြင် ယာဉ်နံပါတ်ပြား BGO 4k/5788၊ YGN 4G/3224၊ YGN 5k/5789 ယာဉ်နံပါတ်ပြား အပိုများ စစ်ဆေးတွေ့ရှိသဖြင့် သစ်တောရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ပြီး တိုက်ကြီးရဲစခန်းက (ပ)၃၇၀/၂၀၁၆ သစ်တောဥပဒေပုဒ်မ၄၃(က)ဖြင့် ယာဉ်မောင်းတင်သိန်းနှင့် ယာဉ်နောက်လိုက် ဇော်မျိုးထက်တို့အား အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဦးထွန်းလှိုင်)**

## ယာဉ်ငယ်နှစ်စီး ကမ်းနားလမ်းမလယ် ခေါင်းချင်းဆိုင်တိုက်၊ ငါးဦးဒဏ်ရာရ

**ရန်ကုန် အောက်တိုဘာ ၁၆**

ရန်ကုန်မြို့ လသာမြို့နယ် (၁၉) လမ်း ကမ်းနားလမ်းရှိ ကမ်းနားလမ်းမဟောင်းပေါ်တွင် ယနေ့နံနက် ၅ နာရီက ယာဉ်ငယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိရာ ယာဉ်မောင်းနှစ်ဦးအပါအဝင် ခရီးသည်ငါးဦးကို ရန်ကုန်ဆေးရုံသို့တင်ပို့လိုက်ရသည်ဟု ယင်းနေရာအနီးနေထိုင်သူ အသက် ၅၀ အရွယ်အမျိုးသားတစ်ဦးက ပြောသည်။

ဆောက်လုပ်ရေးလုပ်ငန်းခွင်သုံးသံငြမ်းများတင်ဆောင်လာသော Town Ace အမျိုးအစား ယာဉ်အမှတ် 8K/ -----သည် ကမ်းနားလမ်းဟောင်းပေါ်တွင် အနောက်မှအရှေ့သို့မောင်းနှင်လာစဉ် (၁၉)လမ်း ကမ်းနားထိပ်အနီးအရောက် ကမ်းနားလမ်းမဟောင်းအတိုင်း အရှေ့မှ အနောက်သို့မောင်းနှင်လာသော တိုယိုတာ Caldina အမျိုးအစား အငှားတက္ကစီယာဉ်အမှတ် BB/-----အား လမ်းလယ်မျဉ်းကျော်၍ ဝင်တိုက်မိခဲ့သည်။ စတိုက်မိသည့်နေရာတွင် ယင်းယာဉ် နောက်ပိုင်းတွင် တင်ဆောင်လာသော သံငြမ်းအများစုမှာ ကားလမ်းမပေါ်သို့ ပြုတ်ကျခဲ့သည်။ ယာဉ်တိုက်သည့်အရှိန်ကြောင့် ယာဉ်နှစ်စီးစလုံး စတိုက်သည့်နေရာမှ အရှေ့ဘက်သို့ အနည်းငယ်ရွေ့သွားပြီး ယာဉ်ကြောပေါ်တွင် ကန့်လန့်အနေအထားမြင်တွေ့ရသည်။

ယာဉ်မောင်းနှစ်ဦးနှင့် တက္ကစီယာဉ်ပေါ်ပါ ခရီးသည် စုစုပေါင်း ငါးဦးကို ရန်ကုန်ဆေးရုံကြီးသို့



ပို့ဆောင်ပေးခဲ့သည်ဟု သိရသည်။ ယာဉ်တိုက်မှုဖြစ်ပွားသော နေရာသို့ သက်ဆိုင်ရာက လာရောက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(မောင်စေအောင်)**

## အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း (ယင်းတော်) ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲ ဖိတ်ကြားလွှာ

အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း (ယင်းတော်)၏ မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ၂၅-၁၂-၂၀၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် အဆိုပါကျောင်းခန်းမဆောင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသဖြင့် ကန်တော့ခံ ဆရာကြီး ဆရာမကြီးများအနေဖြင့် ပူဇော်ကန်တော့ခံကြွရောက်ပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် လာရောက်ပူဇော်ကန်တော့ကြပါရန် ရိုသေလေးစားစွာဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်လှူဒါန်းနိုင်ရန်

| | |
|---|---|
| ဦးခင်မောင်ကျော် | ဖုန်း-၀၉-၂၅၆၂၈၉၇၉၄ |
| ဦးစိုင်းအောင်သူထွေး | ဖုန်း-၀၉-၇၈၉၄၄၄၉၆၉ |
| ဦးခိုင်ဖြိုးငြိမ်း | ဖုန်း-၀၉-၂၁၇၃၅၂၈ |
| ဦးဇော်ထွန်းမင်း | ဖုန်း-၀၉-၇၈၄၉၉၉၉၀၄ |

**မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**
**အထက(၃)ယင်းတော်**

## သရက်ခရိုင်အတွင်း ဆောင်ရွက်မည့် ကျေးလက်လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်း

**သရက် အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် တင်ဒါစနစ်ဖြင့်ဆောင်ရွက်မည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ခရိုင်အဆင့် ရှင်းလင်းဆွေးနွေးပွဲကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၄ ရက် နံနက် ၉နာရီခွဲခန့်က ကျင်းပခဲ့သည်။

အခမ်းအနား၌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချိုဦးက သရက်ခရိုင်အတွင်း ဆောင်ရွက်မည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စံချိန်စံညွှန်းပြည့်မီပြီး အချိန်မီပြီးစီးရေးဆောင်ရွက်ကြရန်၊ ကုမ္ပဏီများနှင့် သက်ဆိုင်ရာဌာနမှ ကြီးကြပ်ဆောင်ရွက်သွားရန်ပြောကြားခဲ့သည်။

ဆက်လက်၍ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကြီးက တင်ဒါစနစ်ဖြင့်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး တင်ဒါအောင်မြင်သည့်ကုမ္ပဏီရှစ်ခုမှ တာဝန်ရှိသူအသီးသီးက ၎င်းတို့ရရှိသည့်လုပ်ငန်းနှင့်ပတ်သက်၍ ဆောင်ရွက်မည့်အစီအစဉ်၊ စတင်ဆောင်ရွက်နေမှုအခြေအနေများကို တင်ပြခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလကုန်တွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြခဲ့သည်။

ယင်းသို့ ကျေးလက်ဒေသဖွံ့ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ရည်ရွယ်ချက်ဖြစ်သည့် ကျေးလက်နေ ပြည်သူများအမှန်တကယ် အကျိုးရှိစေရန် တင်ဒါအောင်မြင်သည့် ကုမ္ပဏီများ၊ သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများ၊ ပြည်သူ့ကိုယ်စားလှယ်များ၊ ကြီးကြပ်ရေးအဖွဲ့အစည်းများ အားလုံးအတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်ဝင်းက ပြောကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးကံမြင့်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ် စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများ တင်ဒါအောင်မြင်သည့် ကုမ္ပဏီများတက်ရောက်ခဲ့ကြောင်းသိရသည်။

**ဇော်ထက်(သရက်)**

## ဒုတိယအကြိမ် မြစိမ်းရောင် လည်ပတ်ရန်ပုံငွေထုတ်ချေး

**နေပြည်တော် အောက်တိုဘာ ၁၆**

နေပြည်တော် ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သစ်တွန်းကျေးရွာအုပ်စု ဖလောင်းကျေးရွာရှိ မြစိမ်းရောင်အသင်းသူအသင်းသား ၉၄ ဦးတို့အား ဒုတိယအကြိမ်မြောက် မြစိမ်းရောင်အရင်းမပျောက် လည်ပတ်ရန်ပုံငွေပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီက ဖလောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပျဉ်းမနားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဦးတင်မောင်ဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များနှင့်ပတ်သက်၍ အသင်းသူ၊အသင်းသားများအနေဖြင့် ချေးငွေရရှိပြီးပါက လုပ်ငန်းများဆောင်ရွက်ရာတွင် တင်ပြသည့်အဆိုပြုလွှာပါအတိုင်း စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အမှန်တကယ်လုပ်ကိုင်ရန်လိုအပ်ပြီး အတိုးအရင်းများကိုလည်း သက်မှတ်ကာလအတွင်း ပြန်လည်ပေးသွင်းရန်လိုအပ်ကာ ယင်းသို့ လုပ်ဆောင်မှသာ မြစိမ်းရောင်စီမံကိန်း၏ ရည်ရွယ်ချက်များအား အကောင်အထည်ဖော်နိုင်ပြီး၊ အလုပ်အကိုင်နှင့် ဝင်ငွေများတိုးပွားလာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ဒက္ခိဏခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးနိုင်မင်းဆွေက မြစိမ်းရောင်ရန်ပုံငွေ ကျပ် ၃၄၁ သိန်းအား ပေးအပ်ခဲ့သည်။

ဒုတိယအကြိမ်မြောက် မြစိမ်းရောင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို သစ်စိမ့်ပင်ကျေးရွာ၊ ကျွန်းဦးကျေးရွာနှင့် ရွာသာကျေးရွာများကိုလည်း ထုတ်ချေးပေးပြီးဖြစ်ကြောင်းနှင့် ပျဉ်းမနားမြို့နယ်အတွင်း စုစုပေါင်းငွေကျပ် ၁၃၆၀ သိန်း ထုတ်ချေးပြီးဖြစ်ကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**



## တံတားဦးမြို့နယ်အတွင်းရှိ ကမ္ဘာလှည့်ခရီးသွားများအား ဆွဲဆောင်လျက်ရှိသည့် စိတ်ဝင်စားဖွယ်ရာ ရှေးဟောင်းဒေသ

**အင်းဝ အောက်တိုဘာ ၁၆**

မြန်မာနိုင်ငံတွင် သမိုင်းနောက်ခံခိုင်ခိုင်မာမာတည်ရှိပြီး နိုင်ငံတကာခရီးသွား ဧည့်သည်များကိုအထူးဆွဲဆောင်နေသည့် နေရာများအနက် မန္တလေးမြို့အနီးတံတားဦးမြို့နယ်အတွင်းရှိ ရှေးဟောင်းဒေသသည် နိုင်ငံတကာခရီးသွားများကိုသာမက ပြည်တွင်းဧည့်သည်များကိုပါဆွဲဆောင်လျက်ရှိကြောင်း သိရသည်။

အဆိုပါတံတားဦးမြို့နယ် ရှေးဟောင်းဇုန်ဒေသသည် ရေလမ်းဖြတ်ကူးပြီးသွားရသည်ဖြစ်ရာ မြစ်ငယ်မြစ်၊ ဧရာဝတီမြစ်တို့ ဆုံရာအလှကိုခံစားနိုင်သကဲ့သို့ ဒေသမြင်းလှည်းများကိုပါစီးနင်းပြီးသွားရောက်လေ့လာနိုင်သောကြောင့် စိတ်ဝင်စားဖွယ်ကောင်းသောနေရာတစ်ခုဖြစ်သည်။

တံတားဦးမြို့နယ် ရှေးဟောင်းဇုန်အတွင်းရှိ ပင်းယဒေသ(ဝိဇယပူရ)၌ စိတ်ဝင်စားဖွယ်နေရာများစွာရှိရာ ထင်ရှားသောလေ့လာစရာနေရာများဖြစ်သည့် တံတာဦးမြို့တောင်ဘက် အင်းဝ-တံတားဦးလေယာဉ်ကွင်းသွားရာလမ်းမကြီး၏ အနောက်ဘက်တောင်ကုန်းပေါ်တွင် တွေ့ရသော ပင်းယဂူကြီးသုံးလုံး၊ ပင်းယရွှေစည်းခုံစေတီတော်၊ ရတနာမြစည်းခုံစေတီတော်၊ မင်္ဂလာစေတီ၊ ရန်အောင်မြင်စေတီ၊ ပင်းယအောင်စည်းခုံစေတီတော်၊ ပဥ္စမာလိန္ဒရတနာမြစည်းခုံစေတီတော်တို့နှင့်အတူအခြား စိတ်ဝင်စားဖွယ်ရာစေတီငယ်များစွာကို သွားရောက်လေ့လာဖူးမြော်နိုင်သည်။

ပင်းယဒေသနည်းတူ အင်းဝ(ရတနာပူရ)တွင်လည်း စိတ်ဝင်စားဖွယ်ရာနေရာများစွာရှိနေပြီး နိုင်ငံတကာခရီးသွားဧည့်သည်များအား ဆွဲဆောင်လျက်ရှိသည်။ အဆိုပါအင်းဝဒေသတွင်ထင်ရှားသော လေ့လာစရာနေရာများမှာ အင်းဝရွှေစည်းခုံစေတီတော်၊ နန်းမြင့်မျှော်စင်၊ ဗားကရာကျောင်း၊ ထီးလှိုင်ရှင်စေတီ၊ လောကသရဖူဘုရားကြီး၊ ဝက်ဘာဘုရား၊ မြင့်မိုရ်တောင်ဘုရား၊ညောင်ရမ်းခေတ်လောကဒုဿမာန်အောင်စေတီ၊ ညောင်ရမ်းခေတ်ကြောင်လိန်ဘုရား၊လေးထပ်ကြီးဘုရား၊ အောင်မြေဘုံစံအုတ် ကျောင်း(ခ)မယ်နုအုတ်ကျောင်း၊ဆင်ကျုံးခံတပ်၊ မဟာမြတ်မုနိ(ခ)စန္ဒာမုနိ၊ ဂူတော်သစ်၊ မဟာဝေယ ပထအုတ်လမ်း(ဦးအိုအုတ်လမ်း)နှင့် အခြားလေ့လာစရာများစွာကို တွေ့ရှိရပေမည်။

အင်းဝခေတ်မှသည် ယနေ့ထက်တိုင်တည်ရှိသော အင်းဝမြို့တောင်ဘက်ဟံသာဝတီ တံခါးမှ တံတားဦးမြို့ မင်္ဂလာစေတီအထိ တာ ၅၀၀ (တစ်မိုင်)ခန့်ရှည်လျားသော ဦးအိုအုတ်လမ်းသည် စိတ်ဝင်စားဖွယ်နေရာတစ်ခုဖြစ်သည်။

လက်ရှိကာလ၌ပင် လမ်းဘေးတွင် ရှေးမူအတိုင်း အုတ်မုခ်တိုင်များ အစီအရီတွေ့မြင်နိုင်သည်ဖြစ်ရာ နိုင်ငံတကာခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်သော ရှေးလက်ရာလမ်းဖြစ်သည်။

ယင်းလမ်းသည် အင်းဝမြို့သို့အဝင်တွင် လှပတင့်တယ်စွာတည်ရှိပြီး တန်ဖိုးမဖြတ်နိုင်သော သမိုင်းဝင်အမွေအနှစ်လမ်းအဖြစ် တည်ရှိလျက်ရှိကြောင်း သိရသည်။

**နွေနဒီ (မြစ်ငယ်)**

## မိုးကောင်းသောက်ယာမြေများတွင် မြေဆီလွှာပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်

**မကွေး အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် စိုက်ပျိုးမြေဆီလွှာထိခိုက်မှု ကာကွယ်ရေး၊ ရေရှည်အကျိုးရှိမည့် သဘာဝမြေဩဇာများ ပိုမိုအသုံးပြုစေရေး လုပ်ငန်းများကို မြို့နယ်အလိုက်တာဝန်ရှိ စိုက်ပျိုးရေး ဦးစီးဌာနများက အကောင်အထည်ဖော်လျက်ရှိရာ အကျိုးဆောင်တောင်သူများ၏ မိုးကောင်းသောက်လယ်ယာမြေများတွင် မြေဆီလွှာပြုပြင်ရေးလုပ်ငန်း ပညာပေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စွန့်ပစ်သီးနှံ၊ စွန့်ပစ်အမှိုက်များမှ အီးအမ်ဘိုကာရှီ ပြုလုပ်သုံးစွဲနည်းနှင့် မြေဆီလွှာပြုပြင်ရေးအတွက် ဂျစ်ပဆန်ကျောက်မှုန့်မြေဩဇာ အသုံးပြုခြင်းလုပ်ငန်းများအား ဒေသအလိုက် အကျိုးဆောင်တောင်သူများနှင့် ပူးပေါင်းကာ ဆောင်ရွက်လျက်ရှိပြီး၊ တိုင်းဒေသကြီးအတွင်း မြို့နယ်များ၌ စမ်းသပ်ကွက်များတွင် ဂျစ်ပဆန် (ကျောက်မှုန့်) သဘာဝမြေဩဇာ ထည့်သွင်းခြင်းလုပ်ငန်းကို သုတေသနပြုဆောင်ရွက်ခဲ့ပုံနှင့်ပတ်သက်၍ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီနှစ်ထဲမှာ မိုးရွာသွန်းမှုများတယ်။ ယာသီးနှံတွေ ထုတ်လုပ်မှုစရိတ်နဲ့ သီးနှံဈေးကွက်အရ အကျိုးအမြတ် နည်းပါးနေချိန်လည်း ဖြစ်ပါတယ်။ ဒီလိုအချိန်မှာ စိုက်ခင်းထွက်သီးနှံအမှိုက်တွေကိုသဘာဝမြေဆွေး အီးအမ်ဘိုကာရှီပြုလုပ်ထားမယ်ဆိုရင် သွင်းအားစုစရိတ်သက်သာမယ်။ ရေရှည်လည်း အကျိုးရှိနိုင်ပါတယ်။ အပေါ်ယံမြေဆီလွှာ တိုက်စားပြုန်းတီးမှုအတွက် ဂျစ်ပဆန် ကျောက်မှုန့်မြေဩဇာ အသုံးပြုခြင်းကလည်း အလွန်ထိရောက်ပါတယ်။ ဒါ့ကြောင့် ကွင်းဆင်းအသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်နေရခြင်းဖြစ်ပါတယ်" ဟု မြို့သစ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဇော်လင်းက ဆိုသည်။

ဂျစ်ပဆန်ကျောက်မှုန့်မြေဩဇာ အသုံးပြုခြင်းဖြင့် မြေပဲသီးနှံတွင် ဥ၊ အတောင့်များ အစေ့အဆန် ပိုမိုပြည့်ဖြိုး၍ ယူနစ်၊ အလေးချိန်ပိုများလာစေခြင်း၊ အထွက်နှုန်းတိုးခြင်း၊ မြေဆီလွှာများကို ထိန်းညှိပြုပြင်ပေးခြင်း၊ ရောဂါပိုးမွှားများ ဖျက်ဆီးခြင်းမှ ခံနိုင်ရည်ရှိခြင်းစသည့်အကျိုးကျေးဇူးများရရှိနိုင်ကြောင်း မကွေးခရိုင်စိုက်ပျိုးရေးမှူး ဦးသိန်းလွင်ထံမှ သိရသည်။

"ဂျစ်ပဆန်သုံးတဲ့အတွက် ယာသီးနှံတွေ မိုးရေဝပ်ဒဏ်ခံနိုင်တယ်။ သီးနှံအသိမ်အဖျင်းနည်းပါးပြီးတော့ အထွက်နှုန်းလည်း ပိုကောင်းလာတယ်" ဟု ရေပြည့်ကျေးရွာမှ အကျိုးဆောင်တောင်သူ ဦးလင်းကြည်ကပြောသည်။

ဂျစ်ပဆန်(ကျောက်မှုန့်) သဘာဝမြေဩဇာကို မြေပြင်သည့်အချိန်တွင် ထည့်သွင်းခြင်းသည် စွယ်ချချိန်တွင် ထည့်သွင်းခြင်းထက် အထွက်နှုန်းပိုမိုထွက်ရှိကြောင်း လက်တွေ့ဆောင်ရွက်ချက်များမှ သိရှိရပြီး ယာမြေများတွင်သာမက နိုင်ငံတစ်ဝန်းရှိ စပါးစိုက်လယ်မြေများမှာ ကန့်ဓာတ်ချို့တဲ့တတ်သဖြင့် ဂျစ်ပဆန်အသုံးပြုပေးပါက စပါးအထွက် ခုနစ်ရာခိုင်နှုန်းမှ ၂၆ ရာခိုင်နှုန်းထိ အထွက်တိုးနိုင်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြေချဉ်ငန်ဓာတ် ခုနစ်အထက်ရှိသော မန္တလေးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးများတွင် သွပ်ဓာတ်ချို့တဲ့တတ်သဖြင့် ဇီဖာမြေဩဇာအသုံးပြုမှုများလည်း ရှိကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

# တာချီလိတ်၌ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချခြင်း စီမံချက်နှင့် အထူးကုန်စည်ခွန်ဥပဒေဆိုင်ရာများ ရှင်းလင်း

**တာချီလိတ် အောက်တိုဘာ ၁၆**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနက အခွန်ဆိုင်ရာအကြောင်းအရာများနှင့် အခွန်ဥပဒေများအား သိရှိနားလည်လိုက်နာ ဆောင်ရွက်နိုင်ရေးအတွက် ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချခြင်း စီမံချက်နှင့် အထူးကုန်စည်ခွန်ဥပဒေများ ရှင်းလင်းဆွေးနွေးပွဲကို အောက်တိုဘာ ၁၄ ရက် နံနက် ၁၀ နာရီက မကာဟိုခမ်းရပ်ကွက်ရှိ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးတိုးလှိုင်က ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ တံဆိပ်ခေါင်းခွန်၊ အထူးကုန်စည်ခွန်နှင့် အောင်ဘာလေသိန်းဆုခွန် ဆိုင်ရာများ၊ ပြေစာတံဆိပ်ကပ်နှိပ်ရောင်းချရန် ပျက်ကွက်ပါက ထိုက်သင့်သည့် ပြစ်မှုပြစ်ဒဏ်များ စသည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့် မြို့ပေါ်ရှိ စားသောက်ဆိုင်ပိုင်ရှင်များ၊ ဟိုတယ်နှင့် တည်းခိုခန်းပိုင်ရှင်များအား ၁၉၇၄ ဝင်ငွေခွန် ဥပဒေ နှင့် ၁၉၉၀ ပြည့်နှစ် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ စာအုပ် နှင့် Revenue ဂျာနယ်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အခွန်ဆိုင်ရာ ပညာပေးရှင်းလင်းပွဲကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အခြေခံပညာ အထက်တန်းကျောင်းငါးကျောင်း၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ စွမ်းဆောင်ရည်မြင့်မားရေးသင်တန်းတို့တွင် ပညာပေးရှင်းလင်းဆွေးနွေးခဲ့ပြီးဖြစ်သည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ငါးသရောက်မြို့နယ် ခက်လန်းကန်ကျေးရွာ မူလတန်းလွန်ကျောင်းတွင် လိုအပ်လျက်ရှိသည့် ကျောင်းဆောင်သစ်ဆောက်လုပ်

**ငါးသရောက် အောက်တိုဘာ ၁၆**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါးသရောက်မြို့နယ် ခက်လန်းကန်ကျေးရွာ မူလတန်းလွန်ကျောင်းတွင် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများမှာ ထန်းရွက်မိုး၊ ထရံကာ ယာယီတဲများဖြင့် ချို့တဲ့စွာ ပညာသင်ကြားနေရသဖြင့် ရန်ကုန်မြို့နေအလှူရှင်ဦးသိန်းမြင့် မိသားစုကလာရောက်ပြီး ကျောင်းသား၊ ကျောင်းသူများ၏ လိုအပ်နေသည့် ကျောင်းဆောင်သစ်တစ်ဆောင်အား စက်တင်ဘာ ၁၅ ရက်က စတင်ကာ ဆောက်လုပ်လှူဒါန်းပေးနေကြောင်း ခက်လန်းကန်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်မင်းထံမှ သိရသည်။

ငါးသရောက်မြို့နယ် ခက်လန်းကန်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် သူငယ်တန်းမှ သတ္တမတန်းအထိ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၇၈ ဦးခန့် ပညာသင်ကြားလျက်ရှိပြီး ယခင်က နိုင်ငံတော်အစိုးရမှ ဆောက်လုပ်ပေးထားသည့်ကျောင်းဆောင်မှာ နှစ်ကာလကြာမြင့်နေပြီဖြစ်သည့်အတွက် ခြဖုံးများစားပြီး ပျက်စီးယိုယွင်းမှုများရှိနေသဖြင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ပညာရေးဝန်ကြီးဌာနမှ အန္တရာယ်ကျောင်းဆောင်အဖြစ်သတ်မှတ်ကာ ဖျက်သိမ်းမိန့်ဖြင့် ကျောင်းဆောင်ကြီးအား ဖျက်သိမ်းခဲ့ရသည့်အတွက်ကြောင့် ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်ကြားရာတွင် ယာယီထန်းရွက်မိုး၊ ထရံကာတဲများဖြင့် ပညာသင်ကြားနေရ၍ အခက်အခဲများ ကြုံတွေ့နေရကြောင်း သိရသည်။

သို့ဖြစ်၍ ရန်ကုန်မြို့နေ အလှူရှင်ဦးသိန်းမြင့် မိသားတစ်စုက ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားရေးတွင် အခက်အခဲဖြစ်နေမှုများကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် စက်တင်ဘာ ၁၅ ရက်က စတင်ကာ အလျားပေ ၈၀၊ အနံ ၂၅ ပေခန့်ရှိစာသင်ခန်း လေးခန်းတွဲ ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်လှူဒါန်းပေးခြင်းဖြစ်ကြောင်း၊ ယခုအခါ အလှူရှင်ဆောက်လုပ်လှူဒါန်းသည့်ကျောင်းဆောင်သစ်မှာ ပြီးစီးမှု ၇၀ ရာခိုင်နှုန်းခန့်ရှိနေပြီဖြစ်ကြောင်း သိရသည်။

ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းမှုနှင့်ပတ်သက်၍ ခက်လန်းကန်ကျေးရွာမှ ဒေသခံပြည်သူတစ်ဦးက "ကျောင်းနေအရွယ်ကလေးတွေရဲ့ ပညာသင်ကြားမှုအပိုင်းမှာ အမှန်တကယ် လိုအပ်နေတဲ့ ကျောင်းဆောင်သစ်ကြီးကို တည်ဆောက်နေတာ အခုဆိုရင် ပြီးစီးမှု ၇၀ ရာခိုင်နှုန်းခန့်ရှိသွားပါပြီ။ ဒီကျောင်းဆောင်ကြီး ဆောက်လုပ်လှူဒါန်း ပေးတဲ့နေရာမှာ ကျွန်တော်တို့ကျေးရွာမှာရှိတဲ့ ရွာသူ၊ ရွာသားတွေကလည်း ဖောင်ဒေးရှင်းအတွက် လိုင်းကျင်းတူးတဲ့ လုပ်ငန်းမှာ တစ်တပ်တစ်အား ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြပါတယ်။ ဒါ့ကြောင့်လည်း အခုလို မြန်မြန်ဆန်ဆန် ဆောက်လုပ်ပြီးစီးသွားတာပါ။ ဒါ့အပြင် ဆရာ၊ ဆရာမတွေနဲ့ ကျောင်းသား၊ ကျောင်းသူတွေအတွက် နှစ်ခန်းတွဲအိမ်သာတစ်လုံးကိုလည်း ဆောက်လုပ်လှူဒါန်းပေးသွားမှာဖြစ်ပါတယ်" ဟု ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ဆွေးမြည့်လျှပ်စစ်ဓာတ်တိုင်နှင့် တွဲကျနေသောလျှပ်စစ်ကြိုးများကြောင့် မလိုလားအပ်သော လျှပ်စစ်အန္တရာယ်ဖြစ်နိုင်



**မလှိုင် အောက်တိုဘာ ၁၆**
မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် မလှိုင်မြို့ အမှတ်(၁)ရပ်ကွက်နယ်မြေ (၈)ရှိ စိတ်လမ်းအမှတ်(၂)နှင့် စိတ်လမ်းအမှတ် (၃) ဓမ္မာရုံလမ်းပေါ်၌ သွယ်တန်းထားသော လျှပ်စစ်ဝါယာကြိုးများမှ ပေါက်ပြဲနေပြီး အများပြည်သူသွားလာနေသော လမ်းပိုင်းပေါ်သို့ ကျလျက်ရှိကာ ဆွေးမြည့်သစ်သားလျှပ်စစ်ဓာတ်တိုင်များကြောင့် လမ်းသွားလမ်းလာများနှင့် ဒေသခံပြည်သူများက လျှပ်စစ်အန္တရာယ်ဖြစ်ပွားမည်ကို စိုးရိမ်လျက်ရှိနေကြောင်း သိရသည်။

"ကျွန်တော်တို့ ရပ်ကွက်မှာအိမ်ထောင်စု ၂၀၀ ခန့်ရှိပါတယ်။ အခုဆိုရင် လျှပ်စစ်ကြိုးများဟာ အများပြည်သူနေ့စဉ်သွားလာနေသော လမ်းပေါ်ကို တွဲကျနေသလို ဆွေးမြည့်သစ်သားတိုင်များဟာလည်း တစ်ဖက်ကိုစောင်းနေပါတယ်။ ၁၉၉၆ ခုနှစ်တုန်းက ဒီလိုလျှပ်စစ်ကြိုးများ မလုံတာကြောင့် လူတစ်ဦးသေဆုံးမှု ရပ်ကွက်ထဲမှာဖြစ်ခဲ့ ဖူးပါတယ်" ဟု အဆိုပါရပ်ကွက်မှတာဝန်ခံရာအိမ်မှူး ဦးစိုးလွင်ဦးက ဆိုသည်။

ရပ်ကွက်တွင်းရှိ ပြည်သူများကလည်း သက်ဆိုင်ရာ တာဝန်ရှိသူများ သက်မှတ်ထားသော တွဲကျနေသော လျှပ်စစ်ဆားဗစ် ဝါယာကြိုးများကို အတိုင်းအတာထက်ကျော်လွန်၍ ထားရှိတာကြောင့် ယခုလိုလျှပ်စစ်ဝါယာကြိုးများ အောက်သို့ တွဲကျနေခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။ သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် သစ်သားတိုင်အစားကွန်ကရစ်တိုင်များကို အစားထိုးဆောင်ရွက်ပေးစေလိုပြီး အများပြည်သူသွားလာနေသော လမ်းပိုင်းများပေါ်သို့ လျှပ်စစ်ဝါယာကြိုးများ တွဲကျနေမှုမရှိအောင် အမြန်ဆုံးရှင်းလင်းဆောင်ရွက်ပေးရန် ရပ်ကွက်တွင်းရှိပြည်သူများက မျှော်လင့်နေကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

# တီးတိန်မြို့နယ် စည်ပင်သာယာရေးကော်မတီရုံးအဆောက်အအုံသစ်ဖွင့်

**တီးတိန် အောက်တိုဘာ ၁၆**
ချင်းပြည်နယ် ဖလမ်းခရိုင် တီးတိန်မြို့နယ် စည်ပင်သာယာရေးရုံး အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၄ ရက် နံနက် ၈ နာရီ က အဆိုပါရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးဇိုဘွဲ့၊ စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဆလိုင်းအိုက်ဇက်ခင်၊ လူမှုရေးဝန်ကြီးဦးပေါင်လွန်းမင်ထန်၊ စာရင်းစစ်ချုပ် ဦးလာလ်သင်မန်းနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်များရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးထလာဟရဲက အဆောက်အအုံသစ် ဆောက်လုပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ လွှတ်တော်ဥက္ကဋ္ဌ၊ စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးတို့က အဆောက်အအုံအား ဖွင့်လှစ်ပေးခဲ့ပြီး တီးတိန်မြို့နယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်စည်ပင်သာယာရေးဥက္ကဋ္ဌဟောင်း ဦးလန်ခန့်မုန်တို့က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ အဆောက်အအုံသစ်သည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်အစိုးရ၏ ခွင့်ပြုငွေကျပ်သိန်း ၅၅၀ အကုန်အကျခံကာ ဆောက်လုပ်ထားသော အလျားပေ ၄၀၊ အနံပေ ၃၀ ရှိ R.C နှစ်ထပ်တိုက်အဆောက်အအုံဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကနီမြို့နယ်တွင် ဆင်းသုခမျိုးသန့် မျိုးစေ့ထုတ် စံပြကွက်များအား မျိုးကွဲ၊ ပေါင်းမြက်နှင့် ပိုးမွှားကင်းစင်ခြင်းစစ်ဆေးမှု ကွင်းဆင်းဆောင်ရွက်

**ကနီ အောက်တိုဘာ ၁၆**
စစ်ကိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် တဇယ်ချောင်ကျေးရွာ၊ ရှမ်းမြောင်းကျေးရွာနှင့် ကင်းတောင်ကျေးရွာတို့၌ စိုက်ပျိုးထားသော ဆင်းသုခမျိုးသန့် မျိုးစေ့ထုတ်စံပြကွက်များတွင် စပါးအနှံထွက်ချိန် မျိုးကွဲ၊ ပေါင်းမြက်နှင့် ပိုးမွှားကင်းစင်ခြင်းစစ်ဆေးမှုများကို ယင်းမာပင်ခရိုင် စိုက်ပျိုးရေး ဦးစီးဌာနမှ ခရိုင်မျိုးစေ့တာဝန်ခံ၊ ပိုးမွှားတာဝန်ခံ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိနှင့် ဝန်ထမ်းများက အောက်တိုဘာ ၁၄ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကနီမြို့နယ်၏ ဒေသဝမ်းစာဖူလုံမှုတွင် တောင်သူများ၏ ကြိုးစားမှုအပေါ် မူတည်နေပြီး သီးနှံအရည်အသွေး ကောင်းမွန်ကာ ထွက်နှုန်းကောင်းမွန်ရေး၊ မျိုးသန့်မျိုးစေ့ထုတ်စံပြကွက်များမှ စပါးမျိုးသန့်များ ထွက်ရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနရှိ ဝန်ထမ်းများနှင့် တောင်သူများပူးပေါင်း၍ လက်တွေ့အကောင်အထည်ဖော် ညှိနှိုင်းဆောင်ရွက်နိုင်ရေးနှင့်ပတ်သက်၍ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်စန္ဒာမိုးက ရှင်းလင်းပြောကြားခဲ့သည်။

ပိုးမွှားအန္တရာယ်တို့နှင့်ပတ်သက်၍ ခရိုင်ပိုးမွှားတာဝန်ခံ ဒေါ်ခင်ခင်အေးက ကနီမြို့နယ်မှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ နည်းပညာပေးဆွေးနွေးပြီး ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများအား ဆွေးနွေးပြောကြားခဲ့သည်။



ကနီမြို့မြို့နယ်တွင် တဇယ်ချောင်ကျေးရွာ၊ ရှမ်းမြောင်းကျေးရွာနှင့် ကင်းတောင်ကျေးရွာတို့မှ တောင်သူ ၁၅ ဦး၏ လယ်ဧက ၂၀ တွင် ဆင်းသုခ မျိုးသန့်မျိုးစေ့ထုက်ကွက်များ ပညာပေးစိုက်ပျိုးထားပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးသန့်ဇင်၏ ပြောပြချက်အရ သိရသည်။

ယခုနှစ်တွင် ယင်းမာပင်ခရိုင်အတွင်း မျိုးစေ့ထုတ်စပါး ရောမင်းစပါး ဧက ၈၀၊ ဆင်းသုခ ဧက ၂၀ နှင့် ရွှေဘိုပေါ်ဆန်း ၁၀ ဧက စုစုပေါင်း ဧက ၁၁၀ စိုက်ပျိုးထားပြီး ယင်းမျိုးစေ့ထုတ်စိုက်ကွက်များမှ ခရိုင်အတွင်း ပြန်လည်ဖြန့်ဝေနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

**သန်းငွေအောင်(ကနီ)**

# Pakokku Barcamp 2016 တွင် ကူညီပါဝင်ကြမည့် လူငယ်များအား Volunteer သင်တန်းကျင်းပ

**ပခုက္ကူ အောက်တိုဘာ ၁၆**
Pakokku Barcamp 2016 ကျင်းပရာတွင် ကူညီပါဝင်ကြမည့် လူငယ်များအား Volunteer Training သင်တန်းကို အောက်တိုဘာ ၁၄ ရက် နံနက် ၈ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပခုက္ကူခရိုင်ရုံးခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းကို ပခုက္ကူလူငယ်ဖွံ့ဖြိုးရေးကောင်စီက တာဝန်ယူသင်တန်းပေးခြင်းဖြစ်ပြီး သင်တန်းသား ၁၀၀ ဦးအား တစ်ကြိမ်လျှင် ၄ နာရီဖြင့် အုပ်စုသုံးစုခွဲ၍ ပို့ချသွားမည်ဖြစ်ကြောင်းသိရသည်။

သင်တန်းရည်ရွယ်ချက်နှင့် ပတ်သက်၍ ပခုက္ကူလူငယ်ဖွံ့ဖြိုးရေးကောင်စီမှ သင်တန်းနည်းပြ ကိုထွန်းလင်းကျော်က Pakokku Bar Camp ပွဲတွင် Volunteer အဖြစ်ကောင်းမွန်စွာ အလုပ်လုပ်နိုင်ရန်၊ အဖွဲ့အစည်းနှင့် တိုင်တိုင်ပင်ပင်လုပ်ဆောင်တတ်စေရန်၊ အဖွဲ့အစည်းအပြင် မရောက်အောင် တစ်ယောက်နှင့်တစ်ယောက် နားလည်ယုံကြည်မှုရှိစေရန် ယခုသင်တန်းကို ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောပြခဲ့သည်။

Pakokku Barcamp 2016 ကိုအောက်တိုဘာ ၂၂ ရက်နှင့် ၂၃ ရက်များတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ကိုဇော်(ခတ္တ)**

# ကျောက်တော်ကြီးဘုရားပွဲဈေးတန်းတွင် ကျောက်ပျဉ်များတွင်ကျယ်စွာရောင်းချနေရ



**မန္တလေး အောက်တိုဘာ ၁၆**

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် မန္တလေးမြို့ ကျောက်တော်ကြီးဘုရားပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ကိုးတောင်ဘို့ကျေးရွာထွက် ကျောက်ပျဉ်များအား ဝယ်ယူမှုများပြားလျက်ရှိကြောင်း သိရသည်။

ယင်းသို့လာရောက်ရောင်းချရာတွင် ကျောက်ပျဉ်အရွယ်အစားအမျိုး ၂၀ ခန့်ပါဝင်ပြီး အသေးဆုံးဆေးသွေးကျောက်ပျဉ်ငယ်ကလေးများကို ငွေကျပ်တစ်ထောင်ဖြင့်ရောင်းချပြီး အကြီးဆုံးကျောက်ပျဉ်များမှာ ငွေကျပ်တစ်သောင်းခန့်ထိရှိသည်။ ငရုတ်ဆုံအသေးများမှာ ငွေကျပ်တစ်ထောင်၊ တစ်ထောင့်ငါးရာမှ အကြီးဆုံးငရုတ်ဆုံကို တစ်သောင်းအထိ ဈေးအမျိုးမျိုးဖြင့် ရောင်းချကြသည်။

ဘုရားပွဲသို့လာရောက်ရောင်းချသူများသည် ကျောက်ပျဉ်အရွယ်အစားမျိုးစုံအပြင် ငရုတ်ဆုံ၊ ခါးသွေးကျောက်၊ ကြိတ်ဆုံနှင့် အခြားပစ္စည်းများကိုပါ ထည့်သွင်းရောင်းချကြသည်။ ခါးသွေးကျောက်များမှာ နဘားဘက်မှထွက်ပြီး ကြိတ်ဆုံများမှာ မုံရွာဘက်မှထွက်သည်။ ကြိတ်ဆုံတစ်ခုလျှင် ငွေကျပ်တစ်သောင်းမှ တစ်သောင်းငါးထောင်အထိ ဈေးနှုန်းအမျိုးမျိုးဖြင့် ရောင်းချကြောင်း သိရသည်။

ကျောက်ပျဉ်ပြုလုပ်ရန် ကျောက်တောင်များမှ ကျောက်သားကို တူးဖော်ရသည်။ ကျောက်ပျဉ်ပြုလုပ်သည့်ကျောက်သားများကို ကျောက်သားပြေး၊ အရှေ့ပြေး၊ သဲပြေး၊ မီးနေပြေးဟု ကျောက်သားအဆင့်အလိုက် ဒေသအခေါ်အဝေါ်များဖြင့် ခွဲခြားထားသည်။ ကျောက်ပျဉ်တစ်ချပ်ဖြစ်ရန် ကျောက်သားရွေးခြင်းရေနူးခြင်း၊ ကျောက်ပျဉ်ပြုလုပ်သည့်စူးဆောက်များသခြင်းများဖြင့် စတင်ရသည်။ ကျောက်သားကို ခါးဦးဖြင့်ပုံဖော်ခြင်းမှစကာ အဆင့်ဆင့်ခက်ခဲစွာ ပြုလုပ်ရသည်။ကျောက်တော်ကြီးဘုရားပွဲသို့ လာရောက်ရောင်းချသော ကျောက်ပျဉ်သည်များမှာ နှစ်စဉ်ရောင်းချသောအတွေ့အကြုံအရ ကျောက်ပျဉ်သည်တစ်ဦးလျှင် ငွေကျပ်သိန်းသုံးဆယ်ဖိုးအထိ ရောင်းချရကြောင်း သိရသည်။

ယခုနှစ်ကျင်းပသည့် မန္တလေးမြို့ ကျောက်တော်ကြီးဘုရားပွဲဈေးတန်းမှာ ပွဲဈေးတန်းလျှောက်သူများ၊ မြန်မာ့ရိုးရာ မုန့်များဝယ်စားသူများ၊ ကျောက်တော်ကြီးဘုရား၊ သတ္တဌာန၊ သုဓမ္မာဇရပ်၊ မဟာပဋ္ဌာန်းသိမ်တော်များကို လာရောက်သူများဖြင့် နေ့စဉ်စည်ကားလျက်ရှိသည်။

ယခုကျင်းပသော ကျောက်တော်ကြီးဘုရားပွဲမှာ (၁၂၈) ကြိမ်မြောက်ကျင်းပသောပွဲဖြစ်ပြီး သီတင်းကျွတ်လပြည့်နေ့တွင် ဆီမီး ၁၀၈၀၀ ထွန်းညှိပူဇော်ကာ မြို့ပေါ်မှ သံဃာတော်အပါး ၂၀၀၀ ကို သံဃာ့ဒါနဆွမ်းလောင်းလှူမည်ဖြစ်ကာ ယခင်နှစ်များနှင့်မတူ တစ်မူထူးခြားစွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**တိမ်တမန်**

# ကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် တိုင်းရင်းဆေးဖြင့်(အခမဲ့)ဆေးကုသခြင်းများ ဆောင်ရွက်

**အင်္ဂပူ အောက်တိုဘာ ၁၆**

အင်္ဂပူမြို့နယ် ထူးကြီးမြို့ ဘုရားငူတွဲကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် အောက်တိုဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်စားသုံးသူရေးရာဦးစီးဌာန တိုင်းရင်းဆေးကုဌာနနှင့် ပြန်/ဆက်ဦးစီးဌာနတို့ပူးပေါင်းပြီး ကျန်းမာရေးနှင့်ပတ်သက်သည့် အသိပညာပေးဟောပြောခြင်း၊ တိုင်းရင်းဆေးဖြင့် (အခမဲ့) ဆေးကုသခြင်းများ ဆောင်ရွက်ခဲ့သည်။

အခမ်းအနားတွင် အင်္ဂပူမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်သီသီရှိန်က စာဖတ်ခြင်း၏အကျိုးကျေးဇူးများအားရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်တိုင်းရင်းဆေးကုဌာနမှ တိုင်းရင်းဆေးမှူး ဦးခိုင်ထွန်းဇော်က ဒေသပေါက်ဆေးပင်များ အသုံးဝင်ပုံကိုရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် စားသုံးရန်မသင့်သော ရက်လွန်အစားအသောက်များအကြောင်းကို မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမြင့်ကြိုင်က ရှင်းလင်းပြောကြားခဲ့ပြီး အခမ်းအနားသို့တက်ရောက်လာသူများအားတိုင်းရင်းဆေးဖြင့် (အခမဲ့) ဆေးကုသပေးခဲ့ကာ မြို့နယ်ပြန်/ဆက်ဦးစီးဌာနမှ နံရံကပ်ဓာတ်ပုံများ၊ စာစောင်များအား ပြသပေးခဲ့သည်။

အဆိုပါအခမ်းအနားသို့ ဘုရားငူတွဲကျေးရွာမှ ရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများ၊ ဒေသခံမိဘပြည်သူများ စုစုပေါင်းအင်အား ၇၀ ဦးခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန် ဆက်)**

# မီးသတ်တပ်ဖွဲ့စခန်း မြေနေရာပေးအပ်

**ပဲခူး အောက်တိုဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည်စံပြကျေးရွာရှိ မီးသတ်စခန်းဆောက်လုပ်ရန် မြေနေရာလှူဒါန်းပွဲအခမ်းအနားကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံးတွင် မွန်းလွဲ ၁ နာရီမှ ၂ နာရီထိ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေး၊ ပဲခူးခရိုင်မီးသပ်တပ်ဖွဲ့မှူး ဦးမြင့်စိုး၊ ဝေါမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ ဒုဦးစီးမှူး ဦးရန်အောင်၊ မြို့နယ်မြေစာရင်းဌာန လက်ထောက်ဦးစီးမှူး ဦးသိန်းဝင်း၊ ညောင်ခါးရှည်စံပြကျေးရွာ နယ်မြေရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်တင်ထွန်းအောင်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်၊ ကျေးရွာရပ်မိရပ်ဖများ တက်ရောက်ခဲ့သည်။

အဆိုပါမြေနေရာအားလှူဒါန်းခဲ့သော ညောင်ခါးရှည်စံပြကျေးရွာနေ ဦးဝင်းကျော်(ဘ)ဦးပြားမှ မြေဧက သုည ဒသမ၄၂ ဧကကို ခရိုင်မီးသတ်တပ်ဖွဲ့မှူးထံပေးအပ်ခဲ့ပြီးနောက် လှူဒါန်းခဲ့သောမြေနေရာအား သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**လှုမှုန်း(ကမ္ဘောဇသောဒီ)**

# ကျိုက်ထော် (မြောက်) ကျေးရွာရှိ လယ်သမားများအားကာလတိုငွေချေးရန် ဆွေးနွေး

**ကော့မှူး အောက်တိုဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ကျိုက်ထော်(မြောက်) ကျေးရွာ၌ Prohimity finance ချေးငွေလုပ်ငန်းမှ ဦးဗညားအောင်၊ ကနေဒါနိုင်ငံသား Mr. Jonathan Lee၊ အီတလီနိုင်ငံသား Mr.Graubardt Daniel နှင့် စကားပြန်ဒေါ်အိမ့်မြင့်မိုရ်တို့ပါဝင်သောအဖွဲ့သည်လယ်သမားများအား ကာလတိုငွေချေးခြင်းများဆောင်ရွက်နိုင်ရန် ကျိုက်ထော်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်ဦးနှင့် လယ်သမားများတွေ့ဆုံဆွေးနွေးပွဲကို ကျိုက်ထော်(မြောက်) ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ အောက်တိုဘာ ၁၃ ရက် မွန်းတည့် ၁၂ နာရီက ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ဦးဗညားအောင်က Prohimity Finance ချေးငွေလုပ်ငန်း၏ ပုံမှန်ချေးငွေစံနှုန်းစနစ်များ၊ လယ်သမားများအတွက် ကာလတိုချေးငွေ များ၊ လယ်သမားချေးငွေအသင်းသားများ ယူဆောင်တင်ပြရမည့် အချက်များနှင့် ငွေချေးပုံစနစ်များအား ရှင်လင်းပြောကြားခဲ့သည်။ ယင်းနောက် လယ်သမားများ ကာလတိုချေးငွေအနေဖြင့် တစ်ဦးလျှင် ငွေကျပ် ၂၅၀၀၀၀ လျှင် အတိုးနှုန်း ၂ ကျပ် ပြား ၅၀ ဖြင့် ထုတ်ချေးမည်ဖြစ်ပြီး ငါးလပြည့်လျှင် အတိုး၊ အရင်း နှစ်ခုပေါင်း၍ အကျေပြန်ဆပ်ရမည်ဖြစ်ကာ ငွေချေးယူမည့်လယ်သမားများအနေဖြင့် လျှောက်လွှာနှင့်အတူ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ လယ်ယာမြေပိုင်ဆိုင်မှုပုံစံ (၇) မိတ္တူများကို ပူးတွဲတင်ပြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါချေးငွေထုတ်ချေးမှုအား ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီတွင် ထုတ်ချေးသွားမည်ဖြစ်ပြီး လယ်သမား ၄၅ ဦးမှ လျှောက်လွှာများတင်ခဲ့ကြောင်း သိရသည်။

၎င်းချေးငွေလုပ်ငန်းသည် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဆရာစံလမ်းတွင် ရုံးခွဲဖွင့်လှစ်ထားပြီး ကွမ်းခြံကုန်းမြို့နယ် မြို့မရပ်ကွက် မြို့မလမ်းတွင်လည်း မြို့နယ်ရုံးခွဲ ဖွင့်လှစ်ထားသည်။

**ကော့မှူးသားလေး**

# ဆည်တမံကန်များနှင့်ကျေးရွာကန်များတွင် လျာထားသည့်အတိုင်း ငါးမျိုးများစိုက်ထည့်



**မကွေး အောက်တိုဘာ ၁၆**

ငါးသယံဇာတများကို ထိန်းသိမ်းခြင်းဖြင့် မျက်မှောက်ကာလ အမျိုးသားလူထုတစ်ရပ်လုံး ငါးရိက္ခာဖူလုံရုံသာမက အနာဂတ်မျိုးဆက်သစ်များအတွက် ထာဝစဉ် စဉ်ဆက်မပြတ် ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးသည် ငါးလုပ်ငန်းဦးစီးဌာန၏ မျှော်မှန်းချက်နှင့်အညီ ငါးရိက္ခာများဖူလုံစေရန် သဘာဝမြစ်၊ ချောင်း၊ အင်းအိုင်များ၊ ဆည်ရေလှောင်တမံနှင့်ကန်များတွင် ငါးမျိုးများမျိုးစိုက်ထည့်ပေးခြင်းများကို နှစ်စဉ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ငါးသားပေါက်အကောင်ရေ ၃၉ သိန်းကို သဘာဝ မြစ်၊ ချောင်း၊ အင်းအိုင်များ၊ ဆည်ရေလှောင်တမံနှင့် ကန်များ၊ ကျေးရွာဖွံ့ဖြိုးရေးကန်များတွင် မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

ယင်းအပြင် ယခုနှစ်တွင် သဒ္ဒါပေါင်းစုအဖွဲ့ (Thadar Consortium)၊ ဧရာဝတီမြစ်အနောက်ဖက် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု (AWDO) တို့၏ ကူညီထောက်ပံ့မှုဖြင့် ငါးသားပေါက်ကောင်ရေ သိန်း ၃၀ မျိုးစိုက်ထည့်ရန် လျာထားခဲ့ပြီး စက်တင်ဘာလကုန်အထိ မုန်းချောင်း၊ မန်းချောင်း၊ မုန်းတမံ၊ ကြီးအုံကြီးဝတမံနှင့် ဧရာဝတီမြစ်အနောက်ဖက်ကျေးရွာကန်များ၊ ငါးမွေးမြူလိုသူများအား ငါးကောင်ရေ ၁၄ ဒသမ ၂၀ သိန်း အခမဲ့ဖြန့်ဖြူးမျိုးစိုက် ထည့်ပေးနိုင်ခဲ့သည်။

အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကော်မတီဝင်များဖြစ်သော အမျိုးသားလွှတ်တော် မကွေး(၁) ဦးလှဆန်း၊မကွေး(၂) ဦးခင်ဝင်းနှင့် မကွေး(၃) ဦးချစ်ထွေးတို့၏ စီစဉ်ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန DoF(Magway)၊ သဒ္ဒါပေါင်းစုအဖွဲ့ (Thadar Consortium)နှင့် ဧရာဝတီမြစ်အနောက်ဖက်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု (AWDO) တို့ ပူးပေါင်းကာ မကွေးခရိုင်၊ မြို့သစ်မြို့နယ် စွန်ချောင်းတမံနှင့် ဆန္ဒန်တမံဆည်များအတွင်း ငါးမျိုးများစိုက်ထည့်ပွဲကို အောက်တိုဘာ ၁၅ ရက် နံနက် ၉ နာရီက နေပြည်တော်-ကံပြားလမ်းဘေးရှိ အဆိုပါ ဆည်တမံများတွင် ကျင်းပခဲ့ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သဒ္ဒါပေါင်းစုအဖွဲ့၊ ဧရာဝတီမြစ်အနောက်ဖက်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစုနှင့် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ဆည်တမံအနီး ကျေးရွာများဖြစ်ကြသော ကိုဒူကျေးရွာ၊ ကျောက်ထရံနှင့် အောင်ချမ်းသာကျေးရွာများမှ ဒေသခံပြည်သူများက စွန်ချောင်းတမံနှင့် ဆန္ဒန်တမံဆည်များအတွင်းသို့ ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေသုံးသိန်းနှင့် ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေသုံးသိန်းတို့ကို စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ငါးမျိုးစိုက်ထည့်ရန် လျာထားသည့်အတိုင်း ဆည်တမံကန်များ၊ ကျေးရွာကန်များမှာ ငါးသယံဇာတများ တိုးပွားရေးနှင့် စားနပ်ရိက္ခာဖူလုံရေးအတွက် မျိုးစိုက်ထည့်ပေးခြင်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်များ လျှော့ချနိုင်ရန်အတွက် သဘာဝဘေးအန္တရာယ်အခြေပြမြေပုံ ရေးဆွဲလုပ်ဆောင်မည်


၂၀၁၅ ခုနှစ်အတွင်း ကလေးဒေသတွင် ရေကြီးရေလျှံမှုဖြစ်ပွားမှုကို တွေ့ရစဉ်


၂၀၁၅ ခုနှစ်အတွင်း ကလေးဒေသတွင် ရေကြီးရေလျှံမှုဖြစ်ပွားမှုကြောင့် လယ်ယာမြေများ ပျက်စီးမှုကိုတွေ့ရစဉ်


၂၀၁၅ ခုနှစ်အတွင်း ကောလင်းဒေသတွင် ရေကြီးရေလျှံမှုဖြစ်ပွားမှုကြောင့် လယ်ယာမြေများ ပျက်စီးမှုကိုတွေ့ရစဉ်

**မုံရွာ အောက်တိုဘာ ၁၆**

ရာသီဥတုဖောက်ပြန်မှုများကြောင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် နှစ်စဉ်ရေကြီးရေလျှံမှုများ၊ လေပြင်းတိုက်ခတ်ပြီး မိုးသီးကြွေခြင်း၊ ငလျင်ဘေးများကို နှစ်စဉ်ကြုံတွေ့ရလျက်ရှိရာ သဘာဝဘေးအန္တရာယ်များ လျှော့ချနိုင်ရန်နှင့် ဖြစ်ပွားပါက အကောင်းဆုံးတုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် သဘာဝဘေးအန္တရာယ်အခြေပြမြေပုံ ရေးဆွဲလုပ်ဆောင်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးစဝီလီဖရန့်က ပြောသည်။

အဆိုပါ သဘာဝဘေးအန္တရာယ်အခြေပြမြေပုံကို ယခုအခါ အကြမ်းဖျင်းရေးဆွဲပြီးသွားပြီဖြစ်ရာ ယင်းမူကြမ်းကို စစ်ကိုင်းတိုင်းဒေသကြီး တိုင်းဒေသကြီးသဘာဝဘေးလျော့ပါးရေးကော်မတီအစည်းအဝေးတွင် အတည်ပြုချက်ရယူလုပ်ဆောင်သွားမည်ဖြစ်ပြီး အဆိုပါမူကြမ်းတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သဘာဝဘေးဒဏ်အဖြစ်များသည့်ဒေသများရှိ သဘာဝပတ်ဝန်းကျင်အခြေအနေများကို စနစ်တကျ မှတ်တမ်းများပြုစုခြင်း၊ သုတေသနပြုလုပ်ခြင်းတို့ကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးမှာ လေဘေး၊ ရေဘေးနဲ့ ငလျင်ဘေးဖြစ်နိုင်ခြေရှိတဲ့ သဘာဝဘေးအန္တရာယ်အခြေပြမြေပုံကို အကြမ်းဖျင်းဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ အဲဒီသဘာဝဘေးအန္တရာယ်အခြေပြမြေပုံကို အကြမ်းဖျင်းဆောင်ရွက်ထားရှိမှုကို တိုင်းဒေသကြီးသဘာဝဘေးလျော့ပါးရေးကော်မတီအစည်းအဝေးမှာ တင်ပြသွားမှာပါ။ နှစ်စဉ်ဖြစ်လေ့ဖြစ်ထရှိတဲ့ ဒေသတွေကတော့ ပညာပေးတာနဲ့ မလုံလောက်တော့ပါဘူး။ စစ်တမ်းကောက်ယူတာတွေ၊ အကူအညီပေးတာတွေ၊ သုတေသနလုပ်ရမယ့်အဆင့်အထိကို ဖြည်းဖြည်းချင်းသွားပြီးလုပ်ရမယ့် အနေအထားရှိလာပါတယ်။ အဲဒီဒေသကဘာဖြစ်လို့ သဘာဝဘေးအန္တရာယ် ခဏခဏဖြစ်တာလဲ၊ ဘာကြောင့်ဖြစ်တာလဲဆိုတာကို စစ်တမ်းကောက်တာ၊ မှတ်တမ်းမှတ်ရာတွေပြန်လည်ပြုစုတာတွေကို လုပ်ဆောင်သွားရမယ့်အနေအထားဖြစ်ပါတယ်" ဟု ဦးစဝီလီဖရန့်က ပြောသည်။

ယခုနောက်ပိုင်းနှစ်များတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုများ၊ မြေငလျင်ဘေး၊ လေပြင်းတိုက်ခတ်ပြီး မိုးသီးကြွေခြင်းစသည့် သဘာဝဘေးများကို နှစ်စဉ်ကြုံတွေ့ခံစားရပြီး လူနှင့်တိရစ္ဆာန်များ သေကျေပျက်စီးခြင်း၊ ထိခိုက်ဒဏ်ရာများရရှိခြင်း၊ လူနေအိမ်များ၊ စာသင်ကျောင်းများ ပျက်စီးခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် သီးနှံစိုက်ခင်းများ အများအပြားပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်လျက်ရှိသဖြင့် သဘာဝဘေးအန္တရာယ် အခြေပြမြေပုံကိုရေးဆွဲပြီး သဘာဝဘေးဖြစ်ပွားမှုကို လျှော့ချနိုင်မည့်နည်းလမ်းများကို ဖော်ထုတ်နိုင်ရန်နှင့် ဖြစ်ပွားပါက အကောင်းဆုံးတုံ့ပြန်ဆောင်ရွက်သွားနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)**

## မော်တော်ဆိုင်ကယ်မောင်းလိုင်စင်များ အထူးနယ်လှည့်ပြုလုပ်ဆောင်ရွက်ပေး



**ခင်ဦး အောက်တိုဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ခင်ဦးမြို့နယ် အောင်မင်္ဂလာရပ် မြို့လယ်ဓမ္မာရုံ၌ အောက်တိုဘာ ၁၅ ရက် နံနက် ၈ နာရီက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲချမှုနှင့် မော်တော်ဆိုင်ကယ်မောင်းလိုင်စင်များကို အထူးနယ်လှည့်ဆောင်ရွက်ပေးမှုလုပ်ငန်းများ ပြုလုပ်ပေးလျက်ရှိသည်။

အဆိုပါအဖွဲ့က လိုက်နာဆောင်ရွက်ရမည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီးနောက် မော်တော်ဆိုင်ကယ်ယာဉ်မောင်းလိုင်စင်ပြုလုပ်သူ ၃၈၄ ဦးတို့အား သရုပ်ပြကွင်း၌ ဆိုင်ကယ်စီးနင်းရာတွင် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များနှင့်ပတ်သက်၍ လက်တွေ့သရုပ်ပြရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ချစ်စံ(ခင်ဦး)**

## ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ လွှဲပြောင်းပေးအပ်

**မဘိမ်း အောက်တိုဘာ ၁၆**

ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်ခရိုင် မဘိမ်းမြို့နယ်တွင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် ရန်ပုံငွေပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၅ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်ရှိန် က ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေများနှင့်ပတ်သက်၍လည်းကောင်း၊ အဖွဲ့ဝင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညိုက ဖွံ့ဖြိုးရေးရန်ပုံငွေများကို အကျိုးရှိစွာအသုံးပြုရေးကိစ္စရပ်များနှင့်ပတ်သက်၍လည်းကောင်း အမှာစကားပြောကြားခဲ့သည်။

အဆိုပါဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေများနှင့်ပတ်သက်၍ အတွင်းရေးမှူး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်ထွန်း ရှင်းလင်းပြောကြားခဲ့ပြီးနောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေများအား သက်ဆိုင်ရာရပ်ကွက်နှင့်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့ အဖွဲ့ဝင်များထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်းသိရသည်။

မဘိမ်းမြို့နယ်အတွက် ပြည်ထောင်စုလွှတ်တော်မှ ထောက်ပံ့သည့် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၁၀၀၀ ဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းစုစုပေါင်း ၂၁ ခုကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လမ်းတံတားလုပ်ငန်း ၂၀ ခုအတွက် ကျပ် ၉၇၅ သိန်း၊ ရေရရှိရေးလုပ်ငန်းတစ်ခုအတွက် ကျပ် ၂၅ သိန်းကို အသုံးပြုသွားမည်ဖြစ်သည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ အဖွဲ့ဝင်များ၊ ရပ်ကွက်နှင့်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းဦး(ပြန်/ဆက်)**

## ရပ်စောက်သို့ အစေ့ထုတ်ပြောင်းစိုက်တောင်သူများ လာရောက်လေ့လာ

**ရပ်စောက် အောက်တိုဘာ ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့သို့ သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးနှင့် သိပ္ပံနည်းကျစိုက်နည်းစနစ်များ လက်တွေ့ဆည်းပူးလေ့လာရန် ကရင်ပြည်နယ် မြဝတီမြို့မှ မဲခေါင်စိုက်ပျိုးရေးသိပ္ပံနှင့် မြဝတီမြို့စိုက်ပျိုးရေးဦးစီးဌာနတို့ဦးဆောင်၍ အစေ့ထုတ်ပြောင်းစိုက်ပျိုးသူ တောင်သူများလေ့လာရေးခရီးစဉ်အဖြစ် အောက်တိုဘာ ၁၄ ရက်က သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။

ယင်းသို့ လေ့လာနိုင်ရေးအတွက် ရပ်စောက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်လှလှနွယ်နှင့် ဝန်ထမ်းများက အထွက်တိုးပြောင်းစိုက်ခင်းများသို့ ကွင်းဆင်းလေ့လာနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါလေ့လာရေးခရီးစဉ်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှလှနွယ်နှင့်ဝန်ထမ်းများလိုက်ပါ၍ ပါမဲကျေးရွာအုပ်စု၊ လယ်မီးကျေးရွာ တောင်သူဦးတင်ကိုကိုဦး၏ ဧက ၁၆၀ ကျော်တွင် အောင်မြင်စွာစိုက်ပျိုးထားရှိသည့် အထွက်တိုးအစေ့ထုတ်ပြောင်းစိုက်ခင်းသို့ ဝင်ရောက်လေ့လာခဲ့သည်။

လေ့လာရေးအဖွဲ့အား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်လှလှနွယ်က မြို့နယ်၏ ရေမြေသဘာဝနှင့် ပြောင်းစိုက်မြေဧရိယာအကျယ်အဝန်းများ၊ သွင်းအားစုများ၏ အကျိုးအပြစ်များ၊ ပေါင်းသတ်ဆေးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် မြေဆီလွှာ ပျက်ယွင်းမှုများကို ရှင်းလင်းပြီး ဒုတိယဦးစီးမှူး ဦးစိုးနိုင်ဦးက ပြောင်းစိုက်ပျိုးနည်းစနစ်များနှင့် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ အချိုးညီပေါင်းစပ်သုံးစွဲခြင်းဖြင့် ရရှိလာမည့်ကောင်းကျိုးများကိုလည်းကောင်း၊ လက်တွေ့အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးလုပ်ကိုင်နေသည့် တောင်သူဦးချမ်းငြိမ်းအောင်က စိုက်ပျိုးသည်မှ ရောင်းချနိုင်သည့်အဆင့်အထိ စိုက်ပျိုးလုပ်ကိုင်ပုံ အဆင့်ဆင့်ကို လည်းကောင်းရှင်းလင်းပြီး လေ့လာရေးအဖွဲ့က စိုက်ခင်းအတွင်းဝင်ရောက်လေ့လာခဲ့သည်။

ဆက်လက်၍လေ့လာရေးအဖွဲ့သည် တပ်ဦးရွာသစ် အလတ်စားစက်မှုလက်မှုလုပ်ငန်း ရှမ်းလေးလယ်ယာသုံးလုပ်ငန်းသုံးစက်ရုံမှ ပြောင်း၊ စပါး၊ ပဲ အစေ့ခြွေလှေ့စက်ထုတ်လုပ်လုပ်ကိုင်ပေးခြင်းလုပ်ငန်းခွင်သို့လည်းကောင်း၊ ရွှေကြယ်တံခွန် သီးနှံပွဲရုံတွင် တစ်ပိုင်တစ်နိုင်ဆောင်ရွက်ထားရှိထားသော ပြောင်းအခြောက်ခံစနစ်လုပ်ကိုင်ဆောင်ရွက်နေမှုနှင့်ရောင်းဝယ်ဖောက်ကားနေမှုများကိုလည်းကောင်း လေ့လာခဲ့သည်။

ယင်းနောက် ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စုဝင်ဖြစ် စံပြကျေးရွာ တောင်သူဦးသိန်းဇော်၏ စံပြပြောင်းစိုက်ကွင်းတွင်လည်းကောင်း၊ ရောင်ခြည်ဦးကျေးရွာ ပြောင်းသီးနှံဘက်စုံပိုးမွှားကာကွယ်ရေး ဥကပ်ပါးနဂျီ (Trichogramma) မွေးမြူရေးဌာနသို့လည်းကောင်း ဝင်ရောက်လေ့လာခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**


မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ငါန်းမြာကြီးကျေးရွာနှင့်အနီးတစ်ဝိုက်၌ အောက်တိုဘာ ၁၃ ရက်ညက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ငါန်းမြာ–မိုးတောင်၊ ငါန်းမြာ–ကုန်းလည် ကားလမ်းတို့တွင် မိုးရေလျှံမှုကြောင့် ပြည်သူများခရီးသွားလာရေးလွယ်ကူစေရန် ငါန်းမြာရဲကင်းရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များက အောက်တိုဘာ ၁၄ ရက် နံနက် ၉ နာရီခွဲမှစတင်ကာ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သက်နောင်ဦး(ငါန်းဇွန်)**

## မြို့သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် အောက်တိုဘာ ၁၆**
ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သဖြင့် မြို့သာယာလှပရေးလုပ်ငန်းများကို နေပြည်တော် ပျဉ်းမနားမြို့နယ်၌ မြို့နယ်စည်ပင်သာယာရေးအုပ်ချုပ်ရေးမှူးရုံးမှ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစောညီညီထွန်း ဦးဆောင်၍ အောက်တိုဘာ ၁၂ ရက်က စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ပျဉ်းမနားမြို့တွင်းရှိ ရန်ကုန်-မန္တလေးကားလမ်းဘေးဝဲ-ယာ၊ ပန်းခင်းလမ်း၊ ဗိုလ်ထောက်ထိန်းလမ်းနှင့် ဗိုလ်ချုပ်လမ်းရှိ ပလက်ဖောင်းများ၊ ရှမ်းကန်ပတ်လည်၊ ဆင်ရတနာ၊ မြင်းရတနာ၊ (၈၅)တံတား ကျောက်စီနံရံများနှင့် မြို့ဝင်ဆိုင်းဘုတ်အား သန့်ရှင်းရေးပြုလုပ်ခြင်း၊ ဆေးများအသစ်သုတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ **စိုးမိုး(ပြန်/ဆက်)**

# လမ်းဆုံ လမ်းခွတွင် ရပ်တန့်၍ ခရီးသည်အတင်အချ မပြုရန် ရန်ကင်းမြို့နယ်တွင် ပူးပေါင်းအဖွဲ့များဖြင့် ထိန်းသိမ်း

**ရန်ကုန် အောက်တိုဘာ ၁၆**
ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ်တွင် ဖြတ်သန်းမောင်းနှင်နေသော ခရီးသည်တင်ယာဉ်လိုင်းအချို့သည် လမ်းဆုံလမ်းခွ၌ ရပ်တန့်ပြီး ခရီးသည်အတင်အချပြုလုပ်နေကြခြင်းကြောင့် ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပေါ်နေသဖြင့် အောက်တိုဘာ ၁၄ ရက်က မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်နှင့် ရုံးဝန်ထမ်းများ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲမှူးမိုးစိန်နှင့် တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်ပေါ်စေရေးအတွက် စည်းကမ်းထိန်းသိမ်းဆောင်ရွက်နေကြောင်း သိရသည်။

"ခရီးသည်တင်ယာဉ်လိုင်းအချို့က မိုးကောင်းဘုရားမှတ်တိုင်မှာ လူအတင်အချမလုပ်ဘဲ သစ္စာလမ်းမကြီးနဲ့ ကံဘဲ့ဘူတာရုံလမ်းမကြီးမှာရပ်တန့်ပြီး ခရီးသည်အတင်အချ လုပ်နေကြတယ်။ ဒါကြောင့် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပေါ်စေဖို့ လမ်းဆုံလမ်းခွတွေမှာ မရပ်တန့်ရေး ဆောင်ရွက်နေတာပါ" ဟု ယင်းလုပ်ငန်းခွင်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည့် မြို့နယ်စည်ပင်သာယာ လက်ထောက်အုပ်ချုပ်ရေးမှူး ဦးသန်းဦးက ပြောသည်။

အဆိုပါသစ္စာလမ်းမကြီးမှ ပါရမီလမ်းသို့သွားလိုလျှင် ကနဦးက ဝေဇယန္တာလမ်းမကြီးမှ သွားလာမှုရှိခဲ့သော်လည်း ယခုအခါ ဖြတ်လမ်းသဖွယ်ဖြစ်ပေါ်နေသော ကံဘဲ့ဘူတာရုံလမ်းကို အဆင့်မြှင့်တင်ထားသဖြင့် ယာဉ်အသွားအလာများပြားပြီး လမ်းဆုံလမ်းခွတွင် လိုင်းကားများက ခရီးသည်အတင်အချ ပြုလုပ်နေခြင်းကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်ရကြောင်း ခရီးသည်အများစုက ဆိုသည်။

"လိုင်းကားတွေက မှတ်တိုင်မှာမရပ်ဘဲ လမ်းဆုံလမ်းခွမှာရပ်တော့ ခရီးသည်တွေကလည်း လမ်းဆုံလမ်းခွမှာပဲ ကိုယ်စီးရမယ့်ကားကို စောင့်ရတာပေ့ါ" ဟု ဘတ်စ်ကားစီး ခရီးသွားပြည်သူတစ်ဦးက ပြောသည်။

အလားတူ ယာဉ်မောင်းအချို့ကလည်း မှတ်တိုင်တွင် ခရီးသည်မရှိဘဲ လမ်းဆုံလမ်းခွတွင်သာ ခရီးသည်ရှိနေသဖြင့် ယင်းနေရာများတွင်ရပ်တန့်ပြီး ခရီးသည်အတင်အချ ပြုလုပ်ရခြင်းဖြစ်သည်ဟု ပြောဆိုမှုများရှိသည်။

သစ္စာလမ်းမကြီးတွင် ခရီးသည်တင်ယာဉ်လိုင်းအမှတ် ၃၊ ၃၃၊ ၃၆၊ ၃၇၊ ၁၀၇၊ ၂၃၅၊ ၂၄၅၊ ၂၅၅ အစရှိသည့် ယာဉ်လိုင်းများ ပြေးဆွဲနေပြီး ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပေါ်စေရေးအတွက် ယာဉ်ထိန်းတပ်ဖွဲ့နှင့် မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးတို့ ပူးပေါင်း၍ စည်းကမ်းထိန်းသိမ်း ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။ **မောင်သုည**

# ညောင်ဦးမြို့ပေါ်တွင် ပွဲတော်ကာလမတိုင်မီ ရောင်စုံမီးပုံးများအရောင်းတွင်ကျယ်



**ညောင်ဦး အောက်တိုဘာ ၁၆**
ညောင်ဦးတွင် သီတင်းကျွတ်မီးထွန်းပွဲတော်ကာလတွင် အိမ်တွင်းအလှဆင်ရန်နှင့် ကလေးငယ်များ ဆော့ကစားရန် မှန်ယောင်စက္ကူဖြင့် ပြုလုပ်ထားသည့် ရောင်စုံမီးပုံးများကို ညောင်ဦးမြို့ မဏိစည်သူဈေး အဝိုင်းပတ်အနီး၌ ပခုက္ကူမြို့နယ်မှ ရောင်စုံမီးပုံးပြုလုပ်ကြသူများက လာရောက်ရောင်းချလျက်ရှိပြီး ပွဲတော်ကာလမတိုင်မီဖြစ်သဖြင့် အရောင်းတွင်ကျယ်လျက်ရှိကြောင်း သိရသည်။

အဆိုပါမီးပုံးများကို မဲဒင်းဝါးဖြင့် အရုပ်ပုံစံကို လိုသလိုချိုးထားပြီး ရောင်စုံမှန်ယောင်စက္ကူနှင့် ဆီစိမ်စက္ကူများကို ဘေးပတ်လည်တွင် အလှဆင်ကပ်ထားကာအတွင်း၌ ဖယောင်းတိုင်အထွန်းခံနိုင်ရန် မီးခံကွင်းပါရှိကြောင်း၊ ချိတ်ဆွဲနိုင်သော မီးပုံးအသေး၊ အလတ်၊ အကြီးအမျိုးမျိုးနှင့် ကလေးများအကြိုက် သင်္ဘော၊ မော်တော်ကား၊ လေယာဉ်ပျံ စသည့် အရုပ်ပုံစံအမျိုးမျိုးကို ပြုလုပ်ရောင်းချကြပြီး ဈေးနှုန်းမှာ အရွယ်အစားများအလိုက် အနည်းဆုံး ကျပ် ၅၀၀ မှ ၅၀၀၀ ခန့်အထိရှိကြောင်း သိရသည်။

အလှဆင်မီးပုံးများပြုလုပ်သူများမှာ ရာသီချိန်တစ်လတွင်သာ မိသားစုတစ်ပိုင်တစ်နိုင် ပြုလုပ်ရောင်းချကြခြင်းဖြစ်ပြီး မန္တလေး၊ ပခုက္ကူနှင့် မြင်းခြံမြို့တို့တွင်သာ အများဆုံးလုပ်ကိုင်ကြကြောင်း သိရသည်။ ရောင်စုံမီးပုံးများကို သီတင်းကျွတ်လအမီ ရောင်းချနိုင်ရန်အတွက် ဝါခေါင်လမှစတင်၍ အရုပ်ပုံစံများကို ဝါးဖြင့်ချိုးထားရပြီး တော်သလင်းလဆန်းပိုင်းတွင် ချိုးပြီးသောအရုပ်ပေါ်တွင် မှန်ယောင်စက္ကူ ဆီစိမ်စက္ကူနှင့် လိုင်းကြိုးများကပ်ခြင်း၊ မီးခံကွင်းများတပ်ခြင်း၊ အရုပ်များတွင်ရွေ့လျားနိုင်ရန် ဘီးလုံးများတပ်ဆင်ခြင်း စသည့်အလှဆင်ခြင်းများကို ပြုလုပ်ရကြောင်း၊ အရုပ်တွင်ကပ်ရန် ရောင်စုံစက္ကူ ဆီစိမ်စက္ကူနှင့် ရွေ့လျားရန်အတွက် ဘီးလုံးများကို မန္တလေးမှဝယ်ယူရကြောင်း၊ ညောင်ဦးမြို့တွင် ရောင်စုံမီးပုံးများ လုပ်ကိုင်ရောင်းချသူမရှိသည့်အတွက် အရောင်းတွင်ကျယ်သဖြင့် လာရောက်ရောင်းချသူများလာခြင်းဖြစ်ကြောင်း၊ နှစ်စဉ် ညောင်ဦးမြို့သို့ သီတင်းကျွတ်လဆန်း ၈ ရက်မှ ၁၄ ရက်အထိလာရောက်၍ မဏိစည်သူဈေးအနီးတွင် ခင်းကျင်းရောင်းချကြောင်း ပခုက္ကူမြို့မှ ရောင်စုံမီးပုံးများလာရောက်ရောင်းချသူတစ်ဦးက ပြောပြသည်။

**ရဲသူရအောင်(ညောင်ဦး)**

## ဘေးအန္တရာယ်ဖြစ်စေမည့် ဆေးဝါးနှင့်အလှကုန်ပစ္စည်းများ မရောင်းချရန် အသိပညာပေး

**ကျိုက်ထို အောက်တိုဘာ ၁၆**
မွန်ပြည်နယ် ကျိုက်ထိုမြို့၌တည်ရှိသည့် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ဘုရားပွဲတော်တွင် ပြည်သူများ ဘေးအန္တရာယ်ဖြစ်စေသည့် ဆေးဝါးနှင့် အလှကုန်ပစ္စည်းမရောင်းရန် မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနနှင့် အစားအသောက်နှင့် ဆေးဝါးများကွပ်ကဲရေးဦးစီးဌာနတို့ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၃ ရက် နံနက် ၈ နာရီက ကျိုက်ထီးရိုးစေတီတော်ရင်ပြင်တော်ရှိ ဆီမီး ၉၀၀၀ ဓမ္မာရုံ၌ ပြုလုပ်ခဲ့သည်။

အသိပညာပေးပြုလုပ်ရာတွင် မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ဒေါက်တာစိုးနိုင်က အစားအသောက်နှင့် အလှကုန်ပစ္စည်း ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အချက်ငါးချက်ကို ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ အဆိုပါအဖွဲ့သည် မုဆိုးဘုရားလမ်းတစ်လျှောက်ရှိ ဆေးဆိုင်များနှင့် အလှကုန်ပစ္စည်းအရောင်းဆိုင်များသို့ သွားရောက်၍ ရက်လွန်ဆေးဝါးများနှင့် အစားအသောက်ကုန်ပစ္စည်းများကို မရောင်းချရန် လိုက်လံအသိပေး ပြောကြားခဲ့ကြောင်း သိရသည်။ **ဝင်းမောင်(ကျိုက်ထို)**

## ပြည်သူများသွားလာမှု အဆင်ပြေရန် ကတ္တရာထပ်ပိုးလွှာခင်း

**ကျုံပျော် အောက်တိုဘာ ၁၆**
ပြည်သူများသွားလာမှုအဆင်ပြေစေရန်အတွက် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆေးရုံရှေ့လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းအား အောက်တိုဘာ ၁၄ ရက်က ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ အဆိုပါလမ်းကို အကျယ် ၁၀ ပေ၊ အရှည်ပေ ၈၂၀ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး စုစုပေါင်းကုန်ကျငွေ ကျပ်သိန်း ၈၀ ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာ ဦးခင်မောင်စိုးထံမှ သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှဦးဆောင်၍ နိုင်ငံတကာအဆင့်မီ ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ပဲခူး အောက်တိုဘာ ၁၆**
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှဦးဆောင်၍ အောက်တိုဘာ ၁၄ ရက် နံနက် ၉ နာရီက ပဲခူးမြို့ မြို့တော်ခန်းမ၌ နိုင်ငံတကာအဆင့်မီ ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနား ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက အဖွင့်အမှာစကားပြောကြားရာတွင် "အကျိုးအမြတ်တစ်ခုတည်းကိုသာကြည့်ပြီး အထိန်းအကွပ်မဲ့လုပ်ကိုင်လာသည့်အတွက် နှစ်ပေါင်းများစွာ ပျက်စီးယိုယွင်းနေသော တည်ဆောက်ရေးလုပ်ငန်းများကို စနစ်တကျ ပြန်လည်တည့်မတ်ပေးရမည်ဖြစ်ကြောင်း၊ လုပ်ငန်းအပ်နှံသူနှင့် လုပ်ငန်းလုပ်ကိုင်သူဖက်ကသိသင့် သိထိုက်သည်များကို ပညာရှင်များမှ ဆွေးနွေးရှင်းလင်းသွားမည်ဖြစ်ကြောင်း၊ တက်ရောက်လာသူများကလည်း ပွင့်ပွင့်လင်းလင်း မေးမြန်းဆွေးနွေးကြရန်လိုကြောင်း ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး ရေစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်နီနီသိန်းက World Bank's Practice for Procurement နှင့် ပတ်သက်၍လည်းကောင်း၊ Brilliant Construction Project Management Pte.Ltd ၏ ဒါရိုက်တာ ဦးနေမင်းဟိန်းက Tendering Process and Practices for Construction Projects နှင့်ပတ်သက်၍လည်းကောင်း၊ Myanmar United Engineering Group Co.Ltd ၏ Managing Director OD;0if;armifu Basic Inspection Knowledge for Construction Projects နှင့် ပတ်သက်၍လည်းကောင်း၊ Society of Myanmar (Civil Engineer) ၏ Vice President ဖြစ်သူ ဦးအောင်ကျော်သိုက်က Building and Construction(Control Management) နှင့် ပတ်သက်၍လည်းကောင်း အသီးသီးဆွေးနွေးဟောပြောခဲ့ကြပြီး တက်ရောက်လာသူများက သိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် ဝန်ကြီးများ၊ လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တရားသူကြီးချုပ်၊ ဥပဒေချုပ်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ အင်ဂျင်နီယာများ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**



**ရထားရဲတပ်ဖွဲ့ အမှတ် ၃ တပ်ဖွဲ့ခွဲကွပ်ကဲမှုအောက်ရှိ အမှတ် ၁၃ တပ်ခွဲ တပ်စု ၂ မလွကုန်းမှ တပ်စုမှူး ဒုရဲအုပ်အောင်ကျော်ဦး ဦးစီးတပ်ဖွဲ့ဝင်များသည် ပုဇွန်တောင်ဘူတာနှင့် မလွကုန်းဘူတာကြား သံလမ်းကူးနေရာတွင် အောက်တိုဘာ ၁၃ ရက်က ရထားသံလမ်းကူးပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။** သတင်းနှင့်ဓာတ်ပုံ- (၁၁၈)

ကြေးမုံ





ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ်၌ (၉၄) ကြိမ်မြောက် မဟာမြတ်မုနိဆွမ်းတော်ကြီးနှင့် မြသပိတ်လှည့်လည်ပူဇော်ပွဲကို အောက်တိုဘာ ၁၃ ရက် နံနက်၉နာရီ က အမှတ်(၁)၊ အခြေခံပညာ အထက်တန်းကျောင်းမှ စတင်လှည့်လည် ထွက်ခွာခဲ့ပြီးမြို့နယ်အတွင်းတွင် လှည့်လည်ပူဇော်ကာ မဟာမြတ်မုနိကုန်းတော်ပေါ်အထိ ပင့်ဆောင်ပူဇော်လှည့်လည်ခဲ့ကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ- ကျောက်မဲခရိုင်(ပြန်/ဆက်)

# ဆိပ်ဖြူမြို့နယ် ကြက်သွန်နီစိုက်ပျိုးတောင်သူများ လက်ရှိ ကြက်သွန်နီဈေးကွက်တွင် အရှုံးများနှင့်ရင်ဆိုင်နေရ

**ဆိပ်ဖြူ အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်ရှိ ကြက်သွန်နီစိုက်ပျိုးသည့် တောင်သူများသည် ယခုနှစ်တွင် လက်ရှိကြက်သွန်နီဈေးမှာ အရောင်းအဝယ်အေးနေပြီး အရှုံးပေါ်လျက်ရှိကြောင်း သိရသည်။

ယင်းမြို့နယ်ရှိ တောင်သူများသည် ဆောင်းသီးနှံကြက်သွန်နီအား အဓိကထား စိုက်ပျိုးသည့် ဒေသတစ်ခုဖြစ်ရာ နှစ်စဉ်ယောချောင်းတစ်လျှောက်နှင့် ကိုင်းမြေ၊ ကုန်းမြေများတွင် ရေသွင်းစိုက်ပျိုးခဲ့ရာ ယခင်နှစ်က ကြက်သွန်နီဈေးနှုန်းမြင့်တက်ခဲ့သော်လည်း ယခုနှစ်တွင် ဈေးနှုန်းကျဆင်းလျက်ရှိသည်။

ကြက်သွန်နီစိုက်ပျိုးရာတွင် နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော်ကလတွင် ကိုင်းမြေနှင့်ကုန်စိုက်ခင်းများတွင် ကြက်သွန်နီ ဥစိုက်မျိုး(ဖော်မွှား)ကို စတင်၍ စိုက်ပျိုးပြီး နတ်တော်လနှင့် ပြာသိုလ်လများတွင် ကြက်သွန်ပင်ပျိုးစိုက်များကို ထပ်မံစိုက်ပျိုးကြသည်။

ကြက်သွန်စိုက်ပျိုးသူတောင်သူများထံ ယခင်နှစ်က ကြက်သွန်နီ ဥစိုက်မျိုးအချိန်တစ်ရာလျှင် တစ်သိန်းခွဲ၊ နှစ်သိန်း ဈေးရှိခဲ့သော်လည်း ယခုနှစ်တွင် ကြက်သွန်နီ ဥစိုက်မျိုး အချိန်တစ်ရာလျှင် နှစ်သောင်းခွဲ၊ သုံးသောင်းဝန်းကျင်ဖြင့်သာ ရောင်းချနေရကြောင်း ကြက်သွန်နီတင်ပို့ရောင်းချမှုနှင့် ပက်သတ်၍ လည်းယခင်နှစ် ကြက်သွန်နီတင်ပို့ရောင်းချမှုတွင် အချိန်တစ်ရာလျှင် သုံးသိန်းနှုန်းခန့်ထိ မြင့်တက်ခဲ့၍ ယခုနှစ် တွင် ထိပ်စ(ရောရာ)ငါးသောင်းဝန်းကျင်ခန့်သာ နယ်ဈေးပေါက်နေကြောင်း ကြက်သွန်ကုန်သည်တစ်ဦးက ပြောပြသည်။

ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်ရာတွင် ကြက်သွန်နီ ဥစိုက်မျိုးမှထွက်ရှိသည့် ကြက်သွန်နီသည် ကုန်ချိန်အလျော့များ၍ တာရှည်အထားမခံသောကြောင့် အပင်စိုက်မျိုးမှ ထွက်ရှိသည့် ကြက်သွန်နီကို တန်ခူးလမှ တန်ဆောင်မုန်းလအထိ အထားခံသိုလှောင်ထားရှိကာ တင်ပို့ရောင်းချမှုများ ပြုလုပ်လျက်ရှိသည်ဟု ဆိုသည်။

ယင်းသို့ တင်ပို့ရောင်းချရာတွင် အဓိကဈေးကွက်မှာ ရန်ကုန်ဘုရင့်နောင်ဈေးကွက်ဖြစ်ပြီး ကြက်သွန်နီသည် ဆောင်းသီးနှံတစ်မျိုးဖြစ်သည့်အတွက် နွေရာသီနှင့် မိုးရာသီကာလများတွင် သိုလှောင်ထားနိုင်ကာ ဆောင်ဦးဝင်လာသည်နှင့် ကြက်သွန်နီအရောင်ပျက်၍ ဈေးလျော့ခြင်း၊ အပုပ်အနာအဆာများလာခြင်း၊ ကြက်သွန်ပင်အညှောင့်များ ပြန်လည်ထွက်ရှိကာ အူချောင်၍ ကြက်သွန်ကုန်ချိန် အလျော့များလာကြောင်း၊ ကြက်သွန်နီသည်အသန့်ကြိုက်သော သီးနှံတစ်မျိုးဖြစ်၍ စိုက်ပျိုးထွက်ရှိသည့် ကြက်သွန်နီများကို မိုးလုံ၍ လေဝင်လေထွက်ကောင်းသော ဝါးကပ်ကာ ဝါးကြမ်းခြင်းများဖြင့် လှိုင်းပုံစနစ်ထားရှိသိုလှောင်ရပြီး ကြက်သွန်နီ အပုပ်အနာအဆာများကို အမြဲမပြတ် သန့်စင်ပေးနေသော ကုန်စည်တစ်မျိုးဖြစ်သည်။

ကြက်သွန်နီကုန်ချိန် ၁၀၀ လျှင် အလျော့တွက် ငါးပိဿာခန့်ရှိပြီး ယခုနှစ်တွင် ကုန်စည်ဈေးကွက်လျော့နည်းခြင်း၊ သွင်းအားစုစရိတ်မြင့်မားခြင်းတို့ကြောင့် ကြက်သွန်စိုက်ပျိုးထုတ်လုပ်ခဲ့သည့် တောင်သူများ၊ ကျင်းပေါ်ဝယ်လှောင်ကုန်သည်များ အရှုံးပေါ်နေကြောင်း ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူများထံမှ သိရသည်။

ကြက်သွန်နီသည် သွင်းအားစုများစွာသုံး၍ စိုက်ပျိုးထုတ်လုပ်ရသော သီနှံတစ်မျိုးဖြစ်ကာ နွားချေး၊ နှမ်းဖတ်ကိုအဓိကထား စိုက်ပျိုးထုတ်လုပ်ရသည်။

ကုန်းစိုက်ခြင်းများထက် ချောင်းမြေစိုက်ပျိုးထုတ်လုပ်သည့် တောင်သူများကသွင်းအားစု ပိုမိုသုံးစွဲရပြီး စိုက်ပျိုးထုတ်လုပ်စရိတ်၊အလုပ်သမားစရိတ်၊ သယ်ယူပို့ဆောင် ဝန်ဆောင်မှုစရိတ်များ စုစုပေါင်း၍ တွက်ချက်လျှင် လတ်တလောအခြေအနေများတွင် ကုန်းစိုက်ပျိုးထုတ်လုပ်တောင်သူများတွင် ၂၀ ရာခိုင်နှုန်း ချောင်းစိုက်ပျိုးထုတ်လုပ်တောင်သူများတွင် ၈၀ ရာခိုင်နှုန်း အရှုံးများနှင့် ရင်ဆိုင်နေရကြောင်းသိရသည်။

ယခုလက်ရှိအနေအထားတွင်မူ ကုန်းစိုက်တောင်သူများအတွက် အချိန် ၁၀၀ လျှင် ငွေကျပ်ငါးသောင်း၊ ချောင်းစိုက်တောင်သူများအတွက် ငွေကျပ်ခုနစ်သောင်းဈေးနှုန်းဖြင့်ဆိုလျှင် စိုက်ပျိုးထုတ်လုပ်မှုစရိတ်မှာ အရင်းမျှသာ ရရှိနိုင်မည်ဖြစ်ကြောင်း ကုန်သည်တစ်ဦးက ရှင်းလင်းပြောပြသည်။ **စိုးလင်းနိုင်** (IPRD)

## ပြည်သူ့အကျိုးပြု အသိပညာပေးလုပ်ငန်းများ ကျေးရွာများအရောက် ကွင်းဆင်းဆောင်ရွက်

**ကျောက်မဲ အောက်တိုဘာ ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့ နားခေါ်ကျေးရွာအုပ်စု လွယ်ခေါ်ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျေးရွာနေပြည်သူများအား မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ရေး၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို မြို့နယ်ဆင့်ဌာနဆိုင်ရာများပူးပေါင်း၍ အောက်တိုဘာ ၁၃ ရက် နံနက် ၉ နာရီက ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် ကျောက်မဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နိုင်က ပြည်သူ့အကျိုးပြုဝန်ဆောင်မှုတစ်ရပ်အနေဖြင့် ဌာနဆိုင်ရာများပူးပေါင်း၍ ကျေးရွာများအရောက် ကွင်းဆင်း၍ အသိပညာပေးဟောပြောရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ကျောက်မဲမြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူးဝင်းခိုင်က မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ ကျောက်မဲခရိုင် အမှတ်(၁၂၀)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူးချစ်စိန်မှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန လွယ်ခေါ်ကျေးရွာအုပ်စု ကျန်းမာရေးဆရာမ ဒေါ်သန်းသန်းဦးက ဂျပန်ဦးနှောက်ရောင်ကာကွယ်ရေးနှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ စစ်ဆေးရေးမှူး(၂) ဦးစိုးရွှေက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး သိကောင်းစရာများကို အသိပညာပေးဟောပြောခဲ့သည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ နားခေါ်ကျေးရွာအုပ်စု၊ ချောင်းချောက်ကျေးရွာအုပ်စုများမှကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ယင်းကျေးရွာနေ ပြည်သူများ တက်ရောက်ခဲ့သည်။ **ကျောက်မဲခရိုင်ပြန်/ဆက်**

## တတိယအကြိမ်မြောက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆိုင်ရာညှိနှိုင်းအစည်းအဝေးကျင်းပ

**လားရှိုး အောက်တိုဘာ ၁၆**

လားရှိုးမြို့ ရပ်ကွက်(၂) ယေဇူးရွှေနှလုံးတော်ကက်သလစ်ဘုရားကျောင်း နှင်းဆီခန်းမ၌ အောက်တိုဘာ ၁၄ ရက် နံနက် ၉ နာရီက တတိယအကြိမ် မြောက်(၃/၂၀၁၆) ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆိုင်ရာ ညှိနှိုင်းအစည်းအဝေးပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူးဦးစိန်အုပ်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထင်လင်းက ၂၀၁၆-၂၀၁၇ ခုနှစ်၌ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ရည်မှန်းချက်များအောင်မြင်ရန်အတွက် အချင်းချင်းဖေးမကူညီပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊ ၂၀၁၇-၂၀၁၈ ခုနှစ်တွင်လည်း တစ်ဦးနှင့်တစ်ဦးအမှီသဟဲပြုပြီး လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် ဆွေးနွေးတိုင်ပင်ကြပြီး အများပူးပေါင်းရေးဆွဲထားသော ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ကျန်းမာရေးစီမံကိန်းတစ်ခုဖြစ်ရန် ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိနေကြောင်း ပြောကြားခဲ့သည်။

အဆိုပါ ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ တတိယအကြိမ်မြောက် (၃/၂၀၁၆) ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိကျန်းမာရေးဌာနမှ ဆရာဝန်များ၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များမှ ကိုယ်စားလှယ်များ၊ လူမှုရေးအဖွဲ့အသင်းဝင်များ၊ နေရာဒေသအလိုက်ကျန်းမာရေးဆိုင်ရာ ကိုယ်စားလှယ်များ၊ သတင်းမီဒီယာများတက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲကို အောက်တိုဘာ ၁၄ ရက်နှင့် အောက်တိုဘာ ၁၅ ရက်တို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။ **ဟန်ငွေး(လားရှိုး)**

## မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဝန်ထမ်းများ HIV ကာကွယ်ရေးအထောက်အကူပြု သင်တန်းဖွင့်လှစ်

**မန္တလေး အောက်တိုဘာ ၁၆**

ကုလသမဂ္ဂ HIV/AIDS ဆိုင်ရာအဖွဲ့ UNAIDS ၏ ပံ့ပိုးကူညီမှုဖြင့် စောမွန်လူမှုဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော မူးယစ်ဆေးဝါးတားဆီးနှိမ်နှင်ရေးဝန်ထမ်းများအတွက် HIV ကာကွယ်ရေးလုပ်ငန်းအထောက်အကူပြုသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၃ ရက် နံနက် ၉ နာရီက မန္တလေးမြို့မဟာအောင်မြေမြို့နယ် ၇၈ လမ်း ရန်ကုန်-မန္တလေးလမ်းရှိ Wilson Hotel ခန်းမ၌ကျင်းပခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဓာတ်ခွဲခန်း ဝန်ထမ်းများတက်ရောက်ကြသည်။ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ခုခံကျ/ကာလသား ရောဂါတိုက်ဖျက်ရေးစီမံချက်တာဝန်ခံဆရာဝန်ကြီးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကျွမ်းကျင်ပညာရှင်များက သင်တန်းပို့ချခဲ့သည်။

မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဖြစ်ပွားတတ်သော HIV ကာကွယ်တာဆီးရေးအတွက် ပြည်သူလူထုအားအသိပညာပေးရေး၊ ဆေးကုသမှုနှင့် ပြည်လည်ထူထောင်ရေး၊ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့်ဆက်နွယ်သော HIV အပါအဝင် အခြားကူးစက်ရောဂါအန္တရာယ်များ လျော့ရေး၊ နယ်ပယ်အသီးသီးမှ အတွေ့အကြုံများနှင့် သင်ခန်းစာများ ဖလှယ်ဆွေးနွေးခဲ့သည်။ **သီဟကိုကို(မန္တလေး)**

## စပါးစိုက်ပျိုးနည်းစနစ်ကွင်းသရုပ်ပြပွဲနှင့်စိုက်ပျိုးသွင်းအားစုများထောက်ပံ့ပေးအပ်

**မြို့သစ် အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီးမြို့သစ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနသည် စိုက်ပျိုးနည်းပညာပေးရေး အထောက်အကူပြုသုတေသနလုပ်ငန်းတစ်ရပ် အဖြစ် ၂၀၁၆-၂၀၁၇ ခုနှစ် မိုးစပါးမနောသုခမျိုး စိုက်ပျိုးနည်းစနစ်ငါးမျိုးဖြင့် အကျိုးအမြတ် ကွာခြားမှုအား လက်တွေ့သိရှိနိုင်ရန် စိုက်ခင်းလက်တွေ့ ကွင်းသရုပ်ပြပွဲကို အောက်တိုဘာ ၁၄ ရက် နံနက် ၁၀ နာရီက လယ်ပြင်ရပ်ကွက်အကျိုးဆောင် တောင်သူဦးကျော်သန်းဦး၏ အစိုးရဆည်ရေသောက်လယ်မြေတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ယင်းသို့ စပါးစိုက်ပျိုးနည်းစနစ်စမ်းသပ်ကွက်ဆောင်ရွက်ရာတွင် သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင်ရွှေ့ပြောင်းစိုက်ပျိုးခြင်း၊ တိုက်ရိုက်ကြဲပက်စိုက်ပျိုးခြင်း၊ မျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း၊ ပျိုးသက်နုနုစိုက်ပျိုးခြင်း၊ တောင်သူသမားရိုးကျပျိုးထောင်စိုက်ပျိုးခြင်း စသည်ဖြင့် စိုက်စနစ်ငါးမျိုးဖြင့် ဆောင်ရွက်ထားရှိပြီး စတင်စိုက်ပျိုးသည်မှ ရိတ်သိမ်းချိန်အထိ အကျိုးအမြတ် ကွာခြားချက်အား တောင်သူများ လက်တွေ့သိမြင်နိုင်စေရန်ဖြစ်ကြောင်း မြို့သစ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်လင်းကပြောသည်။

ဆက်လက်၍ စိုက်စခန်းနယ်မြေ (၄) မှ အကျိုးဆောင်တောင်သူများအား စိန်တစ်လုံးသရက်ပျိုးပင်များ၊ နေပီယာမြက်မျိုးကိုင်းများမျိုးပွားနိုင်ရန်နှင့် ပုလဲဓာတ်မြေဩဇာ၊ ကျောက်မှုန့်မြေဩဇာ၊ ဇီဝစူပါရွက်ဖျန်းအားဆေးနှင့် ကြွက်သတ်ဆေးဘူးများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ထောက်ပံ့ပေးခဲ့သည်။

အဆိုပါ မိုးစပါးစိုက်နည်းစနစ် စိုက်ကွင်း သရုပ်ပြပွဲတွင်စိုက်စခန်း နယ်မြေ (၄)မှ မြို့သစ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းသူဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းရွှေ၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး၊ ခရိုင်ဦးစီးမှူး၊ စပါးစိုက်တောင်သူ ၁၀၀ ဦးတို့နှင့် မြို့နယ်အဆင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။ **လှဝင်း(နတ်မောက်)**

# လူထုအခြေပြုခရီးသွားလုပ်ငန်း ဧရာဝတီလင်းပိုင်

ဆောင်းပါး - ခိုင်ယဉ်မွန်သန့် (ဟိုတယ်/ခရီး)၊ ဓာတ်ပုံ - ဌေးအောင်



လူထုအခြေပြု ခရီးသွားလုပ်ငန်းဆိုသည်မှာ ဒေသခံလူ့အဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးတို့တွင် ဒေသခံများ ပါဝင်ဆောင်ရွက်ရေးနှင့် ခရီးသွားလုပ်ငန်းမှရရှိသော အကျိုးအမြတ်များကို သက်ဆိုင်ရာဒေသအတွင်း ရရှိခံစားနိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ဒေသခံများ လူနေမှုအဆင့်အတန်း ပိုမိုတိုးတက်ရေးတို့ကို ဆောင်ရွက်ပေးနိုင်သော ခရီးသွားလုပ်ငန်းဖြစ်ပါသည်။ ၎င်းခရီးသွားလုပ်ငန်းတွင် ဒေသခံများအနေဖြင့် ခရီးစဉ်တွင် စုပေါင်းတာဝန်ယူဆောင်ရွက်မှုများကြောင့် ဒေသတွင်း ဝင်ငွေတိုးတက်ခြင်း၊ ဒေသစီးပွားရေးဖွံ့ဖြိုးခြင်းတို့ကို လုပ်ဆောင်ခြင်းနှင့်အတူ မိမိတို့နေထိုင်ရာပတ်ဝန်းကျင်နှင့် မိမိတို့၏ နေထိုင်မှုဘဝပုံစံများကို ခရီးသွားဧည့်သည်များအား မျှဝေခံစားခွင့်ပေးနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့်လည်း ဒေသခံလူမှုအဖွဲ့အစည်းအတွင်း စည်းလုံးညီညွတ်မှု၊ မိမိတို့၏ ရိုးရာစရိုက်လက္ခဏာများ၊ ယဉ်ကျေးမှုအမွေအနှစ်များကို ချစ်ခင်မြတ်နိုးစိတ်၊ ထိန်းသိမ်းလိုစိတ်များဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ သို့မှသာ ဧည့်သည်ဝင်ရောက်မှုကြောင့် ရရှိမည့် Positive Impact ထက် Negative Impact များ မဖြစ်ပေါ်စေရန် ပူးပေါင်းကာကွယ်နိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော လူထုအခြေခံသော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် ကနဦးစီမံကိန်းခြောက်နေရာအဖြစ် ကချင်ပြည်နယ် အင်းတော်ကြီးကန်ရှိ သဘာဝအခြေခံခရီးသွားလုပ်ငန်း၊ မန္တလေးတိုင်းဒေသကြီးရှိ ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးဒေသ၊ ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကရင်ပြည်နယ် သံတောင်ကြီးဒေသ၊ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်နှင့် ကယားပြည်နယ် ဒီးမော့ဆိုဒေသများပင် ဖြစ်ပါသည်။

ယင်းစီမံကိန်း ခြောက်နေရာအနက်မှ မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်၊ ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်၊ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်၊ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသော နိုင်ငံခြားသားခရီးသွားဧည့်သည်များ အတွေ့အကြုံကောင်းများရရှိစေရန်၊ လင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးကို တစ်ဖက်တစ်လမ်းမှ ပိုမိုဆောင်ရွက်ရန်၊ ရိုးရာမပျက် ကွန်ဖြင့် လင်းပိုင်နှင့် ရေလုပ်သားအကျိုးတူငါးဖမ်းသောဓလေ့မပျောက်ပျက်ရန်၊ ဒေသခံများ အသိပညာတိုးတက်ရန်နှင့် လူထုအခြေပြု ခရီးသွားလာရေးကို ကိုယ်ပိုင်စီမံခန့်ခွဲတတ်စေရန်ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိသောဒေသမှာ မန္တလေးတိုင်းဒေသကြီးတွင်ရှိသော ဧရာဝတီလင်းပိုင် ထိန်းသိမ်းစောင့်ရှောက်ရေးဒေသပင် ဖြစ်ပါသည်။



စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် မင်းကွန်းကျေးရွာနှင့် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် နန်းတော်ကျွန်းကျေးရွာမှ စတင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မြောင်းရေတော်ဘုရားထိ ၇၄ ကီလိုမီတာအရှည်ရှိသော ဧရာဝတီမြစ်၏ အစိတ်အပိုင်းကို ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးနယ်မြေအဖြစ် ၂၀၀၅ ခုနှစ် ဒီဇင်ဘာလတွင် DOF (Department of Fisheries) နှင့် WCF (Wildlife Conservation Society) တို့ ပူးပေါင်းဆောင်ရွက်တည်ထောင်ခဲ့ပါသည်။ လင်းပိုင်ထိန်းသိမ်းရေးမှာလည်း ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအထိ မင်းကွန်းနှင့် ဇန်းမော်မြို့ကြားတွင် လင်းပိုင်အကောင်ရေ ၇၀ ကို တွေ့ရှိရပြီး ထိန်းသိမ်းရေးဇရိယာအတွင်း မင်းကွန်းနှင့် ကျောက်မြောင်းကြားတွင် လင်းပိုင်အကောင်ရေ ၂၈ ကောင်ရှိလာခဲ့ကာ လင်းပိုင်သားပေါက် သုံးကောင်ကိုလည်း တွေ့ရှိရပါသည်။ ရပ်ရွာလူထုအခြေပြုခရီးသွား လုပ်ငန်းနယ်မြေအတွင်းရှိ လင်းပိုင်အကျိုးတူ ငါးဖမ်းသော (Cooperative Fishing) ကျေးရွာများမှာ ဆင်ကျွန်း၊ အေးကျွန်း၊ စိန်ပန်းကုံး၊ မြေစွန်း၊ မြစ်ကမ်းကြီးနှင့် ဆည်သည်ကျေးရွာတို့ဖြစ်ကြသည်။ ၎င်းကျေးရွာရှိ ဒေသခံများမှာ လင်းပိုင်လာရောက်ကြည့်ရှုကြသည့် ခရီးစဉ်တွင် ထိုက်သင့်သည့် ဝန်ဆောင်မှုများပေးခဲ့သော်လည်း ရရှိသင့်သည့်အကျိုးအမြတ်များကို ဒေသခံများမရရှိခဲ့သဖြင့် ဒေသခံများအတွက် ထိုက်သင့်သောအကျိုးအမြတ်များရရှိလာစေရန် လူထုအခြေပြုခရီးသွားလုပ်ငန်း လုပ်ငန်းမစတင်ခင်ကပင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုနှင့်အညီ လင်းပိုင်ကြည့်ခရီးစဉ်ကို Pilot Tour အနေဖြင့် WCF နှင့် DOF တို့မှ ကြီးမှူးပြီး လင်းပိုင်ကြည့်ရှုခြင်း၊ ကျေးရွာများကို လည်ပတ်ခြင်းများပြုလုပ်ခဲ့ပြီး နိုင်ငံခြားသားများ၏ အကြံပြုချက်များ လက်ခံရရှိခဲ့ပါသည်။

လူထုအခြေပြုခရီးသွားလုပ်ငန်းကို ၂၀၁၄ ခုနှစ် အောက်တိုဘာလမှစ၍ ကျေးရွာလူထုနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း နိုင်ငံခြားဧည့်သည် ၉၅ ဦးနှင့် ခရီးသွားလုပ်ငန်းကုမ္ပဏီများ၏ စီစဉ်မှုဖြင့် ၃၀ အထိရှိလာပြီး ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေး ကျေးရွာတစ်ရွာချင်းစီတွင် ဝင်ငွေသုံးသိန်းကျပ်ခန့်ရရှိခဲ့သည်။ ၎င်းနယ်မြေအတွင်းရှိ ကျေးရွာခြောက်ရွာထဲမှ တစ်ရွာကို ကျေးရွာအစုပိုင်ဖြစ်သော Bed & Breakfast (B&B) ဝန်ဆောင်မှုပေးနိုင်ရန်အတွက် အဆောက်အအုံတည်ဆောက်ရန် လျာထားခြင်း၊ ကျေးရွာများမှာ လင်းပိုင်ထိန်းသိမ်းရေးဆောင်ရွက်နေသည့် ရေလုပ်သားများ၏ အမျိုးသမီးနှင့် အခြားအမျိုးသမီးများကိုလည်း ချက်ပြုတ်နည်းများ သင်ကြားပေးခြင်း၊ ဧည့်ဝတ်ကျေပွန်မှုသင်တန်းများ၊ ဘာသာရပ်ဆိုင်ရာ သင်တန်းများပို့ချခြင်းများနှင့် လင်းပိုင်များကို လာရောက်ကြည့်ရှုသော ခရီးသွားများကို စနစ်တကျ ပို့ဆောင်ခြင်းသင်တန်းများ ပြုလုပ်သွားမည်ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံခြားသားခရီးသွားဧည့်သည်များကို လိုက်ပါပို့ဆောင်ပေးသော လိုင်စင်ရဧည့်လမ်းညွှန်များကို လင်းပိုင်များနှင့် အကျိုးတူငါးဖမ်းစနစ်များနှင့် လင်းပိုင်ကြည့်ရာတွင် ဆောင်ရန်၊ ရှောင်ရန်များကို သင်တန်းပို့ချခြင်း၊ ထိန်းသိမ်းရေးနယ်မြေအတွင်း လင်းပိုင်အကျိုးတူ ငါးဖမ်းခြင်းများကို လက်တွေ့လိုက်လံပြသခြင်းများ ပြုလုပ်သွားမည်ဖြစ်သည်။ ၎င်းအပြင် နိုင်ငံခြားသားခရီးသွားဧည့်သည်များအား ပို့ဆောင်ပေးနေသော ရေယာဉ်မောင်းသူများကို လင်းပိုင်တွေ့လျှင် မည်သို့ မောင်းနှင်ရန်နှင့် စက်ရှိန်လျှော့မောင်းနှင်ရန်တို့ကို သင်တန်းပေးသွားမည်ဖြစ်ပါသည်။ နိုင်ငံခြားသားပို့ဆောင်ရေးဆိပ်ကမ်းတွင်လည်း နိုင်ငံခြားသားများ လေ့လာနိုင်ရန်နှင့် သတင်းအချက်အလက်များ ရယူနိုင်ရန်အတွက် Information Centre တစ်ခုကိုလည်း ဆောက်လုပ်သွားမည်ဖြစ်ပါသည်။ ထို့အပြင် ဧရာဝတီမြစ်အတွင်း လင်းပိုင်နှင့် ရေလုပ်သားအကျိုးတူ ငါးဖမ်းခြင်းကို ပြသနိုင်ခြင်းနှင့် ကမ္ဘာ့ရှားပါးမျိုးနွယ်များနှင့် အခြားငှက်ပေါင်းစုံကိုလည်း ပြသခြင်းများအပြင် ငှက်ကြည့်နည်းများကိုလည်း သင်တန်းပို့ချသွားမည်ဖြစ်ပါသည်။

ခရီးသည်များ လင်းပိုင်ကြည့်ရန် မန္တလေးမြို့မှ မော်တော်ဖြင့် တစ်ညအိပ်နှစ်ရက်သော်လည်းကောင်း၊ နေ့ချင်းပြန်သော်လည်းကောင်း လာရောက်လည်ပတ်နိုင်ပါသည်။ ရပ်ရွာလူထုအခြေပြုသာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန် ကျေးရွာ ၆ ရွာတွင် ရေလုပ်သားနှင့် အကျိုးတူငါးဖမ်းခြင်းကို လေ့လာနိုင်ခြင်း၊ ကျေးရွာဝါးခမောက်လုပ်ငန်း၊ အိုးလုပ်ငန်း၊ ဆေးပေ့ါလိပ်လုပ်ငန်းနှင့် ကျေးလက်ဓလေ့များကို လေ့လာနိုင်ရန် စနစ်တကျစီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ဧရာဝတီမြစ်အတွင်း လင်းပိုင်အကောင်ရေကျဆင်းစေသည့် အကြောင်းအရင်းများမှာ ရွှေတူးဖော်ရေးလုပ်ငန်းများနှင့် ငါးအဆိပ်ချဖမ်းဆီးမှုများကြောင့် လင်းပိုင်အရေအတွက်လျော့နည်းလာမှုကို ထိန်းသိမ်းရန် ဧရာဝတီလင်းပိုင် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးဒေသများတွင် လင်းပိုင်ထိန်းသိမ်းရေး ပညာပေးဆိုင်းဘုတ်များစိုက်ထူရေး၊ ကျေးရွာရှိ ဒေသခံများ ပူးပေါင်းဆောင်ရွက်လာစေရန် စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိပါသည်။ သို့မှသာ နောင်အနာဂတ်တွင် ကျေးရွာလူထုပါဝင်သော ခရီးသွားလာရေးကို ကျေးရွာအစုကပင် တာဝန်ယူဆောင်ရွက်နိုင်သည့် အပြင် ဧရာဝတီလင်းပိုင်များကိုလည်း ကျေးရွာတွင်ရှိသော ကျေးရွာသူ၊ ကျေးရွာသားများက ပိုမိုထိန်းသိမ်းချစ်မြတ်နိုးလာနိုင်မည် ဖြစ်ပါသည်။

## နတ်လူသာဓုခေါ်နိုင်ကြစေသော်

## (၁၈)တောင်ပြည့် လွမ်းစေတီတော်ကြီး(ဟသ်ာတမြို့)



(၁၈)တောင်ပြည့်လွမ်းစေတီတော်ကြီးကို ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတမြို့၊ ပျဉ်းမချောင်းရပ်ကွက်၊ ဓမ္မာရုံကျောင်းတိုက်တွင် ဓမ္မာရုံကျောင်းဆရာတော် အရှင်ဓမ္မာနန္ဒ ကြီးမှူး၍ ယခင်ဓမ္မာရုံကျောင်းဆရာတော်ကြီးဦးအရိန္ဒမ၏တူဖြစ်သော ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ မင်းခေါင်လမ်း၊ **သုံးချက်ဖြတ်တိုင်းရင်းဆေးကုခန်းမှ အပူဇော်ခံသမားတော်ကြီး ဦးတင်ဝင်း-သမားတော်ကြီးဒေါ်မြအုန်း၊** သားသမီး၊ မြေးများနှင့် နှစ်ဖက်သောညီအစ်ကို၊ မောင်နှမများက စုပေါင်းတည်ထားကာ ၁၆-၉-၂၀၁၆ရက်တွင် လျှုဒါန်းဖွယ်အစုံစုံဖြင့် ထီးတော်တင်လှူပူဇော်ခဲ့ပါသည်။

ထိုကောင်းမှုအစုစုတို့ကို နှစ်ဖက်သောမိခင်၊ ဖခင်များ၊ ဘဝထိုထိုကတော်စပ်ခဲ့သော နှစ်ဖက်သော မိဟောင်း၊ ဖဟောင်း၊ ဆရာဟောင်းများ၊ ဆွေမျိုးတော်စပ်ကြသော ပုဂ္ဂိုလ်အပေါင်း၊ ဟသ်ာတနွယ်ဖွားမိတ်သင်္ဂဟအပေါင်းတို့နှင့် တပည့်သားမြေး အပေါင်းတို့ကို ဆရာကြီးက အမျှပေးဝေပါကုန်၏ (အမျှ-အမျှ-အမျှ)

**ဗိုလ်ကြီးလှကြိုင်(ငြိမ်း)(မိသားစုဝင်)**








**ဒဂုံမြို့သစ်**

အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620









## ကြော်ငြာ


**ဗုဒ္ဓဂယာ + မဇ္ဈိမဒေသ နေရာစုံ လှူဒါန်းလိုပါသလား**

ခင်နန္ဒာ ဗုဒ္ဓဂယာအဖွဲ့နှင့် ရုံးချိန်အတွင်းဆက်သွယ်၍ တတ်စွမ်းသမျှ ကုသိုလ်ယူနိုင်ပါသည်- (နယ်မှ ဘဏ်ငွေလွှဲပို့နိုင်ပါသည်။)

| | သာဝတ္ထိ | ဂယာ | ကုသိနာရုံ |
| --- | --- | --- | --- |
| ၁။မြေ(၁)စတုရန်းပေ(ကျပ်) | | ၂၉,၀၀၀ | ၁၀,၀၀၀ |
| ၂။ကျောင်းဆောင်(၁)စတုရန်းပေ(ကျပ်) | ၂၀,၀၀၀ | ၂၇,၀၀၀ | ၂၀,၀၀၀ |

* ကျပ်(၅)သိန်းနှင့်အထက် ရန်ကုန်မြို့တွင်း အိမ်အရောက် ရှင်းပြ/ကောက်ခံပေးပါသည်။

ရုံးချုပ်- ကွန်ဒို(E)၊ မြေညီထပ်၊ ကမ္ဘာအေးဗီလာအိမ်ရာ၊ ကမ္ဘာအေးစေတီလမ်း၊ (၈)မိုင်၊ မရမ်းကုန်း၊ ရန်ကုန်။ ☎ ၀၁-၆၅၅၅၂၀၊ ၆၅၅၈၈၅၊ ၀၉-၅၆၀၀၁၂၃

ရုံးခွဲ - အမှတ်(၄၈၁)၊မြေညီထပ်၊ကုန်သည်လမ်း နှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊ ဘိုကလေးဈေးအနီး၊ ဗိုလ်တထောင် ၊ရန်ကုန်။ ☎ ၀၉-၅၃၂၁၀၀၂

**ကိုညာဏ် KO NYAN**

Car Rental & Travel Service

ဘုရားဖူးခရီးစဉ် အပျော်ခရီး နှင့် လူကြိုက်များသော Model မြင့်ကားများ မြို့တွင်း/ နယ်/ ငှားရမ်းနိုင်သည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။

09-5078440,01-551649,01-209183

ODYSSEY

မြို့တွင်းမြို့ပြင် လေယာဉ်လက်မှတ် အိမ်အရောက်ပို့ ဝန်ဆောင်မှု

ရန်ကုန်ရုံးချုပ် - 0973070193, 0973187799
- 09 451600011
- 09 451600022
- 09 451600033
- 09 451600008
- 09 451600009



**မေမြို့(T.H.S) ရွှေရတုအကြို ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကြီးကျင်းပနိုင်ရန်အတွက် အကြိုညှိနှိုင်းအစည်းအဝေးဖိတ်ကြားခြင်း**

မေမြို့(T.H.S)တွင် ပညာသင်ကြားပေးခဲ့ကြသော ကျေးဇူးရှင် ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ရန်အတွက် ရွှေရတုအကြို ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကြီးကို မေမြို့တွင်စည်ကား သိုက်မြိုက်စွာ ကျင်းပပြုလုပ်နိုင်ရန် အကြိုညှိနှိုင်းအစည်းအဝေးပွဲကြီးကို ၂၃-၁၀-၂၀၁၆ရက်(တနင်္ဂနွေနေ့) ညနေ ၆ နာရီတွင် စစ်ကိုင်းမြို့အောင်ထူးခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကော်မတီဝင်များနှင့် ကျောင်းသားတိုင်းအားလုံးတက်ရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်-

| | | | |
| --- | --- | --- | --- |
| ဦးမြင့်ဆွေ- | -၀၉-၄၇၀၆၃၀၇၄ | ဦးတင်ဦး | -၀၉-၄၃၀၃၇၄၃၆ |
| ဦးတင်အောင် | -၀၉-၅၀၆၈၀၆၈ | ဦးအောင်မျိုး | -၀၉-၅၀၃၄၀၀၃ |
| ဦးမြင့်လွင် | -၀၉-၂၅၉၈၀၇၈၉၆ | ဦးတင်ဝင်း | -၀၉-၂၅၅၇၅၉၁၃၉ |
| ဦးတန်ဂိုခန့်မာန် | -၀၉-၂၄၅၀၂၃၄ | ဦးသန်းနိုင် | -၀၉-၄၂၀၂၇၃၅၅၃ |
| ဦးယုနိုင် | -၀၉-၄၄၈၅၄၀၈၇၀ | ဦးမြင့်လွင်ဦး | -၀၉-၅၁၁၁၀၅၅ |
| ဦးအောင်စိုးမြင့် | -၀၉-၂၀၂၂၂၆၁ | ဦးစိုးနိုင် | -၀၉-၅၁၇၃၇၂၅ |
| ဦးပေါ်စန်း | -၀၉-၄၇၀၅၉၂၃၉ | ဦးအောင်မျိုးထွန်း | -၀၉-၇၃၀၅၀၉၅၉ |
| ဦးမောင်အိ | -၀၉-၄၅၀၀၆၀၇၉၂ | ဦးဇော်မျိုးသူ | -၀၉-၇၉၇၆၅၉၁၁၀ |
| ဦးသိန်းအေး | -၀၉-၄၂၅၀၀၀၆၃၀ | ဦးမျိုးမြင့်ကျော် | -၀၉-၄၃၀၀၁၁၉၈ |
| ဦးမြင့်စိုး | -၀၉-၄၉၃၁၈၇၉၀ | ဦးအောင်ဆန်း | -၀၉-၂၆၁၉၈၃၁၃၁ |

**အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ**




ကြော်ငြာ


Hmwe Taunggyi Business Group Travel & Tours Co.,Ltd.
License No(661)
Hot Line - 01-200952
သာကီနွယ် ဗုဒ္ဓဂယာ ဘုရားဖူးပို့ဆောင်ရေး

Dec - 3,10,17,24 / Jan - 7,10,14,17,24 / Feb - 4,7,11,14,18,21,25,28

ဒုတိယအကြိမ် မြောက် တန်ဆောင်တိုင် ခရီးစဉ်
ဖူးဖူးမြားမြား ကျော်သောင်းခရီးသွား
11 - 11 - 2016 မှ 16 - 11 - 2016 အထိ
ဆက်သွယ်ရန် 09 51 55654 / 09 965155654 / 01 253079

ပျောက်ဆုံးကြောင်း

အာရှနဂါး
မြေတိုင်း/ ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

ဦးဝင်းကို B.Com(Q) CPA ACCA
Accounting Gold Medalist
LCCI LEVEL 4
▪ LEVEL 4 (၁)ဘာသာအောင်မြင်ရုံဖြင့်
▪ ACCA - Part (1)(၃)ဘာသာ
Tel: 09 550 7139, 09 511 8648

ဦးအောင်ဟိန်းကျော်
• Translation
အင်္ဂလိပ်စာရေးနည်း
အင်္ဂလိပ်စကားပြော
392468, 09517184

NAY LIN AUNG
FINANCE & ACCOUNTANCY ACADEMY
ACCA APPROVED LEARNING PARTNER Gold
ACCA (UK) Part - II(F5,F7)
(၃)လပြတ် Block သင်တန်း
For March 2017 Exam
Enrol Now

European Technical & Vocational Academy
Ranking မြင့်မားသည့် Lincoln University College
Dual Certification Programme
Myanmar Royal College
လျှပ်စစ်ကျွမ်းကျင်မှုသင်တန်းများ
- Certificate in Electrical Wiring
- Executive Diploma in Electrical
- Certificate in Air-Condition
- Certificate in M&E
Enroll Now!
for OCT Intake
09-456415566
09-777793613
@ Myanmar Campus
FB: myanmarroyalcollege , E-Mail: myanmarroyalcollege@gmail.com.





SCI™
STYLE · CONCEPT · INNOVATION
Cabinet Gallery
Have you found the best deals in Kitchen & Wardrobe ?
ဝါကျွတ်အထူးလက်ဆောင်











Get Free
Rinnai Hood + FAGOR Gas Hob

အမှတ်(၁၃/အေ)၊ ကမ္ဘာအေးဘုရားလမ်း (ဂန္ဓမာလမ်းထောင့်အနီး)၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှေ့၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph : 09 73126362, 01 665467

KONICA MINOLTA
PRINTING SOLUTIONS
မိတ္တူစက် တစ်လုံးဝယ် ၊ All in One တစ်လုံးလက်ဆောင်
သီတင်းကျွတ်အကြိုအထူးအစီအစဉ်
အောက်တိုဘာ ၁ ရက် မှ အောက်တိုဘာ ၃၁ ရက်နေ့အထိ







buy one
Color Copier
bizub C221
print|copy|scan





get one
All in one
B/W Laser printer
print|copy
scan|Fax
PagePro1590MF
FREE





Since 1951 Authorized Distributer
Gandamar
Business Solutions
HOTLINE : 09-253 547 980 | 09-253 547 981


သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

## ကြော်ငြာ


Since 1985
ရေစကြာနန်းရှင်
ကျိုက်ထီးရိုး+ရွှေချောင်းသာ (နေ့စဉ်)
မြဝတီ (ယော့ကြိုး) + ငပလီ (ယော့ကြိုး)
01-392704, 09 73017110
09795066657, 09785066657

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

Mandalar Charm Travels & Tours
( Outbound License No. Pakha-0018 )
၁။ မလေးရှား ပီနန် ၊ ကွာလာလမ်ပူ ၊Genting
ပင်လယ် ၊ တောင် ၊ မြို့ပြ ခရီးစဉ်
ငါးညအိပ် ခြောက်ရက်ခရီး နိုဝင်ဘာ ၂၂-၂၇
4 Star Hotel တည်း Package Price - USD 800
၂။ ထိုင်း ဘန်ကောက် ၊ ပတ္တရား ခရီးစဉ်
သုံးညအိပ် လေးရက်ခရီး နိုဝင်ဘာ ၂၄-၂၇
4 Star Hotel တည်း Package Price - USD 600
၂၂၆ ၊ မြေညီထပ် ၊ ၃၉လမ်း ( အထက် )၊ ရန်ကုန်
ဖုန်း ၀၁-၂၄၂၁၂၉/၀၁-၂၅၆၆၇၂/၀၉-၅၀၄-၅၈၁၉

ကိုဝင်းနိုင်
ရွှေခြင်္သေ့မင်း ကျိုက်ထီးရိုး/ချောင်းသာ (နေ့စဉ်) 09425355758, 09255913926
ထားဝယ်၊ ရှင်ကိုးရှင်၊ မောင်းမကန်၊ ကျိုက္ခမီ၊ စက်စဲ (၅) ရက် Guest-100000
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ်စမ်း၊ ကက္ကူ (၄) ရက် Guest- 70000
စစ်ကိုင်း၊ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်စိမ်း (၃) ရက် Hotel Package- 65000
ပုပ္ပါး၊ ပုဂံ၊ ညောင်ဦး၊ (ရွှယ်တော်လေးဘုရား)၊ ပဒုတ္တူ (၃) ရက် Hotel Package- 65000
(သောကြာသွားတနင်္လာနံနက်ပြန်ရောက် ဂိုးခွင့်ယူရန်မလို)

နှင်းဆီနီပွင့်ဖတ်ပေါ်က
ပျားရည်တစ်စက်နှင့် အရိမဒ္ဒန
စာရေးသူ - မသက်ဇင်
ထွက်ပြီ
ရန်ကုန်မြို့နှင့် အခြားမြို့များရှိစာအုပ်ဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။
ဖြန့်ချိရေး- ဂန္ဓဝင်ပညာအိမ်စာအုပ်တိုက်

မြန်မာကော်ဇော-ကုမ္ပဏီ
* ခန်းဆီးလိုက်ကာပိတ် နှင့် Blinds မျိုးစုံချုပ်လုပ်ခြင်း။
* လိုက်ကာတန်း မျိုးစုံတပ်ဆင်ခြင်း
* Sofa, Cushion ဒီဇိုင်းမျိုးစုံ ချုပ်လုပ်ခြင်းနှင့် ပြုပြင်ခြင်း။
* မွေ့ရာ အမျိုးမျိုးရောင်းချခြင်းနှင့်ပြုပြင်ခြင်း
* ခန်းဆီးလိုက်ကာ ပိတ်စများကို လက်လီ/လက်ကား ရရှိနိုင်ပါသည်။
အမှတ်-(၁၂၀)၊ မဟာဗန္ဓုလလမ်းနှင့် (၅၇)လမ်းထိပ်၊ ရန်ကုန်မြို့။
Ph: 291317/202921/09-8627489

Since 1860
Armstrong FLOORING
၆ နှစ် ကြာလည်း "အသစ်အတိုင်း" ဖြစ်စေမည့်
Commercial Vinyl Floor





မူလအစ
သုံးစွဲမှုကြောင့် မှေးမှိန်
Waxing ကြောင့် မူလအတိုင်း ပြန်လည်သစ်လွင်
Free Wax ၃နှစ် (ပစ္စည်း+လက်ခ)
Free Wax ၆နှစ် (ပစ္စည်း Discount + လက်ခ Free)
* Project site များအတွက် Wax Training FREE!
သီတင်းကျွတ်ပွဲတော် ကာလ အထူး
ဝယ်သူတိုင်း အကျိုးခံစားခွင့်ရှိတဲ့ Member Card အထူးအစီအစဉ်
Marketed by: Home Distribution Group
Building - N , Room No. (33,34) သိရိရတနာ လက်ကားဈေး၊ သုဝဏ္ဏလမ်း၊ အောင်မင်္ဂလာ အဝေးပြေး ကားဝင်းအနီးမြောက်ဥက္ကလာပ၊
09 79 700 70 88
09 79 700 70 99

PUN HLAING SILOAM HOSPITALS
ခွဲစိတ်ကုသမှု ခံယူရန်လိုအပ်သည့်
နှလုံးရောဂါဝေဒနာရှင်များအတွက် ယုံကြည်စိတ်ချနိုင်သည့်
ကျန်းမာရေးစောင့်ရှောက်မှု





အသိပညာ၊ ကျွမ်းကျင်မှုနှင့်
စိတ်ချယုံကြည်ရသော
နိုင်ငံတကာအသိအမှတ်ပြု
ကုသမှုနည်းစနစ်များကို
ကျွန်ုပ်တို့နိုင်ငံသားများအတွက်
ယူဆောင်လာပါပြီ

Dr G Rama Subramanyam
MBBS, MS (General Sugery)
M.Ch (Cardiothoracic Surgery)

နှလုံးအဆို့ရှင် အစားထိုးခြင်း၊ နှလုံးသွေးကြောကျဉ်းရောဂါအတွက်
သွေးကြောအစားထိုးခွဲစိတ်ကုသခြင်း စသည့်
နှလုံးနှင့် သွေးကြောဆိုင်ရာ ခွဲစိတ်ကုသမှုအမျိုးမျိုးတို့ကို
အကောင်းဆုံးအဖြေရှာကုသမှုပေးရန်
အိန္ဒိယနိုင်ငံမှ ဆရာဝန်ကြီးနှင့်
အောက်တိုဘာလ ၂၂-၂၃ ရက် များတွင် ပန်းလှိုင်စီလုံဆေးရုံကြီး၌ပြသနိုင်ပါပြီ။
ဆက်သွယ်စာရင်းပေးသွင်းရန် - ၀၁-၆၈၄၄ ၃၃
နံနက် (၈:၀၀) နာရီမှ ညနေ (၅:၀၀) နာရီအတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။
www.punhlaingsiloamhospitals.com
LIKE US ON facebook Pun Hlaing Siloam Hospitals

ASABA (JAPAN)
"အရည်အသွေးမြင့်ပြီး တာရှည်အသုံးခံသောဂျပန်နိုင်ငံမှထုတ်လုပ်သည့်
အမှတ်တံဆိပ်လယ်ယာသုံး အထောက်အကူပြုပစ္စည်းများကို
သင့်လယ်ယာလုပ်ငန်းခွင်တွင် ဂုဏ်ယူစွာဖြင့်သုံးစွဲကြပါစို့"





AK-2700W(4-Stroke) ဂျပန် မြက်ရိတ်စက်
EP-200W4 ဂျပန် ဆေးဖျန်းစက်
SP-15B ဂျပန် ဆေးဖျန်းပုံး
SA-25Z ဂျပန် မြေဩဇာကြဲစက်
SN-8 ဂျပန် ပဲကြဲစက်
AK-2600W(2-Stroke) ဂျပန် မြက်ရိတ်စက်
Distributed by
VSK INTERNATIONAL CO.,LTD.
No.(47/49),Phone Gyi Street, Lanmadaw Township,Yangon
No.(A-8G) Between 31 st x 32 st , 77 Street , Mandalay
YGN Ph- 01-2303013, 01-2303014, 01-225648,Ext-2 / MDY Ph- 02-21279, 02-30791-5

# သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)အခမ်းအနားများ ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရား၊ စေတီများ၌ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၆**

"ဝါဆိုကင်းလွတ် သီတင်းကျွတ်" တွင် ဝါကျွတ်ပွဲတော်ကျင်းပလေ့ရှိသည်။ ဘုရားရှင်၏ ပညတ်တော်အရ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် ပုရိမ ဝါဆိုတော်မူကြသော သံဃာတော်များ သီတင်းကျွတ်လပြည့်နေ့တွင် ဝါဆိုသည့် ကာလကုန်ဆုံးကာ မိမိတို့ ကျောင်းအရပ်အတွင်း၌သာ သီတင်းသုံးနေထိုင်ခြင်းမှ လွတ်မြောက်သည်။ ထို့ကြောင့် သီတင်းကျွတ်လဟု ခေါ်ဆိုသကဲ့သို့ သံဃာတော်များ ဝါဆိုဝါကပ်ခြင်းမှ ကျွတ်လွတ်ပြီး မီးထွန်းပွဲတော်ကျင်းပခြင်းကြောင့် ဝါကျွတ်ပွဲတော်ဟုလည်း ခေါ်ဆိုကြသည်။

မဟာသက္ကရာဇ် ၁၀၉ ခုနှစ် ဝါဆိုလပြည့်နေ့ ညနေပိုင်းတွင် သာဝတ္ထိပြည်တွင် ဂေါတမမြတ်စွာဘုရားသည် တိတ္ထိတို့ကို နှိမ်နင်းတော်မူရန် ရေအစုံ မီးအစုံ ယမိုက်ပြာဋိဟာကို ပြတော်မူပြီး တာဝတိံသာနတ်ပြည်သို့ ကြွတော်မူကာ သတ္တမ ဝါကပ်တော်မူသည်။

တာဝတိံသာနတ်ပြည်၌ သန္တုသိတမည်သော မယ်တော်မိနတ်သားကို အမှူးထားကာ နတ်ဗြဟ္မာတို့အား ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားတော်ကို ဟောတော်မူခဲ့ရာ သီတင်းကျွတ်လပြည့်နေ့၌ အဘိဓမ္မာတရား ဟောကြား၍ ပြီးဆုံးတော်မူသည်။ ထိုနေ့တွင်ပင် မြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့သက်ဆင်းရာ သိကြားမင်းဖန်ဆင်းပေးသော ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းတို့မှ မြတ်စွာဘုရားသည် ရောင်ခြည်တော်ခြောက်သွယ်ဖြင့် တင့်တယ်စွာ အလယ်၌ရှိသော ပတ္တမြားစောင်းတန်းဖြင့်ဆင်းသက်ရာ နတ်အပေါင်းက လက်ယာဘက် ရွှေစောင်းတန်းဖြင့် လည်ကောင်း၊ ဗြဟ္မာကြီးအပေါင်းက လက်ဝဲဘက် ငွေစောင်းတန်းဖြင့် လည်းကောင်း **စာမျက်နှာ ၇ ကော်လံ ၁ သို့** ✱



သီတင်းကျွတ်လပြည့်နေ့ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

# သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့) မန္တလေးမြို့ ဘုရားကျောင်းကန်များ၌ ဘုရားဖူးများဖြင့် စည်ကားများပြား

**မန္တလေး အောက်တိုဘာ ၁၆**

၁၃၇၈ ခုနှစ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) တွင် မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများဖြစ်သည့် မဟာမုနိဘုရားကြီး၊ ကျောက်တော်ကြီး ကုသိုလ်တော်၊ စန္ဒာမုနိ၊ ရွှေကြီးမြင် အိမ်တော်ရာ၊ ဝေရောစနကျောက်စိမ်းစေတီ၊ သကျသီဟအောင်တော်မူ အစရှိသည့် ဘုရားများတွင် နံနက်အရုဏ်တက်ချိန်မှ စတင်ပြီး ဘုရားဖူးများဖြင့် စည်ကားများပြားလျက်ရှိကြောင်း တွေ့ရသည်။

အလားတူ မန္တလေးတောင်၊ ရန်ကင်းတောင်နှင့် တောင်သမန် ဦးပိန်တံတားတို့သို့ သွားရောက်လည်ပတ်သူများလည်းများပြားကြောင်း **စာမျက်နှာ ၇ ကော်လံ ၃ သို့** ✱



သီတင်းကျွတ်လပြည့်နေ့တွင် မန္တလေး မဟာမုနိဘုရားကြီးရင်ပြင်တော်၌ ရခိုင်မောင်မယ် တံမြက်စည်းလှည်းအသင်း (မန္တလေး)က (၁၂)ကြိမ်မြောက် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ကြစဉ်။ ဓာတ်ပုံ-တင်မောင်(မန်းကိုယ်ပွား)

# နေပြည်တော်ရှိ ဘုရား၊ စေတီ၊ ဘုန်းကြီးကျောင်းများ၌ ကုသိုလ်ဘာဝနာပွားများသူများ စည်ကားများပြား

**နေပြည်တော် အောက်တိုဘာ ၁၆**

ယနေ့သည် သီတင်းကျွတ်လပြည့်နေ့ဖြစ်သည့်အတွက် ဗုဒ္ဓဘာသာဝင်တို့ အနေဖြင့် ကုသိုလ်ပွားများခြင်းကို နံနက်အရုဏ်တက်မှစတင်ပြုလုပ်ကြရာ နေပြည်တော်ဝန်ထမ်းအိမ်ရာများနှင့် နေပြည်တော်ကောင်စီနယ်မြေ ရပ်ကွက်များရှိဘုရားများ၊ ဘုန်းကြီးကျောင်းများ၊ နေအိမ်များတွင် ဘုရားဝတ်ပြုသံများ၊ တရားဦးဓမ္မစကြာ၊ ပရိတ်တရားများနှင့် ပဋ္ဌာန်းဒေသနာတော် ရွတ်ပွားပူဇော်ကြသည့် ကုသိုလ်ပွားများမှုများကို ဆောင်ရွက်ကြသည်။

ထိုသို့ ကုသိုလ်ပွားများကြရာတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ အဌမအကြိမ် အဘိဓမ္မာအခါတော်နေ့နှင့် (၈၂)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါစေတီတော်လိုဏ်တော်အတွင်း၌ ကျင်းပရာ စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ လယ်ဝေးမြို့ ဘုရားကြီးကျောင်းတိုက် ပဓာနနာယက ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ အရိယဝံသထံမှ ညွှေ့ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကို နာယူပူဇော်ကြသည်။

အလားတူ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ရန်အောင်မြင် ရွှေလက်လှစေတီတော်၊ **စာမျက်နှာ ၇ ကော်လံ ၃ သို့** ○

